# ဗုဒ္ဓ ၏ အနန္တမဟာဗျူဟာ

THE GREAT STRATEGY OF LORD BUDDHA.



၉၂

အသျှင်သုဝဏ္ဏာသီရိ

# ဗုဒ္ဓ၏အနတ္တ



# ဟောဗျူဟာ



၁၅၄၂၉

# ဗုဒ္ဓ
# ၏
# အနန္တမဟာဗျူဟာ

# THE GREAT STRATEGY
# OF LORD BUDDHA

အသျှင်သုဝဏ္ဏသီရိ

# ပုံနှိပ်မှတ်တမ်း

ဗုဒ္ဓ၏အနန္တမဟာဝဇ္ဇူပဟာ

ပထမအကြိမ်

စာပေစိစစ်ရေးဆိုင်ရာ ခွင့်ပြုချက် (၂၉၁)
မျက်နှာဖုံးဆိုင်ရာခွင့်ပြုချက် (၂၉၃)

| | |
|---|---|
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေနှစ် | ၁၉၇၂ ခု၊ မတ်လ |
| မျက်နှာဖုံးပန်းချီ | ကိုမောင် |
| အတွင်းကွက် | ကဝိရတနာ |
| စာအုပ်ချုပ် | မိဘမေတ္တာ |

တန်ဖိုး ၈ ကျပ်

ထုတ်ဝေသူ။ ။ဒေါ်ချင် သုဝဏ္ဏသိဒ္ဓိ(၁၁၆)၊ ၃၅၈၊ သိဒ္ဓိမြင့်ခြင်း ဂျိုကီစုံဘုရားလမ်း၊ အောင်မင်္ဂလာ လမ်းသွယ် ရန်ကုန်က ကာလပတ်ခွင့်အမှတ် (၁၁၆) အရထုတ်ဝေပါသည်။

ပုံနှိပ်သူ။ ။ဦးမောင်မောင်လွင် (၀၂၃၅၁) ကဝိရတနာပုံနှိပ်တိုက်၊ ၂၀၄၊ လမ်း ၃၀ ရန်ကုန်။

ဖြန့်ချိရေး။ ။ကဝိရတနာစာပေ၊ ၂၀၄၊ လမ်း ၃၀၊ ရန်ကုန်မြို့။ ဖုန်း (၈၂၇၁၉)။

# အမှာစကား

ယခုတင်ပြမည်ဖြစ်သော စာတမ်းသည် ဗုဒ္ဓဝါဒီများနှင့် အခြားဗုဒ္ဓဝါဒကို လေ့လာနေကြသော ဘာသာရေးသုတေသီများအတွက် ကောင်းမြတ်သောစေတနာရှေ့သွားဖြင့် ရေးသားတင်ပြလိုက်သော သာသနာပြုစာတမ်းတစောင် ဖြစ်ပါသည်။ ယင်း စာ တမ်း တွင် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကို ကြည်ညိုလေးစားသောအားဖြင့် ဉာဏ်တော်၏ကွန့်မြူးပုံ၊ ဆွဲဆောင်ပုံတို့ကို သရုပ်ဖော်ရာ၌ လောကစစ်ဆင်ရေးနှင့် ပမာပြုရေးသားတင်ပြထားသဖြင့် စာတမ်း၏အမည်ကို '(ဗုဒ္ဓ၏ အနုတ္တမဟာဗျူဟာ)' 'The Great Strategy of Lord Buddha' ဟု အမည်ပေးလိုက်ပါသည်။

ယင်းစာတမ်းတွင် ညောင်လေးပင်တောရဆရာတော်ကြီးပြုစုရေးသား၍၊ သုဓမ္မဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ချိအပ်သော 'ဓမ္မပဒ ဝတ္ထုတော်ကြီး' ကျမ်းဝင်စာအုပ်လေးအုပ်မှ လျော်ကန့်

၄၉၁၅

သင့်မြတ်သော၊ 'ဒါနကထာ' နှင့် စပ်သော ဝတ္ထုလေးပုဒ်၊ " သီလကထာ " နှင့် စပ် သော ဝတ္ထု လေးပုဒ်၊ 'သဂ္ဂကထာ' နှင့် စပ်သော ဝတ္ထုနှစ်ပုဒ်၊ 'မဂ္ဂ ကထာ နှင့် ကာမာဒီနဝ ကထာ' နှင့် စပ်သော ဝတ္ထုသုံးပုဒ်ပေါင်း တဆယ့်သုံးပုဒ်တို့ကို၊ ပါဠိလျှောက်ပြန်ဆိုရေးသားအပ်သော မူကိုမှီး၍၊ မြန်မာစကားပြေဖြင့် ရေး၍ တင်ပြလိုက်ပါသည်။

နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ခဲ့သောက အဖြစ်အပျက်ဝတ္ထုသာဓကများကို တင်ပြရခြင်းမှာ၊ ယင်း ဝတ္ထုသာဓကများမှာ လွန်စွာ သဘာဝကျသည့်အပြင် ယခုတိုင်မရိုးသေးရကား၊ ဆရာ့ဆရာ သဲ့သက်သာများက အလေးပေးဟောကြားနေကြသည်ကာဘကြောင်း၊ မိရိုးဖလာဗုဒ္ဓါဒီတို့ကလည်း ယင်းကဲ့သို့သော 'ဗုဒ္ဓဝစန' ဗုဒ္ဓမြတ်စွာ၏ စကားတော်များကို စာအုပ်ကြီးများမှ မထုတ်ပြနိုင်ပါလျှင် ခိုင်လုံမှုမရှိဟု ခံယူသွားကြခြင်း စသောအကြောင်းများကြောင့် ယင်းဝတ္ထုကြောင်းများကို သက်သေခံသား၍ မိမိရည်ရွယ်ချက်ကို မရောက်ရောက်အောင် တင်ပြရသည့်အပြင်၊ ဗုဒ္ဓဝါဒီတိုင်းနှစ်သက်မြတ်နိုးအပ်သော ဒါန, သီလ, သမထ, ဝိပဿနာ ဗုဒ္ဓဝါဒလမ်းစဉ်များ၏ လေးလေးနက်နက် စဉ်းစားစရာ အချက်အလက်များကို ဖော်ထုတ်သိုက်ချခြင်း ဖြစ်ပါသည်။

ယင်းသို့ဖော်ထုတ်ရာ၌၊ စာရေးသူ၏မူရင်းစေတနာမှာ—ဘာသာရေးသုတေသီဟူသမျှ လူချီးမခွေး၊ ဘာသာမရွေးဗုဒ္ဓဝါဒကို အဘွင်းကျကျလေ့လာစေလိုခြင်း။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသော ဗုဒ္ဓဝါဒီများကိုလည်း မိမိတို့အယူအဆနှင့် ယခုတင်ပြသောအချက်အလက်များကို အပြိုင်သဘောဖြင့် ဝေဖန်

သုံးသပ် အမြွတ်ထုတ်ရန်သာဖြစ်သည်။ ယခုတင်ပြအပ်သော စာတမ်းသည် အပေါ်ယံအနေနှင့် လေ့လာပါလျှင် ရေးသား တင်ပြသူ၏ လိုရင်းသဘောရေးကို ထုတ်ဖော်နိုင်မည်မဟုတ်ပေ။ သေချာဂရု အဖန်ဖန်သုံးသပ်မှသာ အမှားအမှန်နှင့်စာတမ်း၏ အနှစ်သာရကို ထိထိမိမိတွေ့ရပေမည်။

ဤစာတမ်း၏နောက်ပိုင်းတွင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို ရှင်းလင်းရာ၌၊ လိုရင်းကိုသာ အဓိကထား၍ တင်ပြလိုက်ပါသည်။ ယင်းသဘာဝဓမ္မများမှာ လွန်စွာမှ ကျယ်ဝန်းလှပါသည်။ ပိဋကတ်တော်လာအတိုင်း စာအုပ်ကြီးများမှ ထုတ်ယူတင်ပြရပါလျှင် ကျမ်းကြီးတစောင် ကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ယခုစာတမ်း၏ရည်ရွယ်ချက်မှာလည်း ဤမျှလောက် ကျယ်ကျယ်ဝန်းဝန်း တင်ပြရန်မလိုအပ်သဖြင့် အကျဉ်းချုံး၍ တင်ပြလိုက်ခြင်းကို စာဖတ်ပရိသတ်တို့ ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

(ဓမ္မကို ဓမ္မအတိုင်း မြင်နိုင်ကြပါစေသော်)

# မာတိကာ

'ပါဝင်သည့် အကြောင်းအရာများမှာ'


၁။ ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော် 'ဓမ္မသင်္ဂဏီကျမ်း'
၏ ကျမ်းဦးမှတ်စဖွယ်မှ—ဗုဒ္ဓ၏စစ်ဆင်ရေး ဥပမာ ၁၉

၂။ ပုဗ္ဗာရုံကျောင်း ဒါယိကာမကြီး ဝိသာခါဝတ္ထု။ ၂၈

၃။ သုဇ္ဇကောသာဠကာ ပုဏ္ဏားကြီးဝတ္ထု။ ၃၂

၄။ လာဇာနတ်သမီးဝတ္ထု။ ၃၇

၅။ ရောဟိဏီ မင်းသမီးဝတ္ထု။ ၄၀

၆။ ဝက်ပြိတ္တာ ဝတ္ထု။ ၄၅

၇။ ကာဠီ ဘီလူးမ ဝတ္ထု။ ၅၂

၈။ ကပိလငါး ဝတ္ထု။ ၅၇

၉။ စုန္ဒ ဝက်သတ်သမား ဝတ္ထု။ ၆၂

၁၀။ ပတိပူဇိကာ သတို့သမီး ဝတ္ထု။ ၆၅

၁၁။ နန္ဒိယ ဝတ္ထု။ ၇၀

၁၂။ ကိသာဂေါတမီ ထေရီမ ဝတ္ထု။ ၇၅

၁၃။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီ ဝတ္ထု။ ၈၀

၁၄။ စက္ခုပါလမထေရ် ဝတ္ထု။ ၈၆

၁၅။ ဝတ္ထုကြောင်းများကို နှိုင်းနှောစေ့စပ်ခြင်း။ ၉၇

၁၆။ တထာငါးမျိုးကို ရှင်းလင်းချက်။ ၁၀၂

| | | |
|---|---|---|
| ၁၇။ | တောလေးဆယ်နှင့် အနုမြူလက်နက်။ | ၁၂၀ |
| ၁၈။ | အတ္တ ဒတ္တ မထေရ် ဝတ္ထု။ | ၁၃၆ |
| ၁၉။ | အနတ္တ သာသနာ။ | ၁၄၀ |
| ၂၀။ | ကြောင်ပန်းဆရာတော်ကြီး၏ အနတ္တဂါထာနှင့် လင်္ကာစာသား။ | ၁၄၂ |
| ၂၁။ | နိဂုံး။ | ၁၄၄ |

ဗုဒ္ဓမြတ်စွာသည် အရဟတ္တမဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ကို စဆုံးကုန်စင်သိမြင်တော်မူပြီးသည့်နောက်၊ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သတ္တဝါဝေနေယျတို့ကို ဆင်းရဲခြင်း ဝဋ်အပေါင်းမှ မိမိကဲ့သို့ လွတ်မြောက်စေခြင်းငှာ သက်တော် (၃၅) နှစ်မှ သက်တော်(၈၀)အထိ(၄၅)နှစ်တို့ကာလပတ်လုံး မနားမနေ နေ့ညဉ့်မပြတ် အဆုံးအမလမ်းစဉ်ကြီးကို ဖြောင့်မတ်စင်ကြယ်စွာ ချမှတ်တော်မူခဲ့ရာဝယ်၊ အဓိကရန်သူဖြစ်သော "ကိလေသာ"(သတ္တဝါတို့အား အမြဲမပြတ် နှိပ်စက်တတ်သော) "လောဘ၊ ဒေါသ၊ မောဟ"တို့ကို ဖြိုခွင်းနိုင်ရန် စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဦးတည်တိုက်ခိုက်စေတော်မူခဲ့ပေသည်။ ယင်းစစ်ကြောင်းများမှာ 'ဒါနစစ်ကြောင်း' ပေးကမ်းစွန့်ကြဲ လှူဒါန်းမှု၊ "သီလစစ်ကြောင်း"ရှောင်ရန်ဆောင်ရန်နှင့် မကောင်းမှုတို့ကို တွန်းလှန်မှု၊ "သမာဓိစစ်ကြောင်း"စိတ်ကိုတည်တံ့ခိုင်မာအောင် လေ့ကျင့်မှု၊ 'ပညာစစ်ကြောင်း' အမှားအမှန်ကို ဖော်ထုတ်နိုင်

အောင် ကြိုးစားမှု၊ 'မဂ္ဂစစ်ကြောင်း' အမှားကိုပယ်၍ အမှန်လမ်းကြောင်းပေါ်သို့ ရောက်အောင် ပို့ဆောင်မှုတို့ပင်ဖြစ်ကြသည်။

ပြဆိုခဲ့သောစစ်ကြောင်းကြီး ငါးကြောင်းတို့တွင် ပထမစစ်ကြောင်းဖြစ်သော 'ဒါနစစ်ကြောင်း'ကို လေ့လာပါလျှင်၊ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်သည် မည်မျှသောက်ထူးကဲထက်မြက်သည်ကို နောက်ပိုင်းတွင် ဦးနှောက် အသင်းပေါက်သလောက် ကြိုးစားဘင်ပြသွားပါမည်။

မတင်ပြမီ ဤနေရာ၌ 'ဆင္ဃသံဂါယနာ' တွင် လက်ခံစိစစ်ထားအပ်သော 'ဓမ္မသင်္ဂဏီ' ပါဠိတော်မြန်မာပြန်မှ ကျမ်းဦးမှတ်ဖွယ် စာဘမ်းမှ သက်ဆိုင်ရာ ကောက်နုတ်၍ (သေနင်ဗျူဟာ)အပိုင်းကို တင်ပြပါဦးအံ့။

* * *

## ကျမ်းဦးမှတ်ဖွယ်မှူရင်း

### မဟာကုသိုလ်စိတ်တခု ဖြစ်ပေါ်ရန် ခဲယဉ်းလှပုံ

ဤနေရာ၌ မဟာကုသိုလ်စိတ်တခု ဖြစ်ပေါ်လာပုံကို ဥပမာ၊ ဥပမေယျတို့ဖြင့် တန်ဆာဆင်၍ တင်ပြပါအံ့။ ဤသို့ တင်ပြရခြင်းအားဖြင့် ဤဓမ္မသင်္ဂဏီ နိဒါန်းသည် အဘိဓမ္မာသုတေသီ ပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို ထက်မြက် ကြည်လင်စေမည့်အပြင် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အနန္တဉာဏ်တော်ကို လိုက်လိုက်လှဲလှဲ ကြည်ညိုစေနိုင်မည်ဖြစ်ပါသည်။

မြတ်စွာဘုရားသည်(ဗုဒ္ဓမြတ်စွာသည်)မဟာကုသိုလ်စိတ်တခုဖြစ်ပေါ်ရန် တပ်ပေါင်း(၁၇)တပ်တို့ဖြင့်ခြံရံ၍ ပြထားတော်မူသည်။ အကုသိုလ်တပ်မတော်ကြီးကို ဘော်လှန်ဆင်နွှဲသောအခါ ဤတပ်မကြီး(၁၇)တပ်တို့ဖြင့် ချီတက်တိုက်ခိုက်ရ

ပုံကို သတ္တဝါအများအား သိစေချင်သည်။ အကုသိုလ်သူပုန်ကို တော်လှန်ရေး ဆင်နွှဲရန် ခက်ခဲပုံကိုလည်း သိစေချင်သည်။ အကုသိုလ်တပ်သားတို့သည် အုပ်ချုပ်ရေး၌ အလွန်လိမ္မာပါး နပ်လှသည်၊ နည်းပရိယာယ်ကြွယ်ဝလှသည်၊ ကြွယ်ဝပုံကား-

(က) လောကီ ကာမဂုဏ် လိုက်စားသော ကမ္ဘာသူ ကမ္ဘာသားတို့သည် အကုသိုလ် 'လောဘ' တပ်သားများ၏ နည်း ပရိယာယ်အတွင်း၌ သက်ဆင်းကြရသည်၊ အကုသိုလ် သူပုန်တို့ သည် 'လောဘပြည်ထောင်စုကြီးအတွင်းမှာပင်' 'ဒိဋ္ဌိပြည်နယ်' 'မာနပြည်နယ်'ဟု သီးခြားပြည်နယ်များကို ဖန်တီးပြန်သည်။ (လောဘမူစိတ်၌ ဒိဋ္ဌိ၊ မာန အတူတကွ မယှဉ်သည်ကို သတိပြုပါ)။

(ခ) 'လောဘ' သူပုန်တပ်သားတို့သည် အာဏာမက်သည်၊ ငွေညီးဥစ္စာမက်သည်၊ သစ္စာဖောက်သူများ ဖြစ်ကြသည်။ သံသရာ နယ်ချဲ့သမားတို့၏ အလိုတော်ရိများ ဖြစ်ကြသည်။ စသော ကြွေးကြော်သံအမျိုးမျိုးတို့ဖြင့် 'လောဘ'တပ်ကို တော်လှန်ကြသော ကမ္ဘာသူ ကမ္ဘာသားတို့အား အကုသိုလ်သူပုန်တို့သည် 'ဒေါသ ပြည်နယ်တခုကို တည်ထောင်၍' 'ဒေါသ'တပ်ဖြင့် တိုက်ခိုက်စေသည်။ ဒေါသပြည်နယ် အတွင်းတွင်လည်း တကိုယ်ကောင်းကိုယ်ကျိုးရှာသမား၊ ဝန်တိုသူ၊ မစ္ဆရိယတိုင်းသူ ပြည်သားနှင့် သူတပါး၏ စည်းစိမ်ဥစ္စာအကျိုးဟူသမျှကို ဖျက်လို ဖျက်ဆီး မရှုစိမ့်မနာလိုသူ ကုက္ကုစ္စတိုင်းသူပြည်သားတို့အား သွေး

ခွဲစနစ်ဖြင့် အချင်းချင်းတိုက်ခိုက်စေ၍ ထက်ခြမ်းကွဲအောင် ဖန်တီးပေးထားသည်။ (ဒေါသမူစိတ်၌ဂုဏ္ဍာနှင့်မစ္ဆရိယ အတူ တကွ မယှဉ်သည်ကို သတိပြုပါ)။

(ဂ) လောဘသူပုန်တပ်ကြီး၊ ဒေါသသူပုန်တပ်ကြီးတို့ ဖြင့်စည်းရုံး၍ မရသဖြင့် မည်သည့်အယူဝါဒ၊ မည်သည့်စနစ် မျိုးကိုမှ ကောင်းသည်၊ မကောင်းသည်ဟု မခွဲခြားနိုင်သော ကမ္ဘာသူ ကမ္ဘာသားတို့အားလည်း 'ဝိစိကိစ္ဆာ' ပြည်နယ်တခု ဖန်တီးပေထားပြန်လေသည်။

(ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ စိတ်တခု၌သာ ယှဉ်သည်ကို သတိပြုပါ)။

အကျဉ်းချုပ်မှာ-

(၁) အကုသိုလ်အစိုးရသည် လောဘ ပြည်ထောင်စု နှင့် ဒေါသပြည်ထောင်စု နှစ်စုခွဲကာ အချင်း ချင်းတိုက်ခိုက်စေသည်။

(၂) လောဘပြည်ထောင်စု အတွင်း၌လည်း ဒိဋ္ဌိ အုပ်စု၊ မာနအုပ်စု နှစ်စုခွဲကာအချင်းချင်းတိုက် ခိုက်စေသည်။

(၃) ဒေါသ ပြည်ထောင်စုအတွင်း၌လည်း ဣဿာ အုပ်စု၊ မစ္ဆရိယ အုပ်စုခွဲကာ အချင်းချင်းတိုက် ခိုက်စေသည်။

၁၅၈၂၉

(ဃ) 'မောဟ'သည် အကုသိုလ်အားလုံးနှင့် ဆက်ဆံသည်ဆိုရသော်လည်း မောဟ၏အသင်းဝင်ဖြစ်သော ဝိစိကိစ္ဆာက မည်သည့် အကုသိုလ်အုပ်စုနှင့်မှ မဆက်ဆံပဲ တဦးတည်းခွဲထွက်ကာ တိုက်ခိုက်နေသည်။ကမ္ဘာသူ ကမ္ဘာသားတို့သည် ဤမျှနည်းပရိယာယ် များလှသော အကုသိုလ် သူပုန်၏ လက်အောက်မှ လုံးဝလွတ်မြောက်ရန် ခဲယဉ်းလေစွတကား၊ ဗုဒ္ဓမြတ်စွာမှတပါး အကုသိုလ်အစိုးရကို တော်လှန် ဆင်နွှဲခဲ့ကြကုန်သော ခေတ်အမျိုးမျိုးတို့၌ ကျော်ကြားခဲ့ကြကုန်သော တော်လှန်ရေးခေါင်းဆောင်ကြီးတို့သည် အကုသိုလ်သူပုန်၏ နည်းပရိယာယ်အတွင်း၌ တနည်းမဟုတ် တနည်းဖြင့် မရှုမလှကျဆုံးခဲ့ရရှာကြသည်။

(င) ဗုဒ္ဓမြတ်စွာ ကိုယ်တော်မြတ်ကြီးသည်ကား အကုသိုလ်သူပုန်ကို တော်လှန်ရန် အကုသိုလ်သူပုန် သွေးခွဲစနစ်ဖြင့် အုပ်စုဖွဲ့ကာ အချင်းချင်းတိုက်ခိုက်စေသော စစ်ဆင်ရေးနည်းပရိယာယ်များကိုပြည့်စုံစွာ သိအောင် လေ့လာတော်မူသည်။ အကုသိုလ်သူပုန်၏ သူလျှိုများကို အကြွင်းအကျန်မရှိ သိအောင် လေ့လာတော်မူသည်။ ထိုသို့သိရှိပြီးသောအခါမှ တော်လှန်ရေးအောင်ပွဲကို ရရန်ကိုယ်တော်တိုင် ဆင်နွှဲတော်မူသည်။ ကိုယ်တော်တိုင်ဆင်နွှဲခဲ့သော တော်လှန်ရေးလမ်းစဉ် အဆင့်ဆင့်ကို ဤခမ္မသင်္ဂဏီကျမ်း၌ ချပြတော်မူခဲ့သည်။

တော်လှန်ရေးလမ်းစဉ်တိုက်ပွဲအဆင့်ဆင့်များကား။ ။

(၁) ကာမာဝစရတိုက်ပွဲ၊
(၂) ရူပါဝစရတိုက်ပွဲ၊
(၃) အရူပါဝစရတိုက်ပွဲ၊
(၄) လောကုတ္တရာတိုက်ပွဲများ ဖြစ်ကြသည်။

(၁) ကာမာဝစရ တိုက်ပွဲစစ်ဆင်ရေးကို သိလိုပါက ဤကာမာဝစရကုသိုလ်ပထမစိတ်နှင့်စေတသိက်တို့ဖြစ်ပေါ်လာပုံကို ပြဆိုသောအခန်းကို လေးလေးနက်နက် လေ့လာရပေမည်။

ဤအခန်းကိုလေ့လာသောအခါ ရှေးဦးစွာ 'ဖဿပဥ္စမက' တပ်မနှင့် 'ဈာန'တပ်မနှင့်ကို တွေ့နိုင်သည်။ ဤတပ်မနှစ်ခု၌ ပါဝင်သောတပ်သားတို့ကို လေ့လာစိစစ်လျှင် ယင်းတို့သည် အကုသိုလ်သူပုန်ဘက်အောက်၌လည်း ပါဝင် အမှုထမ်းခဲ့သော တပ်သားတို့ဖြစ်ကြသည်ကို 'သင်္ဂြိုဟ်' လေ့လာဖူးသူတိုင်း သိရှိနိုင်သည်။ ယင်းတို့ကို 'အဘိဓမ္မာ' ဆရာတို့က နှစ်ဘက်ရစေတသိက် 'အညသမာန' ဟု အမည်ပေးကြသည်။

ဤတပ်မနှင့်ခုကို တွေ့ရသဖြင့် စစ်ဆင်ရေး နည်းပရိယာယ်၌ အတုမရှိထူးခြားတော်မူသော ဗုဒ္ဓမြတ်စွာ၏ 'သဗ္ဗညုတ' ဉာဏ်တော်ကို ကြည်ညိုလာမည်၊ အကုသိုလ် သောင်းကျန်းသူတို့ကား ရက်စက်ကြမ်းကြုတ်လှသည်၊ ပရိယာယ်မာယာ များလှ

သည်။ သူလျှိုတွေကလည်း နေရာအကာမှာရှိနေသည်၊ ကင်းတွေကလည်း နေရာမလပ် အသပ်ထပ်ချထားသည်။ ဤချခက်ခဲလှသော အကုသိုလ်ဘပ်မကို ထွင်းဖောက်နိုင်ရန်၊ အကုသိုလ်ဘပ်သားဘို့နှင့် ခွဲ၍မရသော 'ဖဿာဥ္စခါ' တပ်နှင့် 'စျာန' တပ်မဘို့ကို သူလျှိုနည်းဖြင့် ချီဘက်တိုက်ခိုက်စေသည်။

(က) 'ဖဿာဥ္စခါ' တပ်သားတို့သည် ကုသိုလ်တပ်သားတို့ဝင်လာနိုင်အောင် လိုက်လျောသည့် အခြေအနေကို ဖန်တီးပေးကြသည်။

(ခ) 'စျာန' တပ်သားတို့က အကုသိုလ်နယ်ပယ်၌ နေရာရအောင်စူးစူးစိုက်စိုက် ရှာဖွေကြိုးစားကြသည်။ အကုသိုလ်အဆောက်အဦတို့ကို ရှို့မြိုက်မီးတိုက် ဖျက်ဆီးကြသည်။

(ဂ) ထိုသို့အကုသိုလ်ဘပ်သားတို့ကို ရှင်းလင်းပြီးသောအခါ၊ အုပ်ချုပ်ရေးဆိုင်ရာ 'ဣန္ဒြိယ' တပ်သားတို့က ချီဘက်၍ရရှိသိမ်းပိုက်ထားသောနယ်ပယ်များကို အစိုးတရ ပိုင်ပိုင်နိုင်နိုင်အုပ်ချုပ်လေသည်။

(ဃ) ထိုသို့အစိုးတရအုပ်ချုပ်ပြီးသောအခါ နည်းလမ်းပြ 'မဂ္ဂ' တပ်သားတို့က အုပ်ချုပ်ပုံအကြံဉာဏ်နည်းမှန်လမ်းမှန်များကို ညွှန်ပြကာ စီမံခန့်ခွဲကြသည်။

င ) ထိုသို့စီမံခန့်ခွဲပြီးသောအခါ'ဗလ'တပ်သားတို့က ရောက်ရှိနေတပ်များ စိတ်ဓာတ်မကျဆင်းစေရန် အင်အား ဖြည့်တင်းပေးလေသည်။

၅ ) ထိုသို့ အင်အားဖြည့်ဘင်းပြီးသောအခါ 'မူလ' (ဟိတ် တရား) တပ်သားတို့က အကုသိုလ်သူပုန်တို့ပြုခဲ့သောအကုသိုလ်အခြေခံ(အကုသလဟိတ်)များကို ဖျက်သိမ်း၍ ကုသိုလ် တော်လှန်ရေး၏ မူဝါဒအခြေခံများကို ထုတ်ပြန် ကြေငြာကြသည်။

၆ ) ကုသိုလ်တော်လှန်ရေးအစိုးရ၏ အခြေခံများကို အကောင်အထည်ဖော်ရန် 'ကမ္မပထ' တပ်သားတို့က ဒါန၊ သီလ၊ စသောလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးစားကြသည်။

(၇ ) ဒါန, သီလလုပ်ငန်းများမှ ပေါက်ပွားလာသည့် အကျိုးတရားတို့ကို မက်မော၍ ဝင်လာမည့် အကုသိုလ် တရားတို့ကို လက်မခံနိုင်အောင် 'လောကပါလ'တပ်သားတို့'ဟီရိနှင့် ဩတ္တပ္ပ' တို့က စောင့်ရှောက်ကြသည်။

(၈—၁)တပ်စွဲ၍နေကုန်သော အကုသိုလ်တော်လှန်ရေး တပ်သားတို့ စိတ်ဓာတ်မကျစေရန် 'ပဿဒ္ဓိ' စသောတပ်သားတို့က ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန် ဆေးဝါး ကုသပေးကြသည်။

(ဏ) တော်လှန်ရေးတပ်သားတို့ ကျန်းမာရွှင်လန်း၍ ပျော်ပျော်ရွှင်ရွှင် ဘေးကင်းစွာ နေနိုင်အောင် အကုသိုလ်သူလျှိုတွေဝင်လာနိုင်သော တံခါးပေါက်တို့၌ 'သတိသမ္ဗောဇ္ဈင်' တပ်သားတို့က အစဉ်အမြဲ မမေ့မလျော့ပဲ စောင့်နေကြသည်။

(တ) အကုသိုလ်သူပုန်ကို တိုက်သော တော်လှန်ရေးစစ်ပွဲသည်၊ ဒါနသီလစသော လက်နက်အသေးစားများ ရှိရုံဖြင့် စိတ်မချရ၊ အကုသိုလ်တပ်သားများကို 'သမထ ဝိပဿနာ' တပ်သားများက အမြစ်ပါမကျန် ခြေမှုန်းနိုင်သော အနုမြူ လက်နက်များဖြင့် ကြံစည်ကြိုးစား ဖို့ခွင်းကြသည်။

(ထ) ထိုအနုမြူလက်နက်များကို 'ပဂ္ဂဟ အဝိက္ခေပ' တပ်သားများက ရန်သူအကုသိုလ် စစ်စခန်းများသို့ တည့်တည့်မတ်မတ် ပစ်လွှတ်နိုင်အောင် ကြံစည်ကြိုးစားပေးကြသည်။

ဤနည်းအားဖြင့် ပထမဆင့်ခတော်လှန်ရေး 'ကာမာဝစရ' တိုက်ပွဲစစ်ဆင်ရေးကို လေ့လာပါက ဤ'ဓမ္မသင်္ဂဏီ ကျမ်း'တွင် ပထမ မဟာကုသိုလ်စိတ်နှင့် ယှဉ်ဘက်'စေတသိက်'များ ဖြစ်ပေါ်လာပုံကို ပြသောအခန်းသည် အလွန်စိတ်ဝင်စားဖွယ်ရာ ဖြစ်လာသည်၊ ကုသိုလ်စိတ်တခုတည်မြဲအောင် အုပ်ချုပ်ထားရသောအလုပ်ကား 'သီလ သမာဓိ ပညာ'တို့ဖြင့် အထပ်ထပ် ခြံရံကာ စောင့်ရှောက်ထားရပါတကားဟု လေးလေးနက်နက် စဉ်းစားမိလာနိုင်မည်။

ကုသိုလ်စိတ်ကလေးတခု မိမိသန္တာန်၌ ဖြစ်ပေါ်နေရန်မှာ 'ဒုလ္လဘတရား' တပါးပါတကားဟု သိသာနိုင်မည်၊ 'အဘိဓမ္မာ'သည် ဗုဒ္ဓမြတ်စွာတို့၏အရာသာဖြစ်သည်ဟု ပြောဆိုကြသောစကားအဓိပ္ပာယ်သည် နက်နဲသည်ထက် နက်နဲ၍လာပေမည်။

ဤသည်တို့ကား၊ ဗုဒ္ဓမြတ်စွာတို့၏ အရာသာဖြစ်သော 'အဘိဓမ္မာတရား'သဘာဝများကို ပေါ်လွင်စေရန် စစ်ဆင်ရေးဥပမာတို့ဖြင့် တန်ဆာဆင်ပြီးလျှင်'ကာမာဝစရ' ပထမအဆင့်လောကအားမှ ကြည်ညိုလှသောစိတ်ဖြင့် မှန်းဆ၍ ပူဇော်ရမည်သာဖြစ်ပါသတည်း။

× × ×

အထက်ဖော်ပြပါ ကျမ်းဦးမှတ်ဖွယ် ဓမ္မသင်္ဂဏီ' မြန်မာပြန် နိဒါန်းကို မှီငြမ်းပြု၍၊ဗုဒ္ဓမြတ်စွာ၏ အဓိက ရည်ရွယ်ရင်းဖြစ်သော အလယ်အလတ်လမ်းစဉ်'မဇ္ဈိမပဋိပဒါ'ကို လူပြိန်းတို့ နားလည်သဘောပေါက်နိုင်ရန် ဗမာ့ပိဋိ တင်ပြသွားပါအံ့၊

ယင်းသို့တင်ပြရာဝယ် ဗုဒ္ဓမြတ်စွာ၏ 'ဒေသနာ'အဆုံးအမတော်၌ ပါဝင်သည့်စကားတော်များမှာ-

(၁) ဒါနကထာ—ပေးကမ်းစွန့်ကြဲမှုနှင့် ပတ်သက်သော အဆုံးအမတော်များ။

(၂) သီလကထာ—ရှောင်ရန်ဆောင်ရန်နှင့် ပတ်သက်သော အဆုံးအမတော်များ။
(၃) သဂ္ဂကထာ—ယင်း 'ဒါန-သီလ'တို့၏ အကျိုးဆက်ကြောင့် ခံစားစံစားရမည့် နတ်စည်းစိမ်နှင့်ပတ်သက်သော အကြောင်းအရာများ။
(၄) မဂ္ဂကထာ—သီလ, သမာဓိ,ပညာတို့ဖြင့် မျက်မှောက်ပြုအပ်သော ဈာန်,မဂ်ဖိုလ်နှင့် ပတ်သက်သောအကြောင်းအရာများ။
(၅) ကာမာဒိနဝကထာ—ကာမဂုဏ်တို့၏ စက်ဆုပ်ဖွယ် ခံစားစံစားမှုတို့၏ ဆင်းရဲခြင်းဘေးအမျိုးမျိုးတို့ကို ဖော်ပြသောစကားတော်များဖြစ်ပေသည်။

ရှေးဦးစွာ'ဒါနကထာ' နှင့်ပတ်သက်သောပရိယာယ်ကြွယ်လှသည့်စကားတော်များကို ရှင်းလင်းဖော်ပြပေအံ့။

'ဓမ္မပဒ' ဝတ္ထုပေါင်းများစွာမှ ပုဗ္ဗာရုံ ကျောင်းအမကြီး ဝိသာခါ၏ ရှေးကောင်းမှုနှင့် ဆုတောင်းကို ဟောတော်မူသည်မှာ—

(ဝိသာခါအကြောင်း)ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ၊ဤကမ္ဘာမှ ပြန်လည်ရေတွက်သည် ရှိသော်ကမ္ဘာတသိန်း အထက်ကာလ၌ 'ပဒုမုတ္တရ'မည်သော ဗုဒ္ဓ မြတ်စွာသည် လောက၌ ထင်ရှားပွင့်တော်မူ၏။ ထိုဗုဒ္ဓမြတ်စွာ၏ အသက်အတိုင်း အရှည်မှာ အနှစ်တသိန်းဖြစ်၏၊ရဟန္တာတသိန်း

ခြံရံ၏၊ နေပြည်တော်၏အမည်မှာ ဟံသာဝတီဖြစ်၏၊ ခမည်းတော်ကား သုနန္ဒအမည်ရှိသော မင်းကြီးဖြစ်၏၊ မယ်တော်မှာ သုဇာတာအမည်ရှိ၏၊ ယင်း ဗုဒ္ဓမြတ်စွာ၏ မြတ်သောအလုပ်အကျွေး ဒါယိကာမတယောက်သည် ရှစ်ပါးသော ဆုတို့ကို တောင်းယူ၍ မယ်တော်အရာ၌ တည်ပြီးလျှင် ဗုဒ္ဓမြတ်စွာကို ပစ္စည်းလေးပါးတို့ဖြင့် နေ့ညဥ့်မပြတ် ဆည်းကပ် လုပ်ကျွေးလေ၏။

ထိုဒါယိကာမကြီးနှင့်အတူ အခြားတယောက်သော အဆွေခင်ပွန်းသည် ကျောင်းတော်သို့မပြတ်သွား၏၊ ယင်းသို့ အမြဲမပြတ်လိုက်၍သွားရာဝယ်၊ ဗုဒ္ဓမြတ်စွာသည် ဒါယိကာမကြီးအား အထူးအကျွမ်းတဝင် စကားပြောခြင်း၊ ဆက်ဆံခြင်းတို့ကို မြင်ရလျှင် ဗုဒ္ဓမြတ်စွာအား ဤသို့လျှောက်၏။ အရှင်ဘုရား ဤမည်သော ဒါယိကာမကြီးနှင့် ဆွေမျိုးတော်စပ်ပါသလား၊ အဘယ်ကဲ့သို့ တော်စပ်ပါသနည်းဟု လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက မည်သို့မျှ ဆွေမျိုးတော်စပ်သည်မဟုတ်၊ ငါ၏ အလုပ်အကျွေးတို့တွင် မြတ်သောအလုပ်အကျွေးဖြစ်ပေသည်ဟု ဖြေကြားတော်မူလျှင် အဘယ်သို့သောအကြောင်းကြောင့် မြတ်သောအလုပ်အကျွေးဖြစ်ရပါသနည်းဟု လျှောက်ထားပြန်သော်၊ ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဆုတောင်းခဲ့ခြင်းကြောင့်ဖြစ်၏ဟု ဖြေကြားတော်မူ၏။ ယခုအခါ၌ ဆုတောင်းလျှင် ရကောင်းပါသလောဟု လျှောက်ထားပြန်၏၊ ရနိုင်သည်ဟုဖြေတော်မူလျှင် ထိုသို့ဖြစ်ပါမူ ဗုဒ္ဓမြတ်စွာနှင့်တကွ

ရဟန်းတသိန်းခြံရံ၍ ခုနစ်ရက်ပတ်လုံး တပည့်တော်၏ဆွမ်းကို ခံယူတော်မူပါဘုရားဟု လျှောက်လေလျှင်၊ လက်ခံတော်မူ၏။

ထိုအခါ ဆွမ်းခင်ပွန်းမသည် ခုနစ်ရက်ပတ်လုံးဆွမ်းလုပ်ကျွေးမှုကိုပြုပြီး နောက်ဆုံးနေ့၌ သင်္ကန်းတို့ကိုလှူဒါန်းပြီးလျှင် ဗုဒ္ဓမြတ်စွာခြေတော်ရင်း၌ဝပ်လျက်၊ အရှင်ဘုရား တပည့်တော်မသည် ဤကောင်းမှုအကျိုးဆက်ကြောင့် အရှင်ဘုရားတို့ကဲ့သို့သော ဗုဒ္ဓမြတ်စွာအထံတော်၌ ရှစ်မျိုးသောဆုတို့ကိုရ၍ မယ်တော်အရာ၌တည်ပြီးလျှင် ပစ္စည်းလေးမျိုးတို့ဖြင့် အလုပ်အကျွေးပြုခြင်းငှာ စွမ်းနိုင်သောသူတို့တွင် မြတ်သော အလုပ်အကျွေးဖြစ်ရပါလို၏ဟု ဆုတောင်းလေသော်၊ ပဒုမုတ္တရ ဗုဒ္ဓမြတ်စွာသည်လည်း၊ ယင်း ဒါယိကာမ၏ ဆုတောင်းခြင်းသည် ပြည့်စုံအံ့လောဟု အနာဂတ်ကာလ ကိုဆင်ခြင်တော်မူရာ ပြည့်စုံမည်ကို သိရှိတော်မူသဖြင့် 'ကမ္ဘာတသိန်း၏အဆုံး၌ ဂေါတမဗုဒ္ဓသည်ပွင့်တော်မူအံ့၊ ထိုအခါ သင်သည် ဝိသာခါ အမည်ရှိသော ဒါယိကာမဖြစ်၍၊ ယင်းဗုဒ္ဓမြတ်စွာ၏အထံတော်၌ ဆုရှစ်ခုတို့ကို ရယူလျက် မယ်တော်အရာ၌တည်လျက်၊ အလုပ်အကျွေးတို့တွင် မြတ်သောအလုပ်အကျွေးအဆင့်ကို ရသတတ်.' ဟုကြိုတင် 'ဗျာဒိတ်' ပေးတော်မူလေလျှင်၊ ယင်းဒါယိကာမသည် ချက်ချင်းပင်ခံစားလိုက်ရသကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ဝိသာခါအလောင်းဖြစ်သော ဒါယိကာမသည် အသက်အဘိုင်းနေ၍ ကုသိုလ်ကောင်းမှုဒါနစုတို့ကို အစဉ်မပြတ်ပြုလျက် ထိုဘဝမှစုတေလွန်သည်ရှိသော် နတ်ပြည်လူ့ပြည်တို့၌စုန်ဆန်ကာ ကြိမ်ဖန်များစွာခံစားစံစားပြီးနောက် ကဿ

ဗုဒ္ဓလက်ထက်တော်၌ ကာသိကရာဇ်တိုင်း ကိကီမင်းကြီး၏သမီး တော်ခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃဒါသီမည်သော မင်းသမီးဖြစ်၍ အရွယ်ရောက်ပြီးသော်လည်း၊ အိမ်ထောင်မှုကိုမပြုပဲ အစ်မကြီးတို့နှင့်တကွ ရှည်ကြာသောကာလပတ်လုံး ဒါနအစရှိသောကောင်းမှုဟူသမျှတို့ကိုပြု၍ ကဿပဗုဒ္ဓမြတ်စွာ၏ခြေတော်ရင်းတွင်ဝပ်တွား၍၊ 'နောင်သောကာလ၌သည်း အရှင်ဘုရားကဲ့သို့သော ဗုဒ္ဓမြတ်စွာတို့၏ချက်မှောက်တွင် မယ်တော်အရာ၌တည်၍၊ဆုချစ်ခုနှင့်ပြည့်စုံပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့်၊ အလုပ်အကျွေးပြုစုရာတွင် အမြတ်ဆုံး အလုပ်အကျွေးဖြစ်ရပါလို၏' ဆုတောင်းခြင်းကိုပြု၏။

'ဝိသာခါအလောင်းဒါယိကာမသည် ထိုအချိန်မှစ၍ လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ကျက်စားပြီးနောက် ယခုအခါ၌၊ မေဏ္ဍကသူဌေး၏သား ဓနဉ္စယသူဌေး၏သမီးကောင်းရတနာဖြစ်လာ၍ ငါ၏သာသနာတော်၌ များစွာကုန်သော ကုသိုလ်ကောင်းမှု ဒါနစုတို့ကိုပြုလျက် သူမ၏ဆုတောင်းအတိုင်းပြည့်စုံခြင်းကြောင့် ခုနစ်နှစ်သမီးအရွယ်ကပင် (သောတာပန်)ဖြစ်ခဲ့ပြီးလျှင် တောင်းဆိုခဲ့သောဆုရှစ်ခုနှင့်သည်းပြည့်စုံ၍ပြီ၊ 'ရဟန်းတို့ဥပမာတင်ရသော် လိမ္မာလှသောပန်းသည်သည်၊ အထူးထူးသောပန်းတို့ကို အစုအပုံကြီးပြု၍ အထူးထူးသောပန်းကုံးတို့ကိုပြုဘိသကဲ့သို၊ ဤအတူသာလျှင် ဝိသာခါ၏စိတ်သည် အထူးထူးအပြားပြားသောကောင်းမှုတို့ကို ပြုခြင်းငှာ ညွတ်၏ဟုမိန့်တော်မူ၏။

* * *

## ဝိသာခါကျောင်းအမကြီး၏ ဆုရှစ်ခု

၁။ အသက်ထက်ဆုံး မိုးယံ ရေခံသင်္ကန်းလှူရခြင်း၊
၂။ အာဂန္တုက ရဟန်းအား ဆွမ်းလုပ်ကျွေးရခြင်း၊
၃။ ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း၊
၄။ နာသောရဟန်းအား ဆွမ်းလုပ်ကျွေးရခြင်း၊
၅။ နာသောရဟန်းကို ပြုစုသောရဟန်းအား ဆွမ်းလှူရခြင်း၊
၆။ နာသောရဟန်းအား ဆေးလှူရခြင်း၊
၇။ ရဟန်းတို့အား အမြဲယာဂုလှူရခြင်း၊
၈။ ရဟန်းမိန်းမတို့အား ရေသနုပ်သင်္ကန်းလှူရခြင်း၊

ဤသည်တို့ကား ပုဗ္ဗာရုံကျောင်းအမကြီးနှင့် ပတ်သက်သော၊ မွေလေးလာ ဒါနကထာပင်ဖြစ်သည်။

ထိုမှတပါး မွေဒလာ (ဗုဒ္ဓကောသာဠကပုဏ္ဏား) အကြောင်း၊ ယင်းအမည်ရှိသောပုဏ္ဏားသည် ဝိပဿီဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက 'မဟာကောသာဠကပုဏ္ဏား' ဖြစ်ခဲ့ဖူးသည်။ ယခုအခါ၌ ဂေါတမဗုဒ္ဓလက်ထက်တော်တွင် သာဝတ္ထိပြည်ကြီးတွင် စူဠကောသာဠကပုဏ္ဏားဖြစ်လာ၏။ ယင်းအမည်ကိုပေးရခြင်းမှာ ယင်းပုဏ္ဏား လင်မယားနှစ်ယောက်အတွက် အဝတ်ခြုံထည်တထည်သာရှိခြင်းကြောင့် ဖြစ်၏။

အိမ်ပြင်ပသို့ထွက်သောအခါ၊ ယင်းအဝတ်ခြုံထည်တခုကိုသာ တလှည့်စီခြုံ၍ထွက်ကြရ၏။ တနေ့သော် ဗုဒ္ဓမြတ်စွာ

ကျောင်းတော်၌ တရားသဘင်ဆင်ယင်မည့်အကြောင်း ကြေငြာသံကြားလတ်သော် ပုဏ္ဏားကြီးသည် ပုဏ္ဏေးမအား ဤသို့တိုင်ပင်၏။ 'ရှင်မ—ဗုဒ္ဓမြတ်စွာ၏ တရားအဆုံးအမတော်ကို နာကြားလိုသည်ရှိသော် နေ့အချိန်၌သွားမည်လော၊သို့မဟုတ်ညဉ့်အချိန်၌သွားမည်လော၊ ငါတို့၌ ခြုံထည်တထည်သာရှိသဖြင့် အတူတကွသွားရန်မဖြစ်' ဟု ဆိုသော် 'ပုဏ္ဏားကြီး အရှင်ကညအချိန်သွားပါလေ၊ ကျွန်မမှာနေ့အချိန်၌သာ သွားလိုပါသည်'ပြန်ပြော၏၊ ပုဏ္ဏေးမသည် ဂတိစကားအတိုင်း နေ့အချိန်၌သွားခဲ့၍ ပြန်လာသောအခါ၊ ပုဏ္ဏားကြီးသည် အပေါ်ရုံခြုံထည်ကိုဝတ်၍ ကျောင်းတော်သို့ရောက်ခဲ့၏။ ဗုဒ္ဓမြတ်စွာ၏ အသရေတော်နှင့် အဆုံးအမတော်တို့ကို ကြည်ညိုရကား၊ မိမိ၏တထည်တည်းသော ခြုံထည်ကို ဗုဒ္ဓမြတ်စွာအားပူဇော်လိုသောဆန္ဒသည် ပြင်းပြစွာဖြစ်ပေါ်လာပြီးလျှင်၊ ဤသို့သောဒကြံသည် ဖြစ်ပြန်၏။ အကယ်၍ ယင်းခြုံထည်ကို ဗုဒ္ဓမြတ်စွာအားပူဇော်သည်ဖြစ်အံ့၊ ပုဏ္ဏေးမအားလည်းကောင်း ငါ့အားလည်းကောင်း၊ ခြုံရုံရန်အဝတ်သည်မရှိလတ္တံ့၊ ပူဇော်ရန်မထိုက်ဟု ဝန်တိုသောစိတ်သည်ဖြစ်ပေါ်၍လာ၏။ နောက်တကြိမ် ပူဇော်လိုသောသဒ္ဓါစိတ်သည် လွှမ်းမိုးပြန်၏။ ဤသို့နှင့်ပင် တညဉ့်တို့ကာလဝေ်လုံးစစ်ထိုးလျက်ရှိပြီးနောက် နံနက် အလင်းသို့ရောက်သောအခါ၊ ဝန်တိုသောစိတ်ကိုနှိမ်နင်း၍ကျောင်းတော်သို့လာခဲ့ပြီးလျှင်၊ ဗုဒ္ဓမြတ်စွာ၏ခြေတော်ရင်း၌ တထည်တည်းသောဝတ်ရုံကိုထားခဲ့ပြီးလျှင် 'အောင်ပြီ အောင်ပြီ' ဟူသော ကြွေးကြော်သံကိုပြုလေ၏။

ပသေနဒီကောသလမင်းကြီးသည် တရားနာနေစဉ်တွင် ယင်းအသံကိုကြားသတ်သော်၊ ‘မင်းချင်းတို့ထိုပုဏ္ဏားကားဘာကို အောင်သနည်း မေးကြလော့’ဟု အမိန့်ပေးလိုက်ရာ၊ မင်းချင်းတို့သည် ပုဏ္ဏားကြီး၏အောင်မြင်ခြင်းကိုမင်းကြီးအားလျှောက်ကြားကြ၏။ မင်းကြီးသည်း ဤပုဏ္ဏားသည် ပြုနိုင်ခဲသောအမှုကို ပြုဘိ၏ ဆို၍ ပုဆိုးတစုံကို ဆုတော်အဖြစ်ပေး၏။ ပုဏ္ဏားကြီးသည် ယင်းပုဆိုးတစုံကိုလည်း ဗုဒ္ဓမြတ်စွာအားသာလျှင် ထိုက်၏ဟု ဆို၍ ပူဇော်ပြန်၏။ မင်းကြီးလည်း ဆတိုးပေးပြန်၏။ ပေးသမျှသော ပုဆိုးတို့ကို တဆယ့်ခြောက်စုံအထိမြတ်စွာဘုရားအားသာ ပူဇော်လေ၏။ နောက်ဆုံး သုံးဆယ့်နှစ်စုံအထိ ပေးသည်ရှိသော်၊ မိမိအဖို့တစုံ၊ ပုဏ္ဏားမကြီးအဖို့ တစုံကိုသာယူ၍၊ ကျန်အစုံသုံးဆယ်တို့ကို ဗုဒ္ဓမြတ်စွာအားသာ ဝမ်းမြောက်ဝမ်းသာ စွန့်လွှတ်လှူဒါန်းလေ၏။

## ပုဏ္ဏားကြီး ရှာစားဖြစ်ခြင်း

မင်းကြီးလည်း ဤပုဏ္ဏားကား ပြုနိုင်ခဲ့သောအမှုကို ပြုဘိ၏။ 'မင်းချင်းတို့ နန်းတော်မှ အဖိုးတသိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကို ဆောင်ယူခဲ့လော့'ဟု ဆို၍၊ ယူလာသောသော် ပုဏ္ဏားကြီးအား ဆုအဖြစ် ချီးမြှင့်လေ၏။ ပုဏ္ဏားကြီးသည် ကမ္ဗလာနှစ်ထည်အနက် တထည်ကို ဗုဒ္ဓမြတ်စွာ ဂန္ဓကုဋိတိုက် အတွင်း၌ မျက်နှာကျက်အဖြစ်လှူ၍၊ တသည်သော ကမ္ဗလာကို မိမိအိမ်၌ ဆွမ်းကပ်ဆာနေရာဘွင် သံဃာတော်များ နေထိုင်ရန် ခင်းထားလေ၏။

တနေ့သော် ပသေနဒီကောသလမင်းကြီးသည် ကျောင်း တော်သို့ရောက်သောအခါ မျက်နှာကြက်ကိုမြင်သဖြင့် 'အရှင် ဘုရား ဤမျက်နှာကြက်ကား မည်သူ ပူဇော်ပါသနည်း'ဟု မေး လျှောက်လျှင် ပုဏ္ဏားကြီးလှူကြောင်းသိရသဖြင့် နန်းတော်သို့ ပြန်ရောက်သောအခါ ပုဏ္ဏားကြီးအားခေါ်ယူစေပြီးလျှင် ဆင် လေးစီး၊ မြင်းလေးစီး၊ အသပြာ လေးထောင်၊ မိန်းမ လေးယောက်၊ ကျွန်မိန်းမ လေးယောက်၊ မင်းချင်းယောကျ်ား လေးယောက်နှင့် ရွာကြီးလေးရွာ၊ ခုနစ်မျိုးသော ဆုကို ပေး သနားတော်မူလေသည်။ လေးခုစီဖြစ်သဖြင့် 'သဗ္ဗစတုက္က' ဆို မည်၏။

‘ရဟန်းတို့ ပုဏ္ဏားကြီးဟာ အကယ်၍သာ ပထမ အကြိမ် ငါ့အား ပူဇော်လိုစိတ်ဖြစ်ပေါ်လာချိန်၌ တခါတည်း လှူဒါန်းပူဇော်ခဲ့ပါမူ တဆယ့်ခြောက်ခုစီဖြစ်သော (သဗ္ဗသော-ဠသက)ဆိုကို ပြည့်ပြည့်စုံစုံရမည်ဖြစ်သည်။ ယခုမူ တက်ကြွသော စိတ်ကျဆင်းသော စိတ်တို့သည် အဖန်ဖန်အထပ်ထပ် ဖြစ်ခဲ့ခြင်းကြောင့် အကျိုးပေးမှု၌ လျော့နည်းရခြင်းဖြစ်သည် ရဟန်းတို့။ ထို့ကြောင့် ကောင်းမှုကုသိုလ်လုပ်ရာ၌၊ အဆောတလျင်ပြုလုပ်အပ်၏။ အကယ်၍ စောင့်ဆိုင်းနေပါမူ ဝန်တိုသောစိတ်သည် အနှောင့်အယှက်ပေးအပ်၏’ဟု ဟောတော်မူသည်။

* * *

## လာဇာနတ်သမီးဝတ္ထု

ထိုမှတပါး ဓမ္မပဒလာ(လာဇာနတ်သမီး) အကြောင်းကား—အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ နေတော်မူလျက် ခုနစ်ရက်ပတ်လုံး ဈာန်ဝင်စားပြီးလျှင် ဈာန်မှထတော်မူပြီးလျှင်'ဒိဗ္ဗစက္ခုအဘိညာဉ်' ဖြင့် ဆွမ်းခံရာ အရပ်ကိုကြည့်တော်မူသော် ပေါက်ပေါက်ဖောက်နေသော လယ်စောင့်မိန်းမတယောက်ကိုမြင်လျှင် သဒ္ဓါတရားရှိ–မရှိကို ဆင်ခြင်တော်မူရာ သဒ္ဓါတရားထက်မြက်ကြောင်း သိသဖြင့် သင်္ကန်းကိုရုံပြီးလျှင် သပိတ်ကိုပိုက်လျက် လယ်တောသို့ ဆွမ်းခံကြွတော်မူ၏။ လယ်စောင့်မိန်းမသည် ရှင်မဟာကဿပကိုမြင်လျှင်ပင် တက်ကြွသော စိတ်ဖြစ်ရကား၊ ရပ်တော်မူစေပြီးလျှင် ပေါက်ပေါက်တို့ကို သပိတ်၌ လောင်းထည့်၍ ရှိခိုးလျက်'အရှင်ဘုရားတို့ကဲ့သို့ သိအပ်သော တရားကို သိရပါလို၏'ဟု ဆုတောင်း၏။ ရှင်မဟာ

ကဿပသည်လည်း 'သင်တောင်းတိုင်းသောဆုနှင့် ပြည့်စေသတည်း'ဟု ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြု၍ ကြွလေ၏။

## လယ်စောင့်သူမ မြေကိုက်၍သေခြင်း

ယင်းအမျိုးသမီးသည် မိမိ၏အလုပ်၏ အဖို့ကို ဆင်ခြင်၍ တဲသို့ပြန်နဲ့ရာ လယ်ကန်သင်းတခု၏အကြားမှ မြွေသည် ထွက်၍ အမျိုးသမီး၏သလုံးသားကို ကိုက်၍ နေရာတွင်ပင် လဲကျသေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ အိပ်ရာကနိုးလာဘိသကဲ့သို့ အလုံးစုံ တန်ဆာတို့ဖြင့် ဆင်ယင်ပြီးသော သုံးဂါဝုတ်သောကိုယ်ဖြင့် ဖြစ်ပေါ်၍လာ၏။ နတ်သမီးတထောင် အခြံအရံရှိ၏။ ရွှေပေါက်ပေါက်ဖြင့်ပြည့်သော ရွှေတို့နှင့် တန်ဆာဆင်အပ်သော ဗိမာန်တံခါး၌ရပ်၍၊ မိမိ၏အတိတ်ကောင်းမှုကို ဆင်ခြင်လတ်သော် ရှင်မဟာကဿပအား ပေါက်ပေါက် လှူရခြင်းအကြောင်း အထောက်အပံ့ကိုသိသဖြင့် ကျေးဇူးတုံ့ပြန်ခြင်းငှာ ရှင်မဟာကဿပ သီတင်းသုံးရာကျောင်းသို့ သွား၍ ရွှေတံမြက်စည်းဖြင့် ကျောင်းဝန်းကိုတံမြက်လှည်းပြီးလျှင် သောက်သုံးရေတို့ကိုဖြည့်၏။

ရှင်မဟာကဿပကြီးသည် ပထမတရက်နှစ်ရက်၌၊ သတိ

မထားမိချေ။သုံးရက်မြောက်သောနေ့၌ နတ်သမီး၏ အရောင်အဝါကို မြင်သဖြင့် သင်ဘယ်သူနည်းဟုမေးရာ၊'အရှင်ဘုရား၏အလုပ်အကျွေးမဖြစ်သော 'လာဇာနတ်သမီး' ဖြစ်ကြောင်း၊ ပေါက်ပေါက်လှူရသောအကျိုးဆက်ကို ခံစားစံစားရ၍ ယခုကဲ့သို့ ကျေးဇူးဆပ်ရပါသည်ဘုရား'ဟု လျှောက်ထားရာ အရှင်မဟာကဿပက 'ငါ၌ ဤကဲ့သို့သော အမျိုးသမီး အလုပ်အကျွေးသည်မလိုအပ်၊နောက်ပိုင်း၌ ငါကဲ့သို့သော ပုဂ္ဂိုလ်ပင်လျှင် နတ်သမီးအလုပ်အကျွေးထားသည်ဟု တရားဟောဆရာတို့က ပြောလတ္တံ့၊ငါအလိုမရှိ သွားလော့'ဟုနှင်၏။ နတ်သမီးလည်း ငိုလျက်တောင်းပန်သော်လည်းမရ၊ လက်ဖျောက်တီး၍နှင်လိုက်၏။

ဗုဒ္ဓမြတ်စွာသည် ယင်း နတ်သမီး၏ ငိုကြွေးသံကို ကျောင်းတော်မှနေ၍ ကြားတော်မူလျှင် ရောင်ခြည်တော်ကို လွှတ်လျက် နတ်သမီး၏ ရှေ့မှောက်တွင်ရပ်တည်လျက် အမျိုးသမီး အလုပ်အကျွေးကို တားမြစ်ခြင်းသည် ငါ၏သားတော်ရှင်မဟာကဿပ၏တာဝန်ပေတည်း၊သို့ရာတွင် ယခုကဲ့သို့သော ကောင်းမှုသည် လုပ်ထိုက်၏၊သာသနာတော်၌လည်း အကျိုးရှိ၏။ကောင်းမှုဟူသမျှကို အဖန်ဖန်အထပ်ထပ် ပြုခြင်းကြောင့် ပစ္စုပ္ပန်တမလွန်တို့၌ အကျိုးများ၏'ဟု မိန့်တော်မူ၏။

# ရောဟိနီမင်းသမီးဝတ္ထု

အခါတပါး၊ အရှင်အနုရုဒ္ဓါမထေရ်သည် ငါးရာသော ရဟန်းတို့နှင့်တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူလေလျှင် ဆွေတော်မျိုးတော်တို့သည် မထေရ်မြတ်ထံသို့ ဖူးမျှော်ရန်လာကြကုန်၏။

မထေရ်မြတ်သည် နှမဖြစ်သူ ရောဟိနီ မင်းသမီးအား မမြင်သည်ရှိသော် 'ရောဟိနီဘယ်မှာလဲ' ဟု မေးတော်မူ၏။ 'အိမ်၌ကျန်ခဲ့ပါသည်' ဟု လျှောက်သော် 'အဘယ်ကြောင့် အများနှင့်အတူ မလာသနည်း' ဟု မေးပြန်၏။

'မှန်လှပါဘုရား ရောဟိနီမင်းသမီး၌ အရေပြားရောဂါ စွဲကပ်နေသဖြင့် မလာရောက်ကြောင်းပါဘုရား' ဟု လျှောက်ထားရာ ခေါ်စေတော်မူသဖြင့် ရောဟိနီမင်းသမီးသည် ကိုယ်ကို အဝတ်သင်တိုင်းတို့ဖြင့် ခြုံလွှမ်း၍ လာရောက်ရလေ၏။

ရောဟိနီမင်းသမီး ရောက်လာလေလျှင်၊ ရှင်အနုရုဒ္ဓါ မထေရ်သည်၊ ကောင်းမှုကုသိုလ်ပြုရန် တိုက်တွန်းတော်မူ၏၊ အဘယ်သို့သောကောင်းမှုကို ပြုရပါမည်နည်းဟု လျှောက်ထားလေလျှင် ဆွမ်းစားကျောင်း တဆောင်ကို ဆောက်စေ၏။

မည်သည့်ဥစ္စာကို ထုခွဲ၍ ဆောက်ရပါမည်နည်း ဟု မေးလျှောက်သေလျှင်၊ သင့်၌ ဝတ်ဆင်ထားသော လက်ဝတ်တန်ဆာတို့ကိုထုခွဲ၍ ဆောက်လော့ဟု မိန့်တော်မူသဖြင့် ရှင်အနုရုဒ္ဓါ မထေရ်နှင့်တကွ ဆွေတော် မျိုးတော်တို့ ဝိုင်းဝန်းကူညီ၍ ဆောက်နေကြစဉ်တွင် ရောဟိနီမင်းသမီးအား ခင်းပျဉ်ချပ်တို့ကို ဆေးကြောစေခြင်း၊ ခင်းပြီးသောပျဉ်ချပ်တို့ကို တံမြက်လှည်းစေခြင်း စသော သန့်ရှင်းရေးအမှုတို့ကို ပြုစေ၏။ ရောဟိနီမင်းသမီး၏ အနာတို့သည် တဖြည်းဖြည်း ညှိုးနွမ်း ခြောက်ကပ်ခြင်းသို့ရောက်၏။

## ဗုဒ္ဓမြတ်စွာ ကြွတော်မူလာခြင်း

ဆွမ်းစားကျောင်းပြီးလေသော် ဗုဒ္ဓမြတ်စွာသည် သံဃာအများခြံရံလျက် ကြွလာတော်မူသောအခါ ဆွမ်းစားကျောင်းတကျောင်းလုံးသည် သံဃာတော်တို့နှင့် ပြည့်နှက်စေလျက်၊ ဗုဒ္ဓအမှူးရှိသော သံဃာတော်တို့အား မွန်မြတ်သောခဲဖွယ်များကို စီမံ၍ ဆက်ကပ်ပူဇော်ပြီးသောအခါ၊ ဗုဒ္ဓမြတ်စွာ

က 'ယခုအလှူသည် မည်သူ၏အလှူဖြစ်သနည်း' ဟု မေးတော်မူသောအခါ ရောဟိနီမင်းသမီး၏အလှူဖြစ်ကြောင်း လျှောက်ကြားကြရာ ရောဟိနီမင်းသမီးကိုခေါ်စေ၍ 'အဘယ်ကြောင့် မိမိအလှူတွင် ကိုယ်တိုင်မလာရောက်သနည်း' ဟု မေးတော်မူလျှင် မိမိ၌ ကိုယ်ရေပြားရောဂါဖြစ်နေသဖြင့် ရှက်သဖြင့် မလာရောက်ကြောင်း ပြန်လည်လျှောက်ကြားရာဝယ်—

ဗုဒ္ဓမြတ်စွာက 'သင်၌ဖြစ်သောရောဂါသည် မည်သည့်အကြောင်း အထောက်အပံ့ကြောင့် ဖြစ်သည်ကို သင်သိသလော' ဟု မေးတော်မူရာ မသိကြောင်း ပြန်ကြားလေလျှင် 'ထိုသို့မသိလျှင် နားထောင်လော့' ဟု မိန့်တော်မူ၍ အောက်ပါအတိတ်ကုသိုလ်ကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌ ဗာရဏသီမင်းကြီး၏ မိဖုရားကြီးသည် မင်းကြီးနှစ်သက်သော ကချေသည်မတယောက်အား ရန်ငြိုးဖွဲ့ပြီးလျှင် ကချေသည်မအား မိမိအဆောင်သို့ဖိတ်ခေါ်ပြီးလျှင် ခွေးလေးသီးမှုန့်တို့ဖြင့် လိမ်းကျံထားအပ်သောအိပ်ရာ၌ အိပ်စေလျက် ကချေသည်မကိုယ်ပေါ်သို့ ခွေးလေးသီးမှုန့်တို့ဖြင့်ကြဲဖြန့်ခြင်းကိုပျက်ရယ်ပြုသကဲ့သို့ပြု၏။ ထိုခဏ၌ပင် ကချေသည်မ၏အသားအရေတို့သည် အဖုအပိန့်များဖြစ်၍ မခံနိုင်လောက်သော ဆင်းရဲခြင်းဝေဒနာသည်ဖြစ်၏။ ထိုစဉ်အခါက သင်သည် ရောဟိနီမိဖုရားဖြစ်ခဲ့၏။ ဤမကောင်းမှုကံကြောင့် ယခုကဲ့သို့သောကိုယ်ရေပြားရောဂါသည် သင့်၌ဖြစ်ရ၏ဟု ဟောတော်မူ၏။

ဒေသနာ၏အဆုံး၌၊ ရောဟိနီမင်းသမီး၏အဆင်းသည် ရွှေအဆင်းကဲ့သို့ဝါဝင်း၍ ရောဂါအလုံးငြိမ်းခြင်းသို့ ရောက်လေ၏။

ရောဟိနီမင်းသမီးသည် စုတေခနေ သေလွန်သောကာလ၌၊ တာဝတိံသာနတ်ပြည်ဝယ် နတ်သားလေးယောက်တို့၏ နယ်နိမိတ်အကြားရှိဘုံဗိမာန်၌ ရောဟိနီအမည်ရှိသော နတ်သမီးသည်ဖြစ်၏။

နတ်သားလေးယောက်တို့သည် ရောဟိနီနတ်သမီး၏ အဆင်းကိုမြင်ကြသည်ရှိသော်၊နှစ်သက်တပ်မက်သောစိတ်တို့သည် ထကြွကုန်သည်ဖြစ်၍ မိမိတို့၏နယ်နိမိတ်အလျောက် အငြင်းပွားကြပြီးနောက် သိကြားမင်း၏အဆုံးအဖြတ်ကိုခံယူရန် သိကြားမင်းထံသို့ရောက်ကြလေ၏။ သိကြားမင်းသည်လည်း ရောဟိနီနတ်သမီးကိုမြင်လျှင် ခဏ၌၊ ဣန္ဒြေမဆည်နိုင်သောချစ်ခင်ခြင်းသည်ဖြစ်သဖြင့် တဦးသောနတ်သားကိုမေး၏။ 'အချင်းနတ်သား သင်ရောဟိနီကိုမြင်သောကာလ၌ သင့်၌ အဘယ်ကဲ့သို့ခံစားရသနည်း၊ ထိုအခါနတ်သားက 'အရှင်သိကြားမင်း အကျွန်ုပ်၏ စိတ်၌ဖြစ်ပေါ်သည်မှာ စစ်မြေပြင်ရှိစည်ကြီးကဲ့သို့ ငြိမ်သက်စွာ တည်နေခြင်းငှာ မတတ်နိုင်ပါ' ဟု လျှောက်၏။ အခြားနတ်သားတယောက်ကို ရှေးနည်းတူပင်မေးသောအခါ၊ 'ကျွန်တော်မျိုး၏စိတ်သည် တောင်ကျရေကဲ့သို့ တဝုန်းဝုန်းဖြစ်နေပါသည်' ဟု လျှောက်၏။ တတိယနတ်သားကိုမေးသောအခါ 'အကျွန်ုပ်၏မျက်စိအစုံတို့သည် နတ်သမီးကိုမြင်သည့်အချိန်မှစ၍ ပုစွန်လုံး၏မျက်လုံးကဲ့သို့ ထွက်ကုန်ပါပြီဘုရား' ဟု လျှောက်၏။

စတုတ္ထနတ်သားကိုမေးလတ်သော် 'ကျွန်ုပ်၏စိတ်သည် စေတီ၌ စိုက်ထားအပ်သော တံခွန်ကဲ့သို့ တလူလူလွင့်ပါးလျက် တည်တံ့ခြင်းငှာ မတတ်နိုင်တော့ပါဘုရား' ဟု လျှောက်ထားရာ၊ သိကြားမင်းက 'အမောင်နတ်သားတို့ သင်တို့၏စိတ်များကား နှိမ်နင်းနိုင်ဖွယ်ရာ ရှိပါသေး၏၊ ငါ့အဖို့မှာကား ဤနတ်သမီးကိုရရှိပါလျှင် အသက်ရှင်၍မရခဲ့သော် အသက်သေပါတော့အံ့' ဟု ဆို၏။ နတ်သားလေးယောက်တို့လည်း သိကြားမင်းအား ရောဟိနီနတ်သမီးကိုအပ်၍ ပြန်ခဲ့ကြသေးသတည်း။ ရောဟိနီနတ်သမီးသည်ဆွမ်းစားကျောင်းဆောက်လုပ်လှူဒါန်းရခြင်း၊ ဆွမ်းကပ်ရခြင်းအကျိုးဆက်ကြောင့် သိကြားမင်း၏ ဒါလွန်ချစ်ခင်ယုယခြင်းခံရသော နတ်မိဖုရားသည် ဖြစ်၏။

ထိုမှတပါး၊ ဓမ္မပဒလာသီလနှင့်ပတ်သက်သော ဝတ္ထုဒေသနာတော်များကို တင်ပြဦးအံ့။

x x x

## ဝက်ပြိတ္တာဝတ္ထု

အခါတပါး ရှင်မောဂ္ဂလာန်မထေရ်သည် ရှင်လက္ခဏ မထေရ်နှင့်တကွ ဂိဇ္ဈကုဋ်တောင်မှသက်ဆင်းလာကြသောအခါ ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် တခုသော အရပ်ကိုကြည့်၍ ပြုံးခြင်းကို ရှင်လက္ခဏမထေရ်မြင်တော်မူလျှင် အကြောင်းကို မေးလျှောက်၏။ ထိုအခါ ရှင်မောဂ္ဂလာန်မထေရ်က 'ငါ့ရှင် ငါ့ကို ယခုမ မေး လင့်၊ ဗုဒ္ဓမြတ်စွာမျက်မှောက်တော်ရောက်မှ မေးလော့' ဟု ပြန်ပြော၏။

မထေရ်နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့ဆွမ်းခံပြီး၍ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ဗုဒ္ဓမြတ်စွာ မျက်မှောက် တော်၌ ရောက်ကြ၏။ ထိုအခါ လက္ခဏမထေရ်က ပြုံးခြင်း၏ အကြောင်းကိုမေးလျှောက်လေသော်၊ 'ငါသည် တခုသောဝက် ပြိတ္တာကြီးတကောင်ကို မြင်၏၊ ယင်းဝက်ပြိတ္တာ၏ကိုယ်သည်

ဝက်ခေါင်းရှည်၏၊ ကိုယ်မှာလူ့ကိုယ်ဖြစ်သော်လည်း ခေါင်းမှာ သုံးဂါဝုတ်မျှဖြစ်၏၊ ခံတွင်းမှအမြီးသည်ပေါက်၍ ပိုးလောက်တို့သည် ယိုစီးထွက်ကျနေသည်ကိုမြင်သဖြင့် ပြုံး၏၊ 'ပြန်လည်ဖြေကြားလတ်သော် ဗုဒ္ဓမြတ်စွာက ငါ၏တပည့်သားတို့သည်လည်း ငါကဲ့သို့မြင်စွမ်းသော ဥာဏ်ရကြပေပြီ၊ ငါသည်လည်း ယင်းဝက်ပြိတ္တာကို ယခင်ကပင်မြင်ခဲ့ဖူးပြီ၊ သို့ရာတွင် မြင်စွမ်းမရှိသူတို့ ယုံကြည်ခည်မဟုတ်သဖြင့် ငါထုတ်ဖော်၍မပြောခဲ့၊ ယခုမူ ရှင်မောဂ္ဂလာန်သက်သေရသဖြင့် ပြောခြင်းဖြစ်သည်' ဟု မိန့်တော်မူ၏။

## 'ဝက်ပြိတ္တာဖြစ်ရခြင်းအကြောင်း'

'ဤသို့ ဝက်ပြိတ္တာဖြစ်ခဲ့သော်၊ ယင်း ဝက်ပြိတ္တာ၏ အတိတ်အကြောင်းအထောက်အပံ့ကို မိန့်တော်မူပါဘုရား' ဟု တောင်းပန်လတ်သော်—

'ရဟန်းတို့ ကဿပဗုဒ္ဓ၏ လက်ထက်တော်အခါက တခုသောရွာ၌ ရဟန်းနှစ်ပါးတို့သည် တဦးနှင့်တဦးရိုသေလေးစားလျက် ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကြင်နာစွာ နေခဲ့ကြဘယ်၊ တဦးသောရဟန်းမှာ ဝါတော် ခြောက်ဆယ်ဖြစ်၍၊ အခြားရဟန်းမှာ ဝါတော် ငါးဆယ့်ကိုးဝါဖြစ်ဘယ်၊ ဝါငယ်သောရဟန်းသည် သာမဏေငယ်ကဲ့သို့ ဝါကြီးသော ရဟန်းအားရိုသေစွာလုပ်ကျွေးပြီး ညီညွတ်စွာနေခဲ့ကြတယ်။ တနေ့သောအခါ ယင်းရဟန်းကြီးနှစ်ပါး သီတင်းသုံးရာအရပ်ကို ဓမ္မကထိကရဟန်းတပါးရောက်လာရာရဟန်းကြီးတို့က ယင်းဓမ္မကထိကဟော

ကြားသောတရားကို နာကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ ရဟန်းသုံးပါးလည်း ရွာတွင်းသို့ဆွမ်းခံကြွတိုင်း ဓမ္မကထိကရဟန်းအား တရားချီးမြှောက်စေခဲ့တယ်၊ ရွာသူရွာသားများကလည်း ရဟန်းသုံးပါးတို့အား ပိုမိုကြည်ညိုလာကြတယ်။ ထိုအခါ ဓမ္မကထိကရဟန်းက စဉ်းစားသည်မှာ၊ ဒီရဟန်းကြီးတို့သည် အလွန်မှတဦးကိုတဦးချစ်ခင်ကြသည် စိတ်ဓါတ်များလည်း သိမ်မွေ့ကြသည်၊ငါသည် ယင်းမထေရ်ကြီးများကို ယခုနေရာမှ ထွက်သွားချင်အောင် မည်ကဲ့သို့ ဖန်တီးရမည်နည်းဟု အကြံပြုပြီးလျှင်—

## ရဟန်းကြီးနှစ်ပါးအား မသင့်အောင် ဂုံးချောခြင်း

ဓမ္မကထိက ရဟန်းသည် မထေရ်ကြီးထံ ညချမ်းအချိန်ခါ အခစားဝင်ပြီးလျှင် မထေရ်ကြီးအား ဤသို့လျှောက်၏။

'ဘုရားတပည့်တော် လျှောက်ထားစရာရှိပါသည်ဘုရား' ခွင့်တောင်းလေလျှင်၊ ခွင့်ပြုလိုက်ရာ 'အရှင်ဘုရား ယခုလျှောက်ထားရမည့် စကားသည် အလွန် အပြစ်များလှပါသည်'

ဟု ဆို၍ ထသွားပြီးလျှင် မထေရ်ငယ်ထံ၌သည်း ထို့နည်းတူစွာ လျှောက်ထားပြန်၏။ မထေရ်နှစ်ပါးတို့သည်၊ ယင်းဓမ္မကထိက လျှောက်ထားသော စကားဖြင့် စိတ်နှလုံး ကြိုးကြိုးကြွကြွဖြစ်နေစဉ်၊ နှစ်ရက်မျှကြာသောအခါ၊ ဓမ္မကထိက ရဟန်းသည် မထေရ်ကြီးထံလာ၍–

'အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တဦးနှင့် တဦး ထင့်မြတ်ကြပါ၏လော'ဟု လျှောက်ထားပြန်သောအခါ....

မထေရ်ကြီးက ‘ငါ့ရှင်- ငါတို့သည် တမိမှပေါက်ဖွားလာသော ညီရင်းအကိုကဲ့သို့ ချစ်ခင်ကြ၏၊ ဆွမ်းအတူခံ၍ အတူစားကြ၏၊ တဦးကိုတဦး အပြစ်မမြင်ခဲ့ကြ၊ ယခုအချိန်အထိ မထေရ်ငယ်အပေါ်၌ အပြစ်တစုံတရာ မမြင်ဖူးပါ’

ဟု ဖြေသော် ဓမ္မကထိကရဟန်းက-

‘သို့ပင်ဖြစ်လင့်ကစား တပည့်တော်ရောက်သည့်နေ့ကပင် တပည့်တော်အား ဤသို့ လျှောက်ဖူးပါသည်၊ သူတော်ကောင်း သင်သည် အမျိုးသားကောင်းတယောက် ဖြစ်သည်၊ ထေရ်ကြီးသည် သီလ၌ချစ်ခင်သော လဇ္ဇီပုဂ္ဂိုလ်၊ မကောင်းမှု၌ ရှက်တတ် ကြောက်တတ်သောပုဂ္ဂိုလ်ဟု ထင်မှတ်၍ မဆက်ဆံလေနှင့်။ အတူတကွနေထိုင်ရာတွင် စူးစူးစမ်းစမ်းပြု၍ နေထိုင်ဆက်ဆံပါလေ’ဟု ဆို၏။

ယင်းစကားကို ကြားရသော မထေရ်ကြီး၏ စိတ်သည် လှံတံဖြင့် ထိုးဆွခံရဘိသကဲ့သို့ အမျက်ချောင်းချောင်းထွက်လျက်ကျန်ရစ်ခဲ့၏။ထို့ အတူပင်မထေရ်ငယ်ထံသို့သွား၍ လျှောက်ပြန်၏။ မထေရ်ငယ်လည်း မထေရ်ကြီးကဲ့သို့ စိတ်၌ထိခိုက်ခြင်းသည် ဖြစ်၏။

## မထေရ်နှစ်ပါး သဘောကွဲကြခြင်း

ဓမ္မကထိကရဟန်း၏စကားကို ကြားကြသော မထေရ်တို့သည် တဦးကိုတဦး ခါတိုင်းကဲ့သို့ မတိုင်ပင်ကြပဲ၊ တခြားစီ

ဆွမ်းခံခြင်းကိုပြု၏။ မထေရ်ငယ်သည် ရှေးဦးစွာ ဆွမ်းစားဇရပ်သို့ရောက်၏။ မထေရ်ကြီးသည် နောက်မှရောက်လာသောအခါ မထေရ်ငယ်သည် မထေရ်ကြီး၏ သပိတ်ကိုလှမ်းယူမည်အပြုတွင် မထေရ်ကြီးက 'ဆုံးမခက်သောရဟန်း သင်သည် ငါ၏ သပိတ်သကန်းကို လှမ်းယူခြင်းငှာမလျောက်ပတ်သောသဘောရှိ၏' ဟု ဆို၍လက်ဖျောက်တီးလိုက်၏။

မထေရ်ငယ်က 'ဩ....ကောင်းပါပြီ'ဟု ပြန်ပြောလိုက်ရာ မထေရ်ကြီးက 'သင်သည် ငါ့အား ဤကျောင်း၌ ကင်ငြိခြင်း တစုံတရာရှိသည်ဟု ထင်မှတ်သလော'ဟု ဆိုရာ မထေရ်ငယ်ကလည်း 'အသို့နည်း တပည့်တော်လည်း ဤကျောင်း၌ တစုံတရာ ကင်ငြိခြင်းရှိသည်ထင်သလော'ဟု အပြန်အလှန် ပြောဆိုကြပြီးလျှင် ကျောင်းကိုစွန့်၍ ထွက်သွားကြကုန်၏။

ဓမ္မကထိကရဟန်းသည် ရွာသို့ ဆွမ်းခံသွားသောအခါ ဒါယိကာ ဒါယိကာမတို့သည် မထေရ်နှစ်ပါး မပါခြင်းအကြောင်းကို မေးကြရာ၊ တဦးနှင့်တဦး မသင့်မတင့်ဖြစ်၍ ထွက်ခွာသွားကြကြောင်းပြောပြရာ ပညာမဲ့သော သူတို့သည် ဆိတ်ဆိတ်သာနေကြကုန်၏။ ပညာရှိသူတို့ကား ဓမ္မကထိကရဟန်းရောက်မှသာ ဤသို့ဖြစ်ခြင်းသည် ဓမ္မကထိကရဟန်း၏ အကွက်ငင်ဖြစ်တန်ရာသည်ဟု ဆင်ခြင်ကြကုန်၏။

4

## မထေရ်နှစ်ပါးတို့ ပြန်လည်တွေ့ဆုံခြင်း

မထေရ်နှစ်ပါးတို့သည် အနှစ်တရာကာလပတ်လုံး မတွေ့မဆုံကြပဲ တဦးကိုဘဦး အထင်မှားလျက် နေကြကုန်၏။ အနှစ်တရာပြည့်သောကာလ၌ မထေရ်နှစ်ပါးတို့သည် တခုသောကျောင်းတိုက်သို့ရောက်ကြသောအခါ နှစ်ဦးစလုံးအတွက် တခုတည်းသော ကျောင်း၌၊ တခုဘည်းသောအိပ်ရာ၌ ရောက်ကြကုန်၏။ ညဥ့်အခါ၌ တခုသောညောင်စောင်း၌ အတူလဲခလျောင်းလေလျှင် မထေရ်ကြီးသည် ထိုမထေရ်ငယ်ကို မြင်လျှင် မြင်ချင်း မှတ်မိသည်နှင့် မျက်ရည်မဆည်နိုင်လောက်အောင် ဝမ်းနည်းခြင်းသည် ဖြစ်၏။

မထေရ်ငယ်သည်လည်း ထိုနည်းတူပင် ခံစားရ၏။ မထေရ်ငယ်သည် အကြောင်းအလုံးစုံကို ဖွင့်ဟသင့်မသင့် ဆင်ခြင်၍ မထေရ်ကြီးအားရှိခိုးလျက် ဓမ္မကထိကရဟန်း ပြောသောစကားကို ပြန်ပြောင်းလျှောက်ထား၏။ မထေရ်ကြီးကလည်း ထိုနည်းအတူပြန်ပြောကြရာ ဓမ္မကထိက၏ ဂုံးချောစကားမျှသာဟု သိရှိကြသဖြင့် ဓမ္မကထိကရဟန်းထံသို့ သွားပြီးလျှင် ကျောင်းမှ နှင်ထုတ်ကြလေ၏။

## ဓမ္မကထိကရဟန်း ဝက်ပြိတ္တာဖြစ်ခြင်း

ဓမ္မကထိကရဟန်းသည် တည်တံ့စွာနေခြင်းငှာ မစွမ်းရကား ကျောင်းမှထွက်ခွာသွားပြီးနောက် ယင်းရဟန်း၏ သီလ

ပျက်မှု အကုသိုလ်အစုသည် ရဟန်းတရားကို အားထုတ်၍ တွန်းလှန်ခြင်းငှာ မတတ်နိုင်ရကား၊ ထိုဘဝမှ စုတေမနေ သေလွန်သည်ရှိသော် အဝီစိငရဲ၌ နှစ်ဆူသော ဗုဒ္ဓမြတ်စွာတို့၏ ကြားကာလပတ်လုံးခံရ၍၊ ယခုအခါ ဂိဇ္ဈကုဋ်တောင်ထက်၌ ဒက်ပြိတ္တာဖြစ်၍ခံနေရ၏ဟု ဟောတော်မူ၏။

* * *

# ကာဠီဘီလူးမဝတ္ထု

ထိုမှတပါး၊ဓမ္မပဒလာ ကာဠီဘီလူးမဝတ္ထု အကြောင်းကား သာဝတ္ထိပြည်၌ တယောက်သောသူကြွယ်သည် သေသည်ရှိသော် သားတယောက်ကျန်ခဲ့၏။ ထိုသူကြွယ်သားသည် အမိကိုလုပ်ကျွေးလျက်နေ၏။ ထိုအခါ မိခင်သည် သားအား အိမ်ထောင်ပြုရန် တိုက်တွန်းလေရာ သားသည် မိခင်၏စကားကို ငြင်းပယ်လျက်ရှိ၏။ မိခင်က ငါ့သား—သင့်၌ များစွာသော လုပ်ခင်းဆောင်တာတို့ ရှိကုန်၏။ အိမ်ထောင်မပြုပဲ နေခဲ့ပါမူ သင်သည် အဘယ်မှာလျှင် စိတ်ချမ်းသာမှုရတော့မည်နည်း–ဟု အဖန်ဖန်နားချ၍ သားနှစ်သက်ရာ အမျိုးသမီး တယောက်ကို အိမ်သို့ခေါ်ဆောင်ခဲ့လေ၏။

ယင်းအမျိုးသမီးသည် မြုံသောသဘောရှိသဖြင့် တဦးတယောက်သောသားသမီးကိုမျှ မဖွားမြင်ပေ။ ယိုအခါ မိခင်

သည် မျိုးရိုးအစဉ်အဆက်ပြတ်မည်ကို စိုးရိမ်ရကား နောက်ထပ် တဖန် အမျိုးသမီးငယ်တယောက်ကို ခေါ်ဆောင်ရန် သားအား တိုက်တွန်းပြန်လေလျှင် သားဖြစ်သူက ရှေးနည်း အတိုင်းပင် ငြင်းဆိုနေ၏။ မြုံသောမယားသည် ထိုအကြောင်းကို ကြား သတ်သော် မိမိကိုယ်တိုင်ပင်လျှင် အခြားအမျိုးသမီးတယောက် ကိုခေါ်၍ လင်နှင့်နေစေ၏။

မကြာမြင့်မီပင်လျှင် ယင်းအမျိုးသမီး၌ ကိုယ်ဝန်တည်လေ ၏။ မြုံသောအမျိုးသမီးသည် ကိုယ်ဝန်ရှိသောအမျိုးသမီးငယ် အား ကိုယ်ဝန်ပျက်စေတတ်သောဆေးကို အစာအဟာရ၌ထည့် ၍ ကျွေးမွေးသည်ဖြစ်၍ ကိုယ်ဝန်ပျက်ခဲ့လေ၏။ ယင်းနည်း အတိုင်း ဒုတိယကိုယ်ဝန်ကိုလည်း ပျက်စေ၏။

ထိုအခါ အိမ်နီးချင်းအမျိုးသမီးတို့သည် မခံမရပ်ဖြစ် ရကား အမျိုးသမီးငယ်အား ဤသို့ဆိုကြ၏။ သင့်၌တည်ခဲ့သော ကိုယ်ဝန်သည် မြုံသောလင်တူ အမျိုးသမီး၏ လက်ချက်ဖြင့် ပျက်စီးခဲ့လေပြီ။ နောက်တကြိမ်ကိုယ်ဝန်တည်ခဲ့သော် ထိုအမြုံမ ကကျွေးသော အစားအစာကို မစားသုံးလေနှင့်၊ ငါတို့အား အသိပေးပါဟု အကြံပြုကြကုန်၏။ အမျိုးသမီးငယ်သည် အကြံ ပေးသည့်အတိုင်း လိုက်နာသဖြင့် ကိုယ်ဝန်အရင့်အမာဖြစ်ခဲ့၏။ အမြုံမသည် ကိုယ်ဝန်ရင့်သည်၏ အဖြစ်ကိုသိလေလျှင် အမျိုး သမီးငယ်၏ သတိအလစ်တွင် ကိုယ်ဝန်ကျဆေးကို အစာအဟာရ တွင် ထည့်၍ပေးပြန်၏။ ကိုယ်ဝန်သည် ရင့်လှသည်ဖြစ်၍ လျောကျခြင်းငှာမတတ်နိုင်ပဲ ပြင်းစွာသောဝေဒနာကို ခံစား ရလျက် အသက်ကုန်ခြင်းသို့ရောက်လေ၏။

## ကြောင်မနှင့်ကြက်မ

ယင်းအမျိုးသမီးငယ်သည်သေကာနီးအချိန်၌ 'သင်သည် ငါ့ကို ဤအိမ်သို့ခေါ်ဆောင်၍ ငါ့အား အသက်သေသည်အထိ နှိပ်စက်ခဲ့လေပြီ။ ယခု ငါသေပြီးသည့်နောက် ဖြစ်လေရာဘဝတိုင်း၌ သင်မွေးတိုင်းသောသားတို့ကို ဖျက်ဆီးနိုင်တဲ့ကိုယ်ဖြစ်ရလို၏' ဟု မြည်တမ်းလျက်သေသည်ရှိသော် ထိုအိမ်၌ပင်ကြောင်မဖြစ်လာ၏။လင်ဖြစ်သူ သူကြွယ်သားသည် မယားငယ်၏သေခြင်းအကြောင်းကိုသိ၍ အမြဲ့မအားရိုက်ပုတ်သည်ရှိသော် ထိုအနာနှင့်ပင်သေ၍ ကြက်မဖြစ်လာ၏။ ကြောင်မသည် ကြက်မ၏ဥတိုင်းသောကြက်ဥတို့ကို ယူ၍စား၏။

## သစ်မ-သမင်မ

ထိုအခါ ကြက်မသည် ငါ၏ ဥတို့ကို သုံးကြိမ်တိုင်တိုင် စားပြီး၍ငါ့ကိုလည်းစားလိုပြန်ပြီလားဟု ရန်ငြိုးဖွဲ့၍ ကြောင်မနှင့်တကွ သားတို့ကို စားရပါလို၏ဟု ဆုတောင်း၍ သေလေသော် သစ်မဖြစ်လာ၏။ ကြောင်မသည်ကား သမင်မဖြစ်လေ၏။ ထိုသမင်မမွေးဖွားသော သမင်ငယ်များကို ဆုတောင်းအတိုင်း သစ်မသည် စားလေသည်။

## ဘီလူးမ-လူမ

သမင်မသည် သေကာနီးကာလ၌ 'ငါ၏သားငယ်တို့ကို သုံးကြိမ်တိုင်တိုင်စားပြီးနောက် ငါ့ကိုပင်စားချေဦးမည် ငါသေ

သည်ရှိသော် ဖြစ်လေရာဘဝ၌ သစ်မနှင့်တကွ သူမွေးသောသား တို့ကို စားရပါလို၏’ဟု ဆုတောင်း၍သေလေသော် ဘီလူးမဖြစ် လေ၏။ သစ်မသည် ထိုတော၌ပင်သေ၍ သာဝတ္ထိပြည် တံခါး အနီး တောရွာတွင် အမျိုးသမီးဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်ထောင်ပြု၍ သားတယောက်ကိုဖွားမြင်သည်တွင် ဘီလူးမ သည် အဆွေခင်ပွန်းအသွင်ဆောင်၍သားငယ်ကိုကြည့်ဟန်ပြုပြီး လျှင် ဝါးစား၍ပြေးလေ၏။ ဒုတိယအကြိမ်သားဖွားရာ၌လည်း ထိုနည်းတူစွာ ဘီလူးမ၏စားခြင်းကိုခံရ၏။ တတိယအကြိမ်၌ ကား လင်နှင့်တိုင်ပင်ပြီးလျှင် မိဘတို့ထံ၌သားကိုဖွားမြင်လေ၏။

## ဘီလူးမ ရေခပ်လှည့်ကျ၍ အလာနှောင်းခြင်း

တတိယအကြိမ် သားဖွားသောအခါ၌ ဘီလူးမသည် ဝေဿဝဏ်နတ်မင်းထံတွင် ရေခင်လှည့်ကျသဖြင့် အနဝတတ် အိုင်မှရေကို သယ်ယူပေးနေရသောအချိန်ဖြစ်၏။ ရေသယ်ပြီး ၍ အလှည့်မှလွတ်လေလျှင် ဘီလူးမသည် တတိယမွေးဖွားသော သားကို စားအံ့သောငှာလာသည်ရှိသော် အမျိုးသမီးငယ်နှင့် သားကိုမတွေ့သဖြင့်ရှာဖွေရာ ဇေတဝန် ကျောင်းဝန်းအတွင်း ရေကန်တွင်တွေ့သဖြင့် သားကိုလု၍စားမည်အပြုတွင် အမျိုး သမီးငယ်သည် ဇေတဝန်ကျောင်းအတွင်းသို့ဝင်၍ မြတ်စွာဘုရား အား သားငယ်ကိုအသက်ဘေးမှ ချမ်းသာရရန် လှူလေ၏။ မြတ်စွာဘုရားလည်း လက်ခံတော်မူ၏။ ဘီလူးမသည် အစဉ်

ဟစိုက်လိုက်ခဲ့ရာ တံခါးမုခ်သို့အရောက်တွင် သုမနအမည်ရှိသော တံခါးမုခ်စောင့်နတ်က ဝင်ခွင့်မပြုသည်ကို မြတ်စွာဘုရားသိတော်မူသဖြင့် ရှင်အာနန္ဒာမထေရ်ကိုခေါ်စေ၍ ဘီလူးမရောက်လျှင်ပင် မြတ်စွာဘုရားက 'အဘယ်ကြောင့် ဤသို့ပြုဘိသနည်း ငါကဲ့သို့သော မြတ်စွာဘုရား မျက်မှောက်သို့ သင်တို့မရောက်ခဲ့သည်ရှိသော် မြွေနှင့်ပြွေပါ။ ဝံနှင့်ကျား ပင်စောင့်နတ်။ ကျီးနှင့်ခင်ပုပ်တို့ကဲ့သို့ သင်တို့အား တကမ္ဘာပတ်လုံး တည်သောရန်သည်ဖြစ်လတ္တံ့။ အဘယ်ကြောင့် ရန်ကိုရန်တုံ့မူသနည်း။ ရန်မည်သည် ရန်မတုံ့မမူသဖြင့်ငြိမ်း၏၊ ရန်တုံ့မူသဖြင့် မငြိမ်းဟု မိန့်ကြားတော်မူ၏။

# ကပိလငါး ဝတ္ထု

ထိုမှတပါး 'ဓမ္မပဒ' လာ 'ကပိလရဟန်း' အကြောင်းကို ဆက်လက်တင်ပြပါဦးမည်။ လွန်လေပြီးသောအခါ 'ကဿပဗုဒ္ဓ' 'ပရိနိဗ္ဗာန်' ပြုပြီးသောကာလ၌၊ သာမိနီ အမည်ရှိသော အမျိုးသမီးကြီးအား သာဂတ, ကပိလ မည်သော သားနှစ်ယောက်နှင့် တာပနာ အမည်ရှိသော သမီးငယ်တယောက်သည် ရှိ၏။ ညီနောင်နှစ်ယောက်တို့သည် ရဟန်းအဖြစ်ခံယူကြသောအခါ မယ်တော်နှင့် နှမငယ်တို့သည်လည်း ရဟန်းမိန်းမအဖြစ် ခံယူကြကုန်၏။

ရဟန်းပြုပြီးကြသော် ညီနောင်နှစ်ပါးတို့သည် ဆရာ 'ဥပဇ္ဈာယ်' တို့အား ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက်နေကြ၏။ တနေ့သောအခါ 'အရှင်ဘုရား ရဟန်းတို့ကျင့်အပ်သော အကျင့်သည် အဘယ်မျှလောက်ရှိပါသနည်း' ဟု ဆရာအား လျှောက်

လေလျှင် ‘ဂန္ထဓုရ, ဝိပဿနာဓုရ’ ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏ဟု ဆို၏။ အကိုဖြစ်သူ ‘သာဂတ’သည် ‘ကမ္မဋ္ဌာန်း’ကို တောင်း၍ ငါးဝါတို့ ကာလပတ်လုံး တောသို့သွား၍ ‘ဝိပဿနာ’ တရားများကို ပွားများအားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

ညီတော်ဖြစ်သော ‘ကပိလရဟန်း’သည်ကား ‘ငါသည် နုပျိုသေး၏၊ အိုမင်းသောကာလမှသာ “ဝိပဿနာ”ကို အားထုတ်တော့မည်၊ ယခုမှာမူ ပိဋကတ်သုံးပုံကို တတ်မြောက်အောင် သင်ယူ ဟောပြောပို့ချဦးမည်’ဟု ကြံစည်၍၊ ‘ပိဋကတ်သုံးပုံ’ကို တတ်မြောက်အောင် သင်ယူခဲ့၏။ ယင်းရဟန်းငယ်သည် မိမိသင်ယူ တတ်မြောက်ခဲ့သော ‘ပရိယတ်’ ဂုဏ်ကျေးဇူး ကြောင့် အခြံအရံ နှင့် လာဘ်ပေါများခြင်းကြောင့် မာန်ယစ်လျက် ‘တဏှာလောဘ’ နှိပ်စက်ရကား၊ မိမိကိုယ်မိမိ အတိုင်းမသိ အထင်ကြီးပြီးလျှင် သူတပါးတို့အား နှိမ်ဘတ်သော သဘောရှိ၏။ မိမိအလို အတိုင်း အမှားကိုအမှန်၊ အမှန်ကိုအမှားဟု အနိုင်အထက်ပြော လေ့ရှိ၏။

ထိုအခါ အခြားရဟန်းတို့သည် နောင်တော် ‘သာဂတ မထေရ်’အား ညီတော်၏ မာန်မာနအကြောင်းကို လျှောက်ထား ကြသောအခါ နောင်တော်သည် ‘ကပိလရဟန်း’ထံသို့ချဉ်းကပ်၍ ‘ငါ့သျှင် သင်သည် ပဋိပတ်အကျင့်ကိုလည်း မကျင့်၊ ပဋိပတ် လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်နေကြသူတို့ကိုလည်း အနိုင် အထက်နှိပ်ခြင်းကို ပြုဘိသနည်း ဝန်လေးသောအမှုကို မပြု ပါလင့်’ဟု ဆို၍ သတိပေးစကားကို အကြိမ်ကြိမ်ပြောဆိုသော် လည်း မနာယူသဖြင့် လျစ်လျူရှုလိုက်လေ၏။

'ကပိလမဒေဆရ်'သည် မိမိ၏ မာန်ယင်ခြင်းကို သတိမထားမိပဲ နေခဲ့ရာ၊ အခြားရဟန်းတို့သည် ယင်း 'ကပိလ' အားပေါင်းသင်း ဆက်ဆံခြင်းကို မပြုကြတော့ပဲ ဖဲသွားကြကုန်၏။ 'ကပိလ'လည်း အသက်ထက်ဆုံးနေ၍၊ သေလွန်လေလျှင် 'အဝီစိငရဲ'၌ ဖြစ်ရရှာလေ၏။

## ခိုးသားငါးရာ သီလဓာကျိုး

ထိုအခါ ငါးရာသော ယောကျ်ားတို့သည် မြို့ရွာဇနပုဒ်တို့ကိုဝင်၍ ခိုးယူတိုက်ခိုက်သောအမှုကိုပြု၍ အသက်မွေးကြကုန်၏။ တနေ့သော် ခိုးသူတို့ဘည် ဇနပုဒ်သားတို့၏ဘေးမှလွတ်ရာဖြစ်သော တောတခုအတွင်းသို့ဝင်ပြေးခဲ့ကြရာ၊ ရဟန်းတပါးကိုတွေ့သဖြင့် ခိုကိုးရာကို တောင်းပန်လေ၏။ ရဟန်းလည်း 'သင်တို့သည် သီလပျက်သောသူများဖြစ်၍ ငါးပါးသီလကို ခံယူလော့၊ ယနေ့မှစ၍ သူတပါးဥစ္စာဘို့ကို မယူလင့်၊ သူတပါးအသက်ကိုသည်း မသတ်လင့်'ဟု ဆိုဆုံးမထား၏။ဇနပုဒ်သားတို့သည် ခိုးသားတို့ကိုတွေ့သောအခါ တုတ်၊ ဓား တို့ဖြင့် ထိုးခုတ်ရိုက်နှက်ကြသဖြင့် သေကြကုန်သော် သီလရှိသူများဖြစ်သဖြင့် နတ်ပြည်၌ နတ်သားငါးရာ ဖြစ်၏။ ယင်းခိုးသားတို့သည် ဗုဒ္ဓမြတ်စွာနှစ်ဆူတို့အကြားကာလတွင် လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမဗုဒ္ဓ လက်ထက်တော်၌ သာဝတ္ထိပြည်အနီး အမျိုးငါးရာရှိသော တံငါရွာကြီး၌ အသီးအသီး ဖြစ်ကြကုန်၏။

## ကပိလရဟန်း ရွှေငါးကြီးဖြစ်ခြင်း

ယင်း တံငါသည် အမျိုး၌ ဖြစ်ကြသော သူတို့သည် ကြီးပြင်းလာကြသောအခါ တနေ့သ၌ ငါးဖမ်းခြင်းငှာ ပိုက်ကွန် စသည်တို့ကိုယူ၍ မြစ်၌ချလေသော် ကွန်ယက်အတွင်း၌ ရွှေရောင် အဆင်းရှိသော ရွှေငါးကြီးတကောင်ကို ဖမ်းမိကြလေ၏။ တံငါ ရွာသားတို့သည် ထူးခြားသော ရွှေငါးကြီးကို ဖမ်းမိကြသဖြင့် ကြွေးကြော်သံများကိုပြု၍၊ မင်းထံမှ ဆုလာဘ်များကိုရရန် မင်းအား ဆက်သကြလေ၏။ ပသေနဒီ ကောသလမင်းကြီး သည် ရွှေငါးကြီးကိုမြင်တွေ့သောအခါ အလွန်အံ့ဩလျက် ယင်း ငါးကြီး၏အကြောင်း အထောက်အပံ့ သိစိမ့်သောငှာ ဗုဒ္ဓ မြတ်စွာ ကျောင်းတော်သို့ သယ်ဆောင်စေ၏။

ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်သို့ ရောက်သောအခါ မင်းကြီးလည်း ရွှေရောင်တောက်နေသော ငါးကြီး၏အကြောင်း အထောက်အပံ့ကိုမေးမြန်းလျှောက်ထားရာ 'မြတ်သောမင်းကြီး၊ ဤငါးကြီးသည် ကဿပဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ ကပိလ အမည်ရှိသော ရဟန်းသည် ဖြစ်ဖူးခဲ့၏။ ယင်း ရဟန်းသည် များသော အကြားအမြင်ရှိ၏။ ပိဋကတ်သုံးပုံဆောင်၏။ အခြံ အရံ လာဘ်လာဘ အကျော်အစောနှင့် ပြည့်စုံ၏။ သူတပါး တို့အား နှိမ်နင်းပြောဆို၏။ သာသနာ၏ အကျိုးကိုလည်း ဖျက်ဆီး၏။ ထိုမကောင်းမှုကြောင့် ရဟန်းဘဝမှ စုတေသော် ဗုဒ္ဓမြတ်စွာနှစ်ဆူအကြား၌ အဝီစိငရဲဘွင်ခံခဲ့ရပြီးလျှင် ယခုကဲ့သို့ ငါးဖြစ်လာ၏။ ပိဋကတ်စာပေကို ပို့ချခြင်း ဟောပြောခဲ့သော

အကျိုးဆက်ကြောင့် ယခုကဲ့သို့ ရွှေရောင်အဆင်းကိုရ၏။ သူဘပါး အား အကျိုးမဲ့စကားဖြင့် နှိပ်စက်ခဲ့ခြင်းကြောင့် ဤငါး၏ ခံတွင်းမှ မကောင်းသောအပုပ်နံ့သည် ထွက်၏'ဟု မိန့်တော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးနှင့်တကွ ရဟန်း ပရိသတ်၊ တံငါသည်ပရိသတ်တို့အား သံသယကင်းစေခြင်းငှာ ရွှေငါးကြီးအား စကားပြောစေ၏။ ဗုဒ္ဓမြတ်စွာက 'သင်သည် ကပိလရဟန်း ဖြစ်ခဲ့ဖူးသည်မဟုတ်ပါလော' ဟု မေးရာ၊ 'ကပိလ ရဟန်း ဖြစ်ခဲ့ဖူးပါသည်ဘုရား' ဟု လျှောက်၏။ ဆက်လက်၍ 'အဘယ်ကလာ၍ ယခုအဘယ်သို့သွားမည်နည်း' ဟု မေးတော်မူရာ 'အဝီစိငရဲကလာ၍ အဝီစိငရဲသို့ပြန်ရပါမည်၊ မယ်တော်နှင့် နှမငယ်များလည်း အဝီစိငရဲမှာပင် ရှိပါသေးသည်ဘုရား' ဟု လျှောက်၏။ 'သင်၏နောင်တော် သာဂတမထေရ်သည် အဘယ် မှာနည်း' ဟု မေးတော်မူသော်၊ 'ပရိနိဗ္ဗာန်ပြုသွားပါပြီဘုရား' ဟု လျှောက်ထားပြီးလျှင်၊ ဦးခေါင်းဖြင့်လှေနံရံကို ပုတ်ခတ် ပြီးလျှင် ထိုငကျ၍သေလေ၏။

သီလကင်းမဲ့၍ လာဘ်လာဘကိုမက်မောသော တဏှာ လောဘအလိုသို့ လိုက်သောသူတို့သည် သံသရာကိုရှည်စေ၏ဟု ဟောတော်မူသည်။

*   *   *

## စုန္ဒ ဝက်သတ်သမား ဝတ္ထု

ထိုမှဘပါး ဓမ္မဒလာသူဘပါး၏ အသက်ကိုသတ်၍ အသက်မွေးသော စုန္ဒဝက်သတ်သမား၏အကြောင်း ဝတ္ထုကား စုန္ဒဟူသော ဝက်သတ်သမားသည် ငါးဆယ့်ငါးနှစ်တို့ကာလ ပတ်လုံး ဝက်များကိုသတ်၍ ရောင်းချ စားသောက်လျက်ရှိ၏။ စုန္ဒသည် စပါးတို့ကိုသယ်ဆောင်၍ ရွာအသီးသီးသို့လှည့်လည် ပြီးလျှင် အရွယ်မရောက်သေးသောဝက်ငယ်များနှင့် လဲလှယ် ပြီးလျှင် အိမ်အတွင်း၌မွေးမြူထားလေ့ရှိ၏။ ဝက်ကလေး များကြီးပြင်းလာသောအခါ၊ သတ်အံ့သောဝက်ကိုဖမ်း၍ ကြိုး ဖြင့်တုတ်နှောင်လျက် အသားပွားစိမ့်သောငှာ လက်ရိုက်ဖြင့် တကိုယ်လုံးရိုက်နှိပ်၏။ အသားများ ဆောင်ရမ်းလာသောအခါ ကျိုက်ကျိုက်ဆူသောရေနွေးကို ခံတွင်းသို့သွန်းလောင်းလိုက်၏။ ကျိုက်ကျိုက်ဆူသောရေနွေးသည် ခံတွင်းမှ အူအတွင်းသို့ဝင်၍

မကောင်းသောအနံ့ရှိသော အစာဟောင်းများကို စအိုဝသို့တိုင်အောင် တိုက်ထုတ်၏။ ယင်းသို့သောနည်းလမ်းဖြင့် အဖန်ဖန်လောင်းထည့်ပြီးလျှင် စင်ကြယ်သောအခါ ကိုယ်ပေါ်သို့ဘဖန်ကျိုက်ကျိုက်ဆူသော ရေနွေးကိုလောင်း၏။ ရေနွေးသည် ကိုယ်ရေပြားများကိုစင်ကြယ်စေပြီး နောက် ကောက်ရိုးမီးဖြင့် အမွေးအမှင်များကိုမီးတိုက်၍ ထက်လှစွာသောဓားဖြင့် ဦးခေါင်းကိုဖြတ်၏။ ယိုစီးလာသောသွေးတို့ကို အိုးခွက်ဖြင့်ခံယူ၍၊ အသားနှင့်ရောစပ်ပြီးလျှင် အိမ်သူအိမ်သားများနှင့်အတူ ချက်၍စား၏။ ကြွင်းသောအသားတို့ကို ဈေး၌ရောင်း၏။

ယင်းကဲ့သို့ စုန္ဒဝက်သတ်သမားသည် ဇေတဝန်ကျောင်းတော်အနီး၌ ငါးဆယ့်ငါးနှစ်တိုင်တိုင် နေထိုင်ခဲ့ပါသော်လည်း တခါဖူးမျှပန်းဘပွင့်ကိုပင် လှူသည်မရှိခဲ့သည့်ပြင် ကောင်းသောအမှုကိုလည်း မပြုချေ။

တနေ့သောအခါ ယင်းစုန္ဒဝက်သတ်သမား၌ အနာရောဂါစွဲကပ်လေလျှင်၊ အဝီစိငရဲမီးကဲ့သို့ ပူလောင်ခြင်းသည်ဖြစ်၏။ အသက်ရှင်လျက်ပင်လျှင် ဝက်အသံကဲ့သို့မြည်တမ်းလျက် ဟိုမှသည်မှ ပြေးသွားလူးလှိမ့်ရှားလျက်နေ၏။ အိမ်သူအိမ်သားတို့သည် ဝက်သတ်သမား၏ခံတွင်းကို ပိတ်ကြသော်လည်း မတတ်နိုင်ကြကုန်၊ အော်မြည်သလျှင်အော်၍ ပြေးလွှားနေလေ၏။ အိမ်သူအိမ်သားတို့သည် အပြင်သို့မထွက်စေခြင်းငှာ အိမ်တံခါးတို့ကို ပိတ်ဆို့ထားကြကုန်၏။

ဆွမ်းခံကြွလာသောရဟန်းတို့သည် စုန္ဒဝက်သတ်သမား၏အိမ်အနီးသို့ရောက်သောအခါ ဝက်သံကဲ့သို့ဟစ်အော်မြည်တမ်း

သံကို နေ့စဉ်ရက်ဆက်ကြားရသဖြင့် မြတ်စွာဘုရားအား ဤသို့ လျှောက်၏။ 'အရှင်ဘုရား စုန္ဒဝက်သတ်သမားသည် မည်သို့သော မင်္ဂလာအမှုကိုပြုမည်မသိ၊ ခုနစ်ရက်တိုင်တိုင် အိမ်တွင်း၌ ဝက်တို့ကိုသတ်နေသည်ဖြစ်၍၊ ဝက်အော်သံတို့သည် ဆူညံလျက်ရှိပါသည်ဘုရား'

ဗုဒ္ဓမြတ်စွာသည် ထိုစကားကိုကြားတော်မူလျှင် 'ငါ့ရှင်တို့ စုန္ဒဝက်သတ်သမားသည် ဝက်တို့ကိုသတ်နေ၍ ဤကဲ့သို့သော အသံကို နေ့စဉ်ရက်ဆက်ခုနစ်ရက်ပတ်လုံး ကြားရခြင်းမဟုတ်၊ စုန္ဒဝက်သတ်သမားသည် မိမိပြုသောမကောင်းမှုကံအလျောက် အသက်ရှင်လျက်နှင့်ပင်လျှင် ဝက်၏အသံကိုပြုလျက် ငရဲမီး၏ ပူပြင်းသောအရှိန်ကို ခံစားနေရ၏။ သေသည်၏ နောက်ကာလ၌လည်း အဝီစိငရဲ၌ ကျရောက်တော့မည်ဖြစ်သည်' ဟု မိန့်တော်မူ၏။

ထိုမှတပါး သဂ္ဂကထာနှင့်စပ်သော ဓမ္မပဒ်လာဝတ္ထု သာဓကများကို တင်ပြပါဦးမည်။

× ⁂ ×

## ပတိပူဇိကာသတို့သမီး ဝတ္ထု

တာဝတိံသာနတ်ပြည်၌ မာလာဘာရီဟူသောနတ်သားသည် နတ်သမီးတထောင်ခြံရံလျက် နေ့စဉ်နှင့်အမျှ နတ်ဥယျာဉ်တွင် ပျော်ပါး၏။ ငါးရာကုန်သော နတ်သမီးတို့သည် ပန်းပင်ထက်သို့တက်၍ ပန်းတို့ကိုဆွတ်ချွေကြကုန်၏။ ကျန်ငါးရာသောနတ်သမီးတို့ကား ကြွေကျသောပန်းတို့ကိုကောက်ယူ၍ မာလာဘာရီ နတ်သားအား လှပစွာ တန်ဆာဆင်ကြကုန်၏။ ယင်းနတ်သမီးတို့တွင် တယောက်သောနတ်သမီးသည် တခုသော သစ်ကိုင်းထက်၌ ပန်းခူးနေစဉ်ပင်လျှင် စုတေမနေ ကွယ်လွန်ရှာသဖြင့် ခန္ဓာကိုယ်သည် ဆီမီးငြိမ်းသကဲ့သို့ကွယ်ပျောက်ခဲ့၏။

ယင်းနတ်သမီးသည် နတ်ပြည်၌စုတေ၍ သာဝတ္ထိပြည် အမျိုးတဦးအိမ် ၌ပဋိသန္ဓေယူ၏။ ဖွားမြင်သောအခါ ဘဝ
5 ဟောင်းကိုပြန်ပြောင်းအောက်မေ့နိုင်သော 'ဇာတိဿရဉာဏ်

ကိုရသဖြင့် အရှင်ဖြစ်ခဲ့သော မာလာဘာရီနတ်သားကို အမြဲ တစေအောက်မေ့လျက် အရွယ်ရောက်လာသော် နံ့သာပန်း တို့ကိုလှူတိုင်း လှူတိုင်းကာလ ကောင်းမှုပြုတိုင်းသောကာလ တို့၌ မာလာဘာရီနတ်သားနှင့် အတူပြန်၍ဖြစ်ရပါလို၏ ဟု ဆုကိုအမြဲတောင်းလေ့ရှိ၏။

ယင်းအမျိုးသမီးသည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လေလျှင် လင်ယောကျ်ားအိမ်သို့ လိုက်သွားရသော် လည်း စာရေးတံဆွမ်း လဆန်းပက္ခ လဆုတ်ပက္ခတို့၌ လှူအပ် သောဆွမ်း ဝါဆိုသင်္ကန်းတို့ကို လှူပြီးသောကာလ၌ အရှင်ဖြစ် ခဲ့ဖူးသော မာလာဘာရီနတ်သားနှင့်အတူနေရန်ကိုသာ တောင့် တ၏။ထိုအခါ ရဟန်းတို့သည် ဒါနသီလ စသော ကောင်းမှု တို့၌သာ ထကြွလုံ့လရှိခြင်း၊လင်ဟောင်းကိုသာ တောင့်တခြင်း အကြောင်းတို့ကြောင့် ယင်းအမျိုးသမီးကို 'ပတိပူဇိကာ' ဟု အမည်ပေးကြကုန်၏။

ယင်းအမျိုးသမီးကလေးသည် ဆွမ်းစားဇရပ်ကို သုတ် သင်၏၊သောက်သုံးရေတို့ကိုတည်ထား၏၊နေရာထိုင်ခင်း တို့ကို လည်း ပြုပြင်၏၊အခြားအလှူရှင်များ၏ ဆွမ်းကိုလည်း ကိုယ် စားပြု၍ ဆက်ကပ်ပူဇော်လေ့ရှိကာ၊ ယင်း အမျိုးသမီးသည် အသက်အတိုင်း နေခဲ့ရာ သားလေးယောက်ကို ဖွားမြင်ပြီး နောက်၊တခန့်သော အလှူလှူခြင်း၊ ပူဇော်ခြင်းသိက္ခာပုဒ်တို့ကို စောင့်ရှောက်ခြင်း တရားနာခြင်းကိစ္စများ ပြီးဆုံး၍ အိမ်သို့ ပြန်ရောက်လျှင်ပင် ညချမ်းအခါ၌ အနာရောဂါသည် နှိပ်စက်၍

သေဆုံးပြီးလျှင် မိမိအရှင်ဖြစ်ခဲ့ဖူးသော မာလာဘာရီ နတ်သားထံ၌ နတ်သမီးအဖြစ်ကိုရ၏။

အဖော်ဖြစ်သော နတ်သမီးတို့နှင့်တကွ မာလာဘာရီ နတ်သားသည် မိမိစုတိသည့်အချိန်ကာလအတိုင်းပင် တည်ရှိကုန်၏။ (ဤမျှလောက် လူ့ပြည်၌ သားလေးယောက် ရခဲ့သည့် အချိန်ကာလသည် နတ်ပြည်၌ ပန်းဥယျာဉ်တွင် ပန်းခူး၍ မပြီးသေးပေ)။

မာလာဘာရီနတ်သားသည် ပတိပူဇိကာကို မြင်လျှင် သော် အသင်သည် နံနက်စောစောကစ၍ မမြင်ပျောက်နေသည်မှာ အဘယ်အရပ်သို့သွားသနည်းဟု မေး၏၊ 'မှန်လှပါ အရှင် ကျွန်မသည် နတ်ပြည်မှ စုတိ၍ လူ့ပြည်သာဝတ္ထိ၌ တဦးသောအမျိုး အိမ်၌ သားလေးယောက်ဖွားမြင်သည်အထိ ကောင်းမှုကုသိုလ်များကိုပြု၍ နေခဲ့ပါသည်'ဟု ဖြေသော်—

'လူတို့၏အသက်ကား အပိုင်းအခြား မည်မျှရှိသနည်း' ဟု မေးရာ အနှစ်တရာမျှလောက် အသက်ရှည်ကြကုန်၏ ဖြေလေလျှင် 'ဤအနှစ်တရာမျှသာ အသက်ရှည်ကုန်သော လူတို့သည် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်၍ နေကြသလော၊ သို့တည်းမဟုတ် မေ့လျော့ခြင်းဖြင့် ပျော်ရွှင်စွာနေကြသလော 'မေးပြန်သော် 'အရှင် မအို-မနာ—မသေသောကိုယ်ကဲ့သို့ ထင်မှတ်၍ မေ့မေ့ လျော့လျော့ ပျော်ပါးလျက် နေကြကုန်၏'ဟု ဆိုလေ၏။

ထိုအခါ မာလာဘာရီနတ်သားဥ္မ ဤမျှလောက်တိုတောင်းသော အချိန်ကာလအတွင်း မေ့လျော့ပေါ့တန်စွာနှင့် အိပ်မောကျနိုင်ကြကုန်၏ဟု ထိတ်လန့်ခြင်း 'သံဝေဂ'သည် ဖြစ်၏။

မှတ်ချက်။ ။လူဖြစ်သော ငါတို့၏ အနှစ်တရာသည် တာဝတိံသာနတ်တို့အား 'တနေ့နှင့်တညဥ္မ' တရက်မျှ ဖြစ်၏။ ထိုရက်ဖြင့် ရက်သုံးဆယ်တလ၊ ထိုလဖြင့် တဆယ့်နှစ်လ တနှစ်၊ ထိုနှစ်ဖြင့် နတ်ဥ္မဖြစ်သော နှင်တထောင်သည် တာဝတိံသာနတ်သက် အတိုင်းအရှည်ဖြစ်၏။ ထိုနတ်သက် တထောင်သည် လူတို့အသက်အရေအတွက်အားဖြင့် သုံးကုဋေ ခြောက်သန်းတို့ ဖြစ်ကုန်၏။ ထို့ကြောင့် ပတိပူဇိကာနတ်သမီး လူ့ပြည်ဥ္မဖြစ်၍ နတ်ပြည်သို့ ပြန်ရောက်လာသောကာလသည် မာလာဘာရီနတ်သားအား တနေ့မျှသည်လည်း မလွန်သေး၊ တခဏသာ ဖြစ်၏။ ဤသို့ တိုတောင်းသော အသက်ရှိသော လူတို့အား မေ့လျော့ခြင်းငှာသည် အလွန် မသင့်လျော်သည်သာတည်း။

ရဟန်းတို့သည် နောက်တနေ့ဥ္မ ဆွမ်းခံဝင်သောအခါ ပတိပူဇိကာ သေကြောင်းကိုသိလာကြသဖြင့် ဗုဒ္ဓမြတ်စွာအား 'အရှင်ဘုရား ဤသို့သဘောရှိသော ပတိပူဇိကာ အမျိုးသမီးသည် အဘယ်အရပ်ဥ္မ ဖြစ်ပါသနည်း'ဟု မေးလျှောက်ကြလေသော် 'ပတိပူဇိကာ အမျိုးသမီးသည် သူတောင့်တသည့်အတိုင်း မာလာဘာရီနတ်သားထံတွင် ဖြစ်၏' ဟု မိန့်တော်မူပြီးလျှင် အောက်ပါဒေသနာကို ဟောတော်မူသည်။

'ချစ်သား ရဟန်းတို့၊ သတ္တဝါတို့၏ အသက်မည်သည် ကားနည်းပါးတိုတောင်းလှ၏။ ထို့ကြောင့်သာလျှင် ဤသတ္တဝါတို့ကို ဝတ္ထုကာမ တို့ဖြင့်ရှင်း၊ ကိလေသာကာမ တို့ဖြင့်ရှင်း၊ မရောင့်ရဲမတင်းတိမ်မိသာလျှင် သေခြင်းတရားသည် မိမိအလိုသို့ လိုက်စေ၍၊ ငိုကြွေးမည်ဘမ်းကုန် စဉ်တွင်ပင် ဆောင်ယူသွား ပေ၏'ဟု ဟောတော်မူသည်။

* * *

## နန္ဒိယဝတ္ထု

ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားတဦး၌ 'နန္ဒိယ' မည်သော သားတယောက်သည် ဖြစ်ထွန်းပေါ်ပေါက်ခဲ့၏။ ယင်းသတို့သားငယ်သည် မိဘတို့အဖို့ အလွန်အကျိုးများ၏။ ရတနာသုံးပါး၌လည်း ကြည်ညိုသော သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏။

ယင်း သတို့သားအရွယ်သို့ ရောက်လတ်သော်၊ မျက်နှာချင်းဆိုင် အိမ်မှ ဦးရီးတော်စပ်သူ၏သမီး 'ရေဝတီ'နှင့် ထိမ်းမြားလက်ထပ်ရန် မိဘတို့သည် အလိုရှိကြကုန်၏။ ရေဝတီသတို့သမီးသည်ကား ရတနာသုံးပါး၌ ကြည်ညိုလေးစားခြင်းမရှိ။ ကုသိုလ်ကောင်းမှုကိုလည်း ဝါသနာမပါသောကြောင့် နန္ဒိယသတို့သားသည် ယင်းအမျိုးသမီးအား မနှစ်သက်ပေ။

ထိုအခါ နန္ဒိယမိခင်သည် ရေဝတီအား ဤသို့ အကြံ ပေး၏၊ 'သမီး— သင်သည် ငါတို့သားကို အလိုရှိအံ့၊ ငါတို့ အိမ်သို့ ရဟန်းသံဃာများ ကြွလာသောအခါ ခရီးဦးကြိုဆို၍ သပိတ်ကိုလှမ်းယူခြင်း၊ ခင်းပြီးသောနေရာကိုပေးခြင်း၊ ရဟန်း သံဃာများနေထိုင်သော နေရာတွင် အမှေးနံ့သာတို့ကို လိမ်းကျံ ခြင်း၊ သောက်ရေ သုံးရေတို့ကို ရေစစ်ဖြင့် စစ်ပေးခြင်း၊ ဆွမ်း ကပ်ခြင်း၊ ဆွမ်းစားပြီးသောအခါ သပိတ်များကို ဆေးကြော ခြင်းအမှုကို ပြုပါလော့'ဟု ဆို၏။

ယင်းသို့အကြံပေးသည်ရှိသော် ရေဝတီအမျိုးသမီးသည် မိခင်ဆိုတိုင်းလိုက်နာဆောင်ရွက်လေသော် မိခင်သည်သားဖြစ်သူ နန္ဒိယအား 'ငါ့သား ရေဝတီသည် ဆိုတိုင်းပြီးသော လိမ္မာသော အမျိုးသမီးဖြစ်ပေသည်။ ရေဝတီကို လက်ထပ်ပါလော့' ဟု ဆို၍ သဘောတူသောအခါ နေ့ရက်မင်္ဂလာရွေးချယ်ပြီးလျှင် ထိမ်းမြားခြင်းအမှုကို ပြုပေးကြကုန်၏။

ရေဝတီအမျိုးသမီးသည် လင်ယောကျ်ားကိုရိုသေစွာ ပြုစုလျက် နေလာခဲ့ကြရာ သားနှစ်ယောက် ဖွားမြင်လေ၏၊ ထို့နောက် မိဘတို့သည် အစဉ်အတိုင်းသေကြကုန်သော် နန္ဒိယ အမျိုးသားသည် မြတ်သောအလှူရှင်ကြီးအဖြစ် ကျော်ကြား ခဲ့ပြီးနောက် သံဃာတော်တို့အား စောင့်ရှောက်ခြင်း၊ လိုအပ် သောပစ္စည်းလေးပါးတို့ဖြင့် စောင့်ရှောက်ခြင်း၊ တရားနာခြင်း အမှုတို့ကိုပြုလျက် ကျောင်းလှူခြင်း၏အကျိုးဆက်ကို ယုံကြည်

ခြင်းသဒ္ဒါဖြင့် 'ဣသိပတန မဟာဝိဟာရ' ကျောင်းတိုက်ကြီး၌ တိုက်ခန်းလေးသွယ်တို့ဖြင့် တန်ဆာဆင်အပ်သော မုခ်ထွင့်လေးခုရှိသော ကျောင်းကိုဆောက်လုပ်စေပြီးလျှင် ဗုဒ္ဓအမှူးရှိသော သံဃာအပေါင်းတို့အား အလှူကိုပေး၍ ဗုဒ္ဓမြတ်စွာအား မြတ်သော အလှူရေစက်ကို သွန်းချလှူဒါန်း ပူဇော်လေ၏။ ဗုဒ္ဓလက်ထက်တော်အခါ၌ အလှူရေစက်ကျရောက်သည်နှင့်တပြိုင်နက်သာလျှင် သာဝတိံသာနတ်ပြည်ဝယ် အလုံးစုံသောအရပ်မျက်နှာတို့၌ တဆယ့်နှစ်ယူဇနာရှိသော အသက်သို့ယူဇနာတရာအစောက်ဖြင့်မြင့်သော ရတနာခုနစ်ပါးဖြင့်ပြီး၍ နတ်သမီးအပေါင်းနှင့်ပြည့်သော နတ်၏ပြာသာဒ်သည် ပေါ်ပေါက်နှင့်လေ၏။

ထိုအခါ တနေ့သ၌ ရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ဒေသစာရီကြွချီတော်မူသတ်သည်ရှိသော် ထိုပြာသာဒ်၏အနီး၌ရပ်လျက် မိမိထံမှောက်သို့ ရောက်လာကြကုန်သောနတ်သားတို့အား ဤဗိမာန်သည် အဘယ်သူတို့အတွက်ပေါ်ပေါက်နေသနည်းဟုမေးလတ်သော် နန္ဒိယသူကြွယ်သည် ဣသိပတနအရပ်၌ ဗုဒ္ဓမြတ်စွာအားကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်းကြောင့် ဤဗိမာန်သည် နန္ဒိယသူကြွယ်အတွက် အသင့်ပေါ်ပေါက်ခဲ့ပါသည်ဘုရားဟု လျှောက်ကြကုန်၏။

## 'ကောင်းမှုရှင်ကို နတ်သမီးများကမှာကြားခြင်း'

ဗိမာန်အတွင်းမှ နတ်သမီးတို့သည် အရှင်မောဂ္ဂလာန် မထေရ်မြတ်ကိုမြင်လေလျှင် ဗိမာန်မှဆင်းသက်၍ ဤသို့မှာကြား ကြကုန်၏။ 'အရှင်ဘုရား တပည့်တော်မတို့သည် ဗိမာန်ရှင်ဖြစ် သောနန္ဒိယသူကြွယ်အား စောင့်မျှော်လျက်ရှိကြပါသည်၊ နန္ဒိယ သူကြွယ်ကိုတွေ့ချင်ကြပါပြီ၊ နန္ဒိယသူကြွယ်မရောက်သေးသဖြင့် ပျင်းရိငြီးငွေ့ခြင်း ဖြစ်နေရပါသည်၊ မြေခွက်နှင့်တူသောလူ့ လောကကိုစွန့်၍ ရွှေခွက်နှင့်တူသောနတ်စည်းစိမ်ကို စံစားဖို့ရန် အမြန်လာခဲ့ဖို့ရန် အကြောင်းကြားပေးပါဘုရား' ဟု မှာကြား လိုက်ကြ၏။

ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် လူ့ပြည်ဇေတဝန အရပ်သို့ ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်၏။ 'အရှင်ဘုရား လူ့လောက၌ ကောင်းမှုပြုသော ပုဂ္ဂိုလ်၏အတွက် တာဝတိံသာနတ်ပြည်တွင် ကြိုတင်၍ဗိမာန် ပေါက်ခြင်းသည် ဖြစ်ကောင်းပါ၏လော'

ထိုအခါ ဗုဒ္ဓမြတ်စွာက 'အသို့နည်း ရှင်မောဂ္ဂလာန်၊ သင်ကိုယ်တိုင်ပင်လျှင် နန္ဒိယသူကြွယ်အတွက်ပေါ်ပေါက်ပြီးဖြစ် သောဗိမာန်ကို မြင်တွေ့ခဲ့ပြီမဟုတ်တုံလော၊ ရှင်မောဂ္ဂလာန် အချိန်ကြာမြင့်စွာ ကွေကွင်းနေသော အဆွေအမျိုးတို့သည် ယခုမှရောက်လာသူအား သူ့ထက်ငါအလျှင် ဝမ်းမြောက်ဝမ်း သာကြိုဆိုဘိသကဲ့သို့ ဘဝတခုသို့ ပြောင်းသွားသောသူအား

သူ၏ကုသိုလ်ကောင်းမှုအကျိုးဆက်သည် ခရီးဦးကြိုဆိုလျက်ရှိပေသည်၊ နတ်လောက၌ နတ်တို့သည် ယခုမှရောက်လာသောနတ်ယောကျ်ားအားရင်း၊ နတ်မိန်းမအားရင်း ဝမ်းမြောက်ဝမ်းသာကြိုဆိုကြကုန်၏' ဟု ဟောကြားတော်မူ၏။

ထိုမှတပါး 'မဂ္ဂကထာ' နှင့် 'ဇာမာဒိနဝကထာ'များကိုပေါင်းစပ်ဟောကြားသော်မူအပ်သော 'ဓမ္မပဒ' လာ ဝတ္ထုသာဓကများကို ဆက်လက်တင်ပြပါဦးမည်။

# ကိသာဂေါတမီထေရီမ ဝတ္ထု

သာဝတ္ထိပြည်၌ တယောက်သောသဌေး၏အိမ်တွင် ကုဋေလေးဆယ်သောဥစ္စာတို့သည်မီးသွေးချည်းသာဖြစ်လေကုန်၏။ သဌေးကြီးသည် ကုဋေလေးဆယ်သောဥစ္စာတို့အစား မီးသွေးများကိုသာမြင်တွေ့နေရသဖြင့် အစာအဟာရကိုပင် မစားသောက်တော့ပဲ ညောင်စောင်း၌လျောင်း၍ ပူဆွေးခြင်းသည်ဖြစ်၏။ ထိုအခါ အဆွေခင်ပွန်းတယောက်သည် သဌေးကြီး၏ဆင်းရဲခြင်းကိုသိသဖြင့် ဤသို့အကြံပေး၏၊ 'သဌေး သင်သည် မိမိ၏အိမ်ဈေး၌ဈေးဆိုင်ဖွင့်၍ ဖျာများကိုခင်းပြီးလျှင် မီးသွေးတို့ကိုပုံထားပါလေ၊ ဈေးဝယ်သူတို့သည် သင်ရောင်းသောမီးသွေးတို့ကိုကိုင်ကြည့်ပြီးလျှင် သင်သည်အဘယ်ကြောင့် အခြားသူများကဲ့သို့သော ဆီများ တင်လဲတို့ကိုမရောင်းပဲ မီးသွေးတို့ကို

ရောင်းသလဲဟုဆိုရာ၏၊ အကယ်၍တဦးတယောက်သောသူသည် မီးသွေးတို့ကိုကိုင်ကြည့်ပြီးလျှင် သဌေး အဘယ်ကြောင့်ရွှေငွေတို့ကိုရောင်းသနည်းဟု မေးသည်ရှိသော်၊ ထိုသူ၏လက်ကိုဆွဲ၍ ရွှေငွေတို့ကိုပြလော့ ယူပေးလော့ဟု ပြောပြီးလျှင် အကယ်၍ ယင်းယူပြသူသည် အမျိုးသမီးဖြစ်အံ့၊ သင်၏သားနှင့်လက်ထပ်၍ ကုဋေလေးဆယ်သောဥစ္စာတို့ကို ယင်းအမျိုးသမီးအားအပ်ပါလေ၊ အကယ်၍အမျိုးသားဖြစ်က သင်၏အရွယ်ရောက်ပြီးသောသမီးကိုပေး၍ ကုဋေလေးဆယ်သောဥစ္စာတို့ကို အပ်ပါလေ၊ အပ်ပြီးသောအခါမှသာ ထိုအမျိုးသမီး အမျိုးသားတို့ဝေငှသောဥစ္စာကိုသာ သုံးစွဲပါလေ’ ဟု အကြံပြု၏။

## ‘မီးသွေးမှ ရွှေငွေဖြစ်ခြင်း’

သဌေးလည်း အဆွေခင်ပွန်း မှာကြားသည့် အတိုင်း ဆောင်ရွက်လေလျှင်၊ ဥစ္စာပျက်သောအမျိုးမှ ကိသာဂေါတမီ အမည်ရှိသော အမျိုးသမီးသည် ဈေးဝယ်ရန်လာလတ်သော် သဌေးကိုမြင်သဖြင့် ‘သခင်သဌေးကြီး အဘယ်ကြောင့်ရွှေငွေတို့ကိုပုံ၍ရောင်းနေဘိသနည်း’ ဟု မေး၏၊ သဌေးကြီးကလည်း ‘သမီးအဘယ်မှာရွှေငွေတို့နည်း ရွှေငွေတို့ကိုယူပေးပါ’ဟု ဆို၏၊ ကိသာဂေါတမီလည်း စုပုံထားသော မီးသွေးများကိုယူ၍ သဌေးကြီး၏လက်သို့ဆည့်၏၊ ယူတိုင်းသောမီးသွေးတို့သည် ရွှေငွေတို့သာဖြစ်ကုန်၏။

ထိုအခါ သင်္ဘေးကြီးသည် ကိသာဂေါတမီအား မိဘတို့ထံမှတောင်း၍ သားနှင့်တကွ ကုဋေလေးဆယ်သော ဥစ္စာတို့ကိုအပ်၏။ ဆယ်လွှလွန်သော် ကိသာဂေါတမီ၌ သားဦး ရတနာသည် ဖွားမြင်၏။ သားငယ်သည် ခြေဖြင့်သွားနိုင်သော အရွယ်သို့ရောက်လတ်သော် သေလွန်ရှာလေ၏။

## သားသေကို ပိုက်၍ အသက်ရှင်ဆေး ရှာခြင်း

ကိသာဂေါတမီသည် သေခြင်းတရားကို တခါဖူးမျှ မကြုံဖူးရကား၊ သေသောသူကို ရှင်အောင် ကုစားနိုင်သော ဆရာသည် ရှိကောင်း၏ဟု ယူဆ၍၊ သားငယ်အလောင်းကို မသင်္ဂြိုဟ်ပဲ၊ သားသေကိုပိုက်၍ ရူးသောအသွင်ဖြင့် လှည့်လည် ရှာဖွေလေလျှင် တခုသောလမ်း၌ ပညာရှိယောကျာ်း တယောက်ကိုတွေ့ရာ၊ သားငယ်အား ရှင်အောင်ပြုနိုင်သော ဆေးကိုတောင်းလေသော် 'ချစ်သမီး ငါကား သေသောသူအား အသက်တဖန်ပြန်ရှင်စေခြင်းငှာ မတတ်နိုင်၊ သို့ရာတွင် ဆေးကိုသိသော သမားတော်ကြီးကို ငါသိ၏။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ရှိသော သဗ္ဗညုတ အရှင်သည် သိ၏၊ သွားလေလော့'ဟု ညွှန်လိုက်၏။

ကိသာဂေါတမီသည် သားသေကို ပိုက်လျက်ပင် ဗုဒ္ဓ မျက်မှောက်တော်သို့ရောက်သောအခါ 'အရှင်ဘုရား ဘုန်းတော် ကြီးတော်မူသော အရှင်ဘုရားသည် တပည့်တော်မ၏ သားသေ

ကို ရှင်စေတတ်သော ဆေးကိုသိပါသလော'ဟု လျှောက်၏။ 'ငါ သိ၏'ဟု ဖြေသော်၊ အဘယ်အရာသည် အသက်ရှင်စေသော ဆေးဖြစ်ပါမည်နည်း'ဟု ဆက်လက်လျှောက်ထားပြန်၏။ ဗုဒ္ဓမြတ်စွာလည်း 'ချစ်သမီး-တစုံတယောက်မျှမသေဖူးသော အိမ်မှ အနည်းငယ်မျှသော မုန်ညင်းစေ့ကို ရလျှင် ကောင်း၏' ဟု မိန့်တော်မူ၏။

ကိသာဂေါတမီလည်း သားသေကိုပိုက်ချီ၍ ရွာတွင်း၌ တအိမ်ဆင်း တအိမ်တက်နှင့် တစုံတယောက်သောသူမျှ မသေဖူးသောအိမ်ကို ရှာပါသော်မတွေ့၊ တစုံတယောက်သေဖူးသောအိမ်များကိုသာ တွေ့ရလေသော်၊ ဤအမှုကားပင်ပန်းလေစွတကား၊ ငါသည်သာလျှင် ငါ၏သားသေသည်ဟု ထင်မိခြင်းသည် မှားလေစွ၊ သေသူနှင့် အသက်ရှင်သောသူတို့ကို နှိုင်းယှဉ်ပါလျှင် သေသူကသာ များလေစွဟူသော အသိဉာဏ်သည်ဖြစ်လေသော် ပိုက်ချီထားသော သားသေအပေါ်၌ ကပ်ငြိသော ချစ်ခြင်းတဏှာသည် တခဏချင်းပျောက်ကွယ်ခြင်းသို့ရောက်လျက် သားသေကိုပစ်ပြီးလျှင် ဗုဒ္ဓမြတ်စွာထံမှောက်၌ရောက်၏၊ ဗုဒ္ဓမြတ်စွာလည်း 'သင့်သားအတွက် မုန်ညင်းစေ့ရခဲ့သလော'ဟု မေးတော်မူရာ၊ မရခဲ့ကြောင်း၊ သေဖူးသော အိမ်များကိုသာ တွေ့ခဲ့ကြောင်း လျှောက်ထား၏။ 'မှန်၏။ ချစ်သမီး သေခြင်းတရားသည် မြဲသောသဘောဖြစ်၏၊ သတ္တဝါတို့အား သေခြင်းတရားသည် အလိုဆန္ဒမပြည့်စုံမီသာလျှင် ပြင်းစွာသော ရေ၏အလျင်ကဲ့သို့ ဆွဲငင်၍ အပါယ်ဟူသော သမုဒ္ဒရာ၌ ပစ်ချတတ်၏ မိန့်တော်မူ၏။

## 'ကိသာဂေါတမီ ဘိက္ခုနီမဖြစ်ခြင်း'

ကိသာဂေါတမီသည် သာသနာတော်၌ ရဟန်းအဖြစ်ကို တောင်းပန်လေသော်၊ ဗုဒ္ဓမြတ်စွာလည်း ရဟန်းမိန်းမတို့ထံ စေလွှတ်၍ရဟန်းပဉ္စင်းအဖြစ်ရစေ၏။ ရဟန်းပဉ္စင်းအဖြစ်ရပြီးသော် တနေ့သ၌ ဥပုသ်အိမ်၌ဝတ်ပြုရန်အလှည့်ရောက်သဖြင့် အလင်းရောင်အလို့ငှါ ဆီမီးထွန်းလျက်နေစဉ် ဆီမီးလျှံတို့ ဖြစ်ပေါ်ပျောက်ပျက်နေသည်၏ သဘာဝကို ဦးနှောက်တွင်ထင်မြင်ရကား သတ္တဝါတို့သည်လည်း ထို့အတူသာလျှင် ဖြစ်ပြီးလျှင်ပျက်ကြကုန်၏၊ နိဗ္ဗာန်ရောက်သူတို့သာလျှင် အဖြစ်အပျက်ကင်းကုန်၏ဟု အာရုံယူစဉ်တွင်ပင်၊ ဗုဒ္ဓမြတ်စွာသည် ရောင်ခြည်တော်ကိုပျံ့နှံ့စေလျက် ကိသာဂေါတမီထေရီ၏ မျက်မှောက်၌ရောက်ဘိသကဲ့သို့ 'ချစ်သမီးဂေါတမီ သင်နှလုံးသွင်းသကဲ့သို့သာလျှင် သတ္တဝါတို့သည် ဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်သည်းချုပ်ကုန်၏၊နိဗ္ဗာန်ဝင်စံသူများသာလျှင် မထင်နိုင်ကြကုန်၊ ဤသို့နိဗ္ဗာန်ကိုမမြင်သောသူတို့၏ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် နိဗ္ဗာန်ကိုမြင်သောသူ၏ တခဏမျှ အသက်ရှည်ခြင်းသည်မြတ်၏' ဟု ဟောတော်မူ၏။

ကိသာဂေါတမီထေရီမသည် နေ့မြဲတိုင်းဖြင့်သာလျှင်၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာမဖြစ်လေ၏။

## ဇနပဒကလျာဏီ ရူပနန္ဒာထေရီ ဝတ္ထု

ထိုဇနပဒကလျာဏီမည်သော ရူပနန္ဒာမင်းသမီးသည် တနေ့သ၌ ဤသို့ကြံစည်မိလေ၏။ ‘ငါ၏မောင်တော်အကြီး သိဒ္ဓတ္ထမင်းသားသည် မင်းတို့၏စည်းစိမ်ကိုစွန့်၍ ရဟန်းပြုပြီးလျှင် လောက၌အမြတ်ဆုံးပုဂ္ဂိုလ် ဗုဒ္ဓစင်စစ်ဖြစ်တော်မူလေပြီ။ သားတော်ရာဟုလာမင်းသားကလေးသည်လည်း ရဟန်းပြုလေပြီ၊ ငါ၏ လင်ဖြစ်သူ မောင်တော်နန္ဒာမင်းသားသည်လည်း ဗုဒ္ဓထံတော်မှ ပြန်မလာတော့ပေ၊ မယ်တော်ဂေါတမီမှာကား ဘိက္ခုနီဖြစ်သွားသည်မှာ ကြာမြင့်လေပြီ၊ ဤမျှလောက်သော ဆွေတော်မျိုးတော်တို့သည် နန်းတော်၌ မနေကြပဲ ရဟန်းအဖြစ်ကိုခံယူကြပါလျက် ငါတယောက်တည်းအိမ်၌နေခြင်းသည် မသင့်၊ ငါသည်လည်းရဟန်းပြုအံ့ဟုကြံစည်လျက် ဘိက္ခုနီမတို့ထံသွားပြီးလျှင် ရဟန်းပြုလေ၏။

ရူပနန္ဒာမင်းသမီးသည် ဗုဒ္ဓမြတ်စွာ၏အဆုံးအမကို ကြည်ညိုသောကြောင့် ရဟန်းပြုသည်မဟုတ်၊ ဆွေတော်မျိုးတော်တို့ကို ချစ်ခင်ခြင်းကြောင့်သာလျှင် ရဟန်းအဖြစ်ကိုခံယူသည်ဖြစ်၏။ ရူပနန္ဒာမင်းသမီးသည် သာကီဝင်မင်းသမီးတို့တွင် ယသော်ဓရာမင်းသမီးကို ချန်လှပ်၍ ရုပ်ရည်လှပခြင်းနှင့်ပြည့်စုံခြင်းကြောင့် ကျော်စောထင်ရှား၏။ ဗုဒ္ဓမြတ်စွာသည် ရုပ်၌လည်းကောင်း၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့၏ မမြဲကြောင်း၊ဆင်းရဲကြောင်း၊ မိမိအလိုသို့ မလိုက်ကြောင်း၊ ရုပ်၌မနှစ်သက်အပ်ကြောင်းတို့ကို နေ့စဉ်နှင့်အမျှ ဟောကြားတော်မူခြင်းကြောင့် ဗုဒ္ဓမျက်မှောက်တော်သို့ တခါတခေါက်မျှ မလာရောက်ပေ၊ သို့ရာတွင် ရဟန်းပရိသတ်နှင့်တကွ သာဝတ္ထိပြည်သူပြည်သားတို့သည် ဗုဒ္ဓအထံတော်သို့ နေ့ညမပျက်သွားရောက်၍ပူဇော်ခြင်း၊ တရားနာခြင်းတို့ကိုပြုပြီးနောက် အပြန်တွင် ဗုဒ္ဓမြတ်စွာ၏ အသရေတော်, အသံတော်, သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကိုသာ ချီးမွမ်းပြောဆိုခြင်းတို့ကို အခါခပ်သိမ်းကြားနေရလေလျှင်၊ ငါ့မောင်တော်၏ ဂုဏ်ကျေးဇူးသည် အဘယ်မျှလောက်မြင့်မြတ်ခြင်းကြောင့်လူတို့သည်အလွန်အကြူးချီးမွမ်း၍နေကုန်အောင်ဖြစ်ဘိသနည်း၊ ငါသည်လည်း အခြားဘိက္ခုနီများကဲ့သို့ မောင်တော်၏အသရေတော်ကို ဖူးမျှော်ရန်လိုက်တော့မည့်အကြောင်း၊ အခြားဘိက္ခုနီတို့အား အကြောင်းကြားထားလေ၏။

များစွာသောဘိက္ခုနီမတို့သည်၊ နှမတော်ရူပနန္ဒာကိုအမှီပြု၍၊ထူးခြားသောတရားဒေသနာတော်ကို ကြားနာရတော့မည်

ဖြစ်သဖြင့်ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးလျှင် ရူပနန္ဒာဘိက္ခုနီမအား ကျောင်းတော်သို့ပါအောင် ဆွဲဆောင်ကြကုန်၏။

## 'ရူပနန္ဒာအား လက်တွေ့တရားပြခြင်း'

ဗုဒ္ဓမြတ်စွာသည် ယနေ့တွင်ပင် နှမတော်ရူပနန္ဒာ ဘိက္ခုနီမသည်ငါ့ထံတော်သို့ချတ်ရောက်မည်ကိုသိတော်မူသည်နှင့် ရူပနန္ဒာ၏စရိုက်နှင့်လျော်ကန်သင့်မြတ်သော လက်တွေ့တရားကိုပြ၍ ဟောတော်မူအံ့သောငှာ အလွန်ရုပ်အဆင်းလှပပြေပြစ်သော တဆယ့်ခြောက်နှစ် အရွယ်ရှိသော မိန်းမငယ်တယောက်ကိုဖန်ဆင်းပြီးနောက် နီမြန်းသောအဝတ်ကို ဝတ်ဆင်စေလျက် အလုံးစုံသော တန်ဆာတို့ဖြင့်မွမ်းမံပြီးလျှင် ယပ်ကိုကိုင်စေ၍ ကိုယ်တော်မြတ်အားဝတ်ပြု၍ နေသင့်စေ၏။ ယင်းဖန်ဆင်းထားသော အမျိုးသမီးငယ်ကို ဗုဒ္ဓမြတ်စွာနှင့်တကွ ရူပနန္ဒာဘိက္ခုနီမှတပါး အခြားတရားနာပရိသတ်တို့ မမြင်ကြကုန်။

ရူပနန္ဒာဘိက္ခုနီသည် အခြားဘိက္ခုနီမများနှင့်အတူ ကျောင်းတော်တွင်း ဓမ္မာလ္လင်ခန်းမဆောင်သို့ ဝင်လာသည်ရှိသော် ဗုဒ္ဓမြတ်စွာသည် တလံမျှလောက်သောရောင်ခြည်တော်ကို ထွန်းသင်းစေလျက် ကြည်လင်တောက်ပသောမျက်နှာတော်ဖြင့် ပရိသတ်အပေါင်းအားကြိုဆိုလင့်၏၊ ရူပနန္ဒာလည်း ခေါင်းတော်၏အသရေတော်ကိုဖူးမြော်လျက်ပင် ဖန်ဆင်းထားသော အမျိုးသမီးငယ်ကိုမြင်လေလျှင်၊ယင်းအမျိုးသမီးငယ်အား

စူးရှသောမျက်လုံးအစုံတို့ဖြင့်ကြည့်၍ မိမိစိတ်၌ 'ဤအမျိုးသမီးငယ်၏အဆင်းကား ငါနှင့်မနှိုင်းယှဉ်အပ်ပေ၊ ငါ၏အဆင်းသည် ရွှေဟင်္သာ၏အလယ်တွင်ရောက်သောကျီးမနှင့်မခြားပါတကား' ဟု မိမိကိုယ်၏ အလှကိုနှိမ့်ချ၍ ရူပနန္ဒာ၏ မျက်လုံးတို့သည် ချာချာလည်သကဲ့သို့ဖြစ်ကုန်၏၊ မိမိ၏စိတ်သည်လည်း ထိုအမျိုးသမီးငယ်၏ အဆင်းသို့ပြေးဝင်လျက် ကြီးစွာသောချစ်မြတ်နိုးခြင်းသည် ဖြစ်လေ၏။

ဗုဒ္ဓမြတ်စွာသည် ရူပနန္ဒာ၏စိတ်အစဉ်ကို သိတော်မူမြင်တော်မူရကား၊ တရားတော်ကိုချီးမြှောက်နေစဉ်ပင် ယင်းအမျိုးသမီးငယ်၏အရွယ်ကို တဖြည်းဖြည်းရင့်ကျက်စေလျက်၊ အိုမင်းရင့်ရော်သော အမယ်အိုအဆင့်သို့ကျစေ၏၊ ရူပနန္ဒာလည်း ယင်းအမျိုးအမီးအပေါ်၌ ချစ်မြတ်နိုးသောစိတ်တို့သည် ရုပ်၏ပျက်ဆီးခြင်းနှင့်တကွ ဆုတ်နစ်ကုန်၏၊ ဆံဖြူသွားကျိုး၊ ခါးကိုင်းနားထိုင်းသောအသွင်မှ နံရိုးကျဲတဲ မတည်တံ့နိုင်သောလဘော၏ကို ကြည့်နေစဉ်ပင်၊ ဖန်ဆင်းထားသောမိန်းမအိုကြီးသည် လက်မှ ယပ်ကိုလွှတ်ပြီးလျှင် မြေ၌ကျ၍ ရုပ်၏ဖောက်ပြန်မှုကြောင့် ပေါ်ပေါက်လာသော ဝေဒနာကို မခံမရပ်နိုင်ပဲ ငိုကြွေး မြည်တမ်းလျက် မိမိ၏ကျင်ငယ် ကျင်ကြီးတို့အကြားတွင် လူးလိမ့်ကာ သေခြင်းသို့ရောက်လေ၏။

ရူပနန္ဒာလည်း ယင်းသို့ စက်ဆုပ်ဖွယ် မနှစ်မြို့ဖွယ်ရာတို့ကို မျက်ဝါးထင်ထင်မြင်ခြင်းဖြင့် ရုပ်၌တပ်မက်သော လောဘဘဏှာ

ဆည် တဒင်္ဂကင်းပြတ်လေလျှင်၊ ဖန်ဆင်းထားသော အသေကောင်မှ ဖူးဖူးယောင်သော ကိုယ်လုံးမှ သွေးပုပ်ပြည်ပုပ်တို့ ယိုစီးလျက်၊ ပိုးလောက်တို့သည် ထွက်၏။ ကျီးတို့သည် စည်းဝေးကုန်လျက် ဆွဲငင်စားသောက်ကြကုန်၏။ ယင်းအဖြစ်အပျက်ကို အစဉ်အတိုင်းမြင်တွေ့နေရသော ရူပနန္ဒာသည် မိမိ၏စိတ်၌ ယင်းဖန်ဆင်းထားသော အမျိုးသမီးနှင့် အတူသာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် ထင်ရှားဖြစ်ပေါ်လျက်ရှိ၏။

ထိုအခါ ရူပနန္ဒာ၏ စိတ်၌ သုံးပါးသောဘုံဘဝတို့သည် ထိန်ထိန်တောက်လောင်ဘိသကဲ့သို့ လည်းကောင်း၊ လည်ပင်း၌ ဆွဲအပ် ဖွဲ့အပ်သော အကောင်ပုပ်ကဲ့သို့ ထင်မြင်လျက် ကမ္မဋ္ဌာန်းအာရုံသို့ မရှု့ရှုပြေးဝင်လေ၏။

အလုံးစုံသော ဓမ္မအပေါင်းကို ဓမ္မအတိုင်း သိတော်မူ မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

(ယိုယွင်းပျက်စီး ဆွေးမြေ့ခြင်း လက္ခဏာရှိသော၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါတို့ကို ပုန်းအောင်းရာသဘောရှိသော၊ နောက်ဆုံး၌ အသက်ကိုစွန့်ပစ်ရသော သေခြင်းသဘောရှိသော၊ မူးယစ်ထောင်လွှားတတ်သော သဘောရှိသော၊ သူတပါး၏ကျေးဇူးကို ချေဖျက်တတ်သော သဘောရှိသော၊ တရားဆိုးတို့ကို သိုလှောင်၍ထားသော ဤခန္ဓာကိုယ်သည် ကောက်ပဲသီးနှံတို့ သိုလှောင်ရန် တည်ဆောက်ထားသော ကျီကျကဲ့သို့၊ အရိုးပေါင်းသုံးရာတို့ကို တိုင်ထူ၍ အကြောကိုးရာတို့ဖြင့် တုပ်နှောင်ချည်ဖွဲ့လျက် အသားတစ်ပေါင်း ကိုးရာနှင့်

ဘက္ခ သေ့ွးတို့ဖြင့် လိမ်းကျံပြီးလျှင် အရေတူ အရေပါးဖြင့် နှံ့လျှမ်းအပ်သော ဤအပုပ်ကောင် ခန္ဓာစုသည် တပ်မက်ခြင်းငှာ မထိုက်၊ ရုပ်နန္ဒာ မြင်အောင်ရှုလော့၊ ဓမ္မကို ဓမ္မအတိုင်း မြင်အောင် ရှုလော့)ဟု မိန့်တော်မူသည်၏ နိဂုံး၌ ရုပနန္ဒာထေရီ သည် အရဟတ္တဖိုလ်၌ တည်လေ၏။

* * *

## စက္ခုပါလမထေရ်ဝတ္ထု

မဂ္ဂကသာ ကာမာဒိနဝကထာများနှင့် ဆက်စပ်ဟော ကြားတော်မူအပ်သော ဓမ္မပဒလာ စက္ခုပါလမထေရ်ဝတ္ထု အကြောင်းကား အောက်ပါအတိုင်းဖြစ်သည်။

သာဝတ္ထိပြည်၌ မဟာသုဝဏ္ဏအမည်ရှိသော သူကြွယ် တယောက်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပါသော်လည်း သားသောက် သမီးခံ တဦးတယောက်မျှ မပေါ်ပေါက်သည့် ရှိသော် သူကြွယ်သည် တောစိုးသစ်ပင်တပင်စောင့် နတ်ထံမှ သားဆုကိုတောင်း၍ များစွာသော ပူဇော်မှုကိုပြု၏။

### မဟာပါလ စူဠပါလ သားနှစ်ယောက်ရခြင်း

မကြာမြင့်မီပင် သုဝဏ္ဏသူကြွယ်၏ မယားသည် သားဦး ရတနာကိုဖွားမြင်လေ၏။ တောစိုးသစ်ပင်စောင့်နတ်၏ အကူအညီ

ဖြင့် ရသော သားဖြစ်သဖြင့် 'ပါလ'ဟူသော အမည်ကိုပေး၏။ ယင်း သူကြွယ်ကတော်၌ နောက်ထပ်တဖန် ဒုတိယသားကိုဖွားမြင်လေသော် အကြီးသားအား မဟာပါလ အမည်ကို ပြောင်းလွှဲမှည့်ခေါ်စေ၍၊ ဒုတိယသားအား စူဠပါလ ဟု အမည်ပေး၏။

ယင်း သူကြွယ်သား ညီနောင်တို့သည် အမိအဘတို့၏ အမွေအနှစ်ကိုခံစားစံစား၍ အိမ်ထောင်ခြင်းအမှုကိုပြု၍ နေကြကုန်၏။

ထိုအခါ၌ ဗုဒ္ဓမြတ်စွာသည် ငါးဦးသော ရဟန်းဖြစ်သော ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ တို့အား ဓမ္မစကြာဒေသနာတော်ကို ဟောကြားပြီးလျှင် အစဉ်အတိုင်း ကြွလာတော်မူ၍ အနာထပိဏ်သဌေးကြီးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို စွန့်လွှတ် ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ လူအပေါင်းတို့အား နှစ်ရွာခရီး၌လည်းကောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ခရီး၌လည်းကောင်း တည်စေတော်မူလျက် သီတင်းသုံးနေတော်၏။

မှတ်ချက်။ ။ဗုဒ္ဓမြတ်စွာသည် မယ်တော်ဘက်မှ ရှစ်သောင်း၊ ခမည်းတော်ဘက်မှ ရှစ်သောင်း၊ ဤ တသိန်း ခြောက်သောင်းသော ဆွေတော် မျိုးတော်တို့ ဆောက်လုပ်လှူဒါန်းအပ်တော နိဂြောဓာရုံကျောင်းတော်၌ တဝါသာလျှင် ဝါဆိုတော်မူ၏။ ဝိသာခါ ဒါယိကာမကြီး နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ကို အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်ကြီး၌ ခြောက်ဝါပတ်လုံး ဝါဆိုတော်မူ၏။ အနာထပိဏ်သည် လည်းကောင်း၊ ဝိသာခါသည်လည်းကောင်း၊

တနေ့မျှ ဗုဒ္ဓထံတော်သို့မရောက်သည်ဟူ၍မရှိ၊ နံနက်ခင်း၌ ခဲဖွယ် ဘောဇဉ်တို့ကို လက်စွဲ၍သွားကြ၏။ ညနေခင်းတွင်မူကား ငါးပါး သော ဆေးတို့ကိုလည်းကောင်း။ ရှစ်ပါးသော အဖျော်တို့ကို လည်းကောင်း ယူဆောင်၍သွားကြကုန်၏။

နေ့တိုင်းနေ့တိုင်းတို့၌ နေအိမ်တို့တွင် နှစ်ထောင်သော သံဃာများအား ဆွမ်းလုပ်ကျွေးခြင်း၊ ချိုချဉ်ခဲဖွယ်တို့ကို ကပ်လှူ ပူဇော်ခြင်းပြု၏။ အနာထပိဏ်သဌေးသည် ကျောင်းတော်သို့ နေ့စဉ်ပင်ရောက်သော်လည်း ဗုဒ္ဓအား ပြဿနာမေးလျှောက်မှု ကိုကား ဘယ်သောအခါမျှမပြုခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာသည် မင်းအဖြစ်မှပေါက်ဖွားလာသူဖြစ်သဖြင့် အလွန် ကိုယ်စိတ်နုလုံးနူးညံ့သိမ်မွေ့၏။ အကယ်၍ ပြဿနာတင်ပါက ဤသဌေးသည် ငါ့အတွက် အကျိုးများပေစွဟု တရားစကားကို များများပြောဟောသည်ရှိသော် ပင်ပန်းရာ၏ဟု ဗုဒ္ဓမြတ်စွာ အပေါ်၌ ကြင်နာမြတ်နိုးခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓ မြတ်စွာသည် အနာထပိဏ်သဌေးအား ရောက်တိုင်းသောအခါ တို့၌ တခုခုသော ဒေသနာကို ချီးမြှောက်တော်မူ၏။

ထိုအခါ သာဝတ္ထိပြည်၌ ခုနစ်ကုဋေသော လူတို့သည် နေ၏၊ ၎င်းတို့အနက် ငါးကုဋေသော ကလေး-လူကြီးတို့သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို နာကြားရသဖြင့် သောတာပန် အရိယာချည်းသာ ဖြစ်ကြကုန်၏။

## မဟာပါလ ရဟန်းပြုခြင်း

ထိုအခါ ဟနေ့သည်၌၊ မဟာပါလသည် ကျောင်းတော်သို့ သွားကြကုန်သော အရိယာများကို မြင်သည်ရှိသော်၊ ဤကဲ့သို့ ပန်းနံ့သာလက်ဆွဲပြီးလျှင် အဘယ်သို့ သွားကြကုန်သနည်း ဟု မေးရာ၊ ဗုဒ္ဓမြတ်စွာကျောင်းတော်သို့ တရားနာသွားကြကြောင်း သိသဖြင့် ထိုသူများနှင့်အတူ လိုက်ပါသွားလေ၏။

ဗုဒ္ဓမြတ်စွာတို့ကား တရားဟောဘော်မူကုန်သည်ရှိသော်၊ သရဏဂုံတည်ခြင်း, သီလဆောက်တည်ခြင်း ရှင်ရဟန်းပြုခြင်း အစရှိသော ဥပနိဿယအကြောင်းကိုကြည့်တော်မူ၍ တရားနာသူ ပုဂ္ဂိုလ်၏ အလိုသို့လိုက်၍ ချီးမြှောက်ဟော်မူလေ့ရှိ၏။ ထိုနေ့၌ မဟာပါလ၏ ဥပနိဿယကို ကြည့်တော်မူ၍ ဒါနနှင့်စပ်သော စကား, သီလနှင့်စပ်သောစကား, နတ်ရွာနှင့်စပ်သောစကား, ကာမဂုဏ်တို့၏ ယုတ်ညံ့ခြင်း, ညစ်နွမ်းခြင်း, ထိုကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးအာနိသင်တို့ကိုပြလျက် ဟောကြားတော်မူ၏။ ယင်းသဘာဝဓမ္မများကို နာကြားရသော မဟာပါလ သူကြွယ်သည် ဤသို့အကြံဖြစ်၏။ တမလွန်ဘဝသို့သွားသူ၏နောက်သို့ သားသမီးတို့သည်လည်းကောင်း၊ အဆွေအမျိုး သားမယားတို့သည်လည်းကောင်း၊ ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ ညီအကို မောင်ရင်း နှမရင်းတို့သည် လည်းကောင်း မလိုက်ကြကုန်၊ ဤခန္ဓာကိုယ်ပင်လျှင် မိမိနှင့်အတူမလိုက် ငါ့အား ဝတ်ကြောင်ဘဝ၌နေခြင်းသည် အချည်းနှီးဖြစ်၏။ ရဟန်းဘဝ

ကို ခံယူ၍ ဗုဒ္ဓမြတ်စွာ၏အဆုံးအမကို ခံယူကျင့်သုံးပြီးလျှင် နိဗ္ဗာန်ဝင်အံ့ဟု ဗုဒ္ဓမြတ်စွာအား ရဟန်းအဖြစ်ကို ဘောင်းခံလေ၏၊ ဗုဒ္ဓမြတ်စွာလည်း သင့်၌ တိုင်ပင်စရာပုဂ္ဂိုလ်ရှိသလော ဟု မေးရာ ညီ စူဠပါလ ရှိကြောင်းလျှောက်လေလျှင်၊ ထိုသူအား တိုင်ပင်ချေဦးလော့ဟု လွှတ်လိုက်၏။ မဟာပါလ သူကြွယ်လည်း အိမ်သို့ပြန်ပြီးလျှင် ညီဖြစ်သူ စူဠပါလကိုခေါ်၍ 'ငါ့ညီ ဤ ငါ၏အိမ်၌ သက်ရှိသက်မဲ့ အလုံးစုံသော ဥစ္စာတို့သည် သင်၏ တာဝန်သာဖြစ်သည်၊ ထိုဥစ္စာတို့ကို သုံးဆောင်ခံစားရစ်လော့' ဟုဆို၏။ ညီငယ်စူဠပါလ က 'အစ်ကို သင်ကားအဘယ်သို့ သွားမည်နည်း' ဟု မေးသော် 'ငါသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမဘော်ကိုနာကြားရသဖြင့် ရဟန်းအဖြစ်ကိုခံယူတော့အံ့' ဟုဆို၏၊ ညီငယ်က 'နောင်တော် အဘယ်စကားကိုဆိုလိုက်သနည်း နောင်ဘော်သည် မိခင်ဖခင်တို့မရှိသည့်နောက်ပိုင်း၌ အမိသည်လည်းကောင်း၊ အဖသည်လည်းကောင်း ဟုတ်တုံလော၊ အိမ်၌သာလျှင် များစွာသော စည်းစိမ်ဥစ္စာတို့ကို ခံစား၍ ကောင်းမှုတို့ကိုပြုပါလော့၊ ရဟန်းအဖြစ်ကိုမယူပါနှင့်' ဟုဆို၏။ နောင်ဘော်မဟာပါလအား ညီတော်၏ တောင်းပန်စကားကို မနာယူပဲ အိမ်ယာတည်ထောင် လူဝတ်ကြောင် ဘဝသည် အပြစ်များလှ၏' ဟု ဆို၏။ ညီငယ်က 'သို့ဖြစ်ပါမူ နောင်တော်သည် ပျိုမြစ်နုနယ်သော အရွယ်သာ ရှိပါသေးသည်၊ ဆိုင်းပါဦး ကြီးရင့်သောအရွယ်ရောက်မှ ပြုပါလော့' ဟု ဆိုပြန်၏။ 'ညီငယ် ကြီးရင့်သောသူတို့အား လက်ခြေတို့သည် မိမိအလိုသို့မလိုက်နိုင်ကြကုန်၊ အခြားအဆွေအမျိုးတို့ကား အဘယ်မှာဆိုဖွယ်ရာ ရှိပါ

တော့အံ့နည်း' ဟု တုံ့ပြန်စကားပြော၍ ဗုဒ္ဓအထံတော်၌ ရဟန်း အဖြစ်ကိုခံယူလေ၏။

## 'မဟာပါလ တရားအားထုတ်ခြင်း'

မဟာပါလမထေရ်သည် ဆရာဥပဇ္ဈာယ်တို့၏ အထံ၌ ငါးဝါတို့ကာလပတ်လုံး အဆုံးအမကိုခံယူ၍၊ ဝါကျွတ်လေသော်၊ ပဝါရဏာပြုပြီးလျှင် ရဟန်းတို့ကျင့်ရန် ဂန္ထဓုရ၊ ဝိပဿနာဓုရတို့တွင် ဝိပဿနာဓုရကိုကျင့်အံ့ဟုကမ္မဋ္ဌာန်းတောင်း၍ ခြောက်ကျိပ်သော ရဟန်းတို့နှင့်တကွ ယူဇနာတရာ့နှစ်ဆယ် ဝေးသော တောအရပ်၌ ကမ္မဋ္ဌာန်းတရားကိုအားထုတ်ရန် တောဝင်ကြလေ၏။ ရွာကြီးတရွာသို့ရောက်လေလျှင် ရွာသူရွာသားတို့သည် ရဟန်းခြောက်ကျိပ်နှင့်တကွ မဟာပါလမထေရ်တို့အား ဝါဆိုကျောင်းများကိုဆောက်၍ ဝတ်ကြီးဝတ်ငယ်ပြုစုကြပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် မပြတ်ပူဇော်ကြကုန်၏။

မဟာပါလမထေရ်သည် လျောင်းသော ဣရိယာပုတ်ကို ပယ်၍၊ ထိုင်ခြင်း, လျှောက်ခြင်း, ရပ်ခြင်း ဣရိယာပုတ်သုံးမျိုးနှင့်သာ အချိန်ကုန်လွန်စေ၏။

## ‘မဟာပါလ မျက်စိရောဂါဖြစ်ခြင်း’

မဟာပါလမထေရ်သည် လျှောင်းသောဏ္ဍရိယာပုတ်ကို မယူပဲသာလျှင် ဝါခေါင်လအတွင်းသို့ရောက်သောအခါ မျက်စိရောဂါသည်ဖြစ်လေ၏။ မျက်စိအတွင်းမှ မျက်ရည်အလျဉ်သည် အိုးကွဲမှယိုစီးသောရေအလျဉ်ကဲ့သို့ တသွင်သွင်ကျဆင်းလေ၏။ နံနက်မိုးသောက် အလင်းရောက်သောအခါ၊ ရဟန်းတို့သည် ဆွမ်းခံရန် စည်းဝေးကြကုန်လျှင် မဟာပါလ မထေရ်၏ မျက်စိအစုံမှကျဆင်းလာသော မျက်ရည်တို့ကိုမြင်ကြ၍ အကြောင်းကို လျှောက်လေသော်၊ မျက်စိရောဂါ ဖြစ်ခြင်းအကြောင်းကို ပြောလေလျှင် ဆေးဆရာကိုအကြောင်းကြားကြကုန်၏။ ဆေးဆရာသည် ဆီကိုချက်၍ နှာခေါင်းအတွင်းသို့ လောင်းစေ၏။ မဟာပါလမထေရ်သည် ဆီကိုထိုင်လျက်သာလျှင် နှာခေါင်းအတွင်းသို့လောင်း၏။ ဆီသည် ဆေးဆရာအလိုရှိတိုင်းမအောင်မြင်ချေ။ နောက်တနေ့၌ ရွာအတွင်းသို့ဆွမ်းခံဝင်သောအခါ ဆေးဆရာသည် မဟာပါလမထေရ်အား ရောဂါပျောက်လောက်ပြီအထင်နှင့် မေးလျှောက်သောအခါ ရောဂါမှာမသက်သာအောင့်မြဲကိုက်မြဲသာ ဖြစ်၏ဟုဆို၏။ ထိုအခါ ဆေးဆရာက ‘အသို့နည်း ငါသည် ဘကြိမ်လောင်းခြင်းဖြင့်သာ ပျောက်ကင်းနိုင်သောဆေးကို ပေး၏၊ ယခုမူ အဘယ်ကြောင့်မပျောက်လေသနည်း’ ဟု ကြံ၍ ‘အရှင်ဘုရား ဆီသွန်းလောင်းသောအခါ လျှောင်း၍ သွန်လောင်းပါသလော’ ဟု မေးလျှောက်သော်သည်း စကားကိုမတုန့်ပြန်ပဲ ကြွမြဲအတိုင်းသာကြွလေ၏။

ဆေးဆရာသည် ကျောင်းသို့လိုက်သွားပြီးလျှင် မဟာပါလမထေရ်၏ အိပ်ရာနေရာကိုအကဲခတ်သော် အိပ်ရာနေရာကို မတွေ့သဖြင့် 'အရှင်ဘုရား ဆိုကိုအိပ်၍သွန်းလောင်းမှသာ မျက်စိရောဂါပျောက်ပါမည်၊ ရောဂါအတွက် ကိုယ်ကို မျှဘနေအောင် နေသင့်ပါသည်ဘုရား' ဟု ဘောင်းပန်၍ပြန်လေ၏။

## 'မိမိကိုယ်ခန္ဓာနှင့် တိုင်ပင်ခြင်း'

မဟာပါလမထေရ်သည် 'ငါ၌ တိုင်ပင်စရာသည် ခန္ဓာကိုယ်မှတပါး အခြားသူသည်မရှိ၊ ကရဇကာယဖြစ်သော ခန္ဓာကိုယ်နှင့်တိုင်ပင်အံ့' ဟု အကြံပြု၍ ဤသို့ဆို၏။ 'မဟာပါလသင်သည် မျက်စိကိုပင်ကြည့်အံ့လော၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကိုကြည့်အံ့လော၊ အစမထင်သောသံသရာတလျှောက် သင်၏မျက်စိကန်းဘဝတို့သည် ဗုဒ္ဓမြတ်စွာတို့ပင် ရေတွက်ခြင်းငှာ မစွမ်းနိုင်၊ ယခု ငါ၏မျက်စိကန်းခြင်းဘဝသည် နောက်ဆုံးဖြစ်စေအံ့၊ ဝါတွင်းသုံးလတို့ကာလပတ်လုံး လျောင်းခြင်းဣရိယာပုတ်ကို မယူပဲနေတော့အံ့၊ ငါ၏မျက်စိသည် ကန်းလိုကကန်းပါစေ၊ ကွဲအက်လိုက ကွဲအက်ပါစေ' ဟူသောသန္နိဋ္ဌာန်ကိုချ၍ ဆိုကိုထိုင်သော ဣရိယာပုတ်ဖြင့်သာ သွန်းလောင်း၏၊ ဆေးဆရာသည်၊ လက်လျှော့၍ ဆေးကိုဖြတ်လိုက်၏။

## 'ရဟန္တာဖြစ်ခြင်း'

မဟာပါလမထေရ်သည် ဆေးကိုပယ်စွန့်၍ ရဟန်းတရားကိုဆက်လက်အားထုတ်ရာ သန်းခေါင်ယံလွန်လေလျှင်

မျက်စိနှစ်ကွင်းသည် အလင်းရောင်ကိုမျှမမြင်ရတော့ပဲ ကွယ်ခြင်းသို့ရောက်လေ၏၊ မျက်စိကွယ်သည်နှင့်ဘုပြိုင်နက် ထိုမဟာပါလမထေရ်သည် သုက္ခဝိပဿကရဟန္တာအဖြစ်သို့ ရောက်လေ၏။ ကျန်ရဟန်းခြောက်ကျိပ်တို့သည်လည်း ပဋိသမ္ဘိဒါလေးပါးနှင့် ရဟန္တာများဖြစ်ကြလေကုန်၏။

## 'မဟာပါလမထေရ်၏ အတိတ်ကံ'

ဝါကျွတ်၍ ဗုဒ္ဓမျက်မှောက်တော်သို့ရောက်သောအခါ ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာအား မဟာပါလမထေရ်၏ မျက်စိကွယ်ရသောအကြောင်းကိုလျှောက်လေလျှင် အောက်ပါ မိမိပြုအပ်သော ကံ၏အစွမ်းဖြင့် မျက်စိကွယ်ရခြင်းကို ပြန်လည်ဟောတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကာသိကရာဇ်မင်းသည် မင်းပြုသည်ရှိသော် တယောက်သောဆေးသမားသည် အနီးအနားရှိ ရွာ, နိဂုံး, ဇနပုဒ်တို့သို့လှည့်သည်၍ ဆေးကုခြင်းအမှုကိုပြု၏၊ မျက်မမြင်အမျိုးသမီးတယောက်ကို တွေ့သော် သင်၏မျက်စိမမြင်ခြင်းကို ငါဆေးကုအံ့၊ အကယ်၍မျက်စိမြင်ခဲ့သော် မည်မျှပေးမည်နည်းဟုမေး၏၊ ယင်းအခါ အမျိုးသမီးက အကယ်၍ ကျွန်မ၏မျက်စိကိုပကတိအတိုင်းမြင်အောင်စွမ်းဆောင်နိုင်ပါက၊ ကျွန်မနှင့်တကွသားသမီးတို့သည် သင်၏အိမ်၌ ကျွန်အဖြစ် အသက်ထက်ဆုံးနေပါအံ့ဟု ဆို၏။

တကြိမ်ဆေးခတ်ခါမျှဖြင့် မျက်စိတို့သည် ပကတိအတိုင်း ဖြစ်ကုန်၏။ ထိုအခါ အမျိုးသမီးသည် ဤသို့အကြံဖြစ်၏၊ ငါသည် ဆေးဆရာအား ဝန်ခံခဲ့သည့်အတိုင်းဖြစ်အံ့၊ ငါနှင့်တကွ သား သမီးတို့သည် ဆင်းရဲခြင်းတို့ရောက်လတ္တံ့၊ ထိုဆေးဆရာကို လှည့်ပတ်အံ့ဟုကြံ၏၊ ဆေးဆရာသည် အမျိုးသမီး၏ မျက်စိမြင် ခြင်းကို သိလျက်၊ 'အချင်းအမျိုးသမီး သင်၏ မျက်စိတို့သည် ပကတိအတိုင်းမြင်ပြီမဟုတ်လော'ဟုမေး၏၊ 'ဆရာရှေးအခါက ကျွန်မ၏မျက်စိတို့သည် အနည်းငယ်သာနာကျင်၏၊ ယခုကား အလွန်နာကျင်လှ၏'ဟုဆို၏။ ဆရာလည်း သိနှင့်ပြီး ဖြစ်သဖြင့် လှည့်ပတ်သောမိန်းမအား တဖန် ကန်းအောင်ပြုအံ့ဟု အိမ်သို့ ပြန်ပြီးလျှင် မယားနှင့်တိုင်ပင်၍ ဆေးတမျိုးကို ဖော်စပ်ပြီးလျှင် လှည့်ပတ်သောအမျိုးသမီးအား 'ဤဆေးကို ခတ်လော့'ဟု ဆို၍ ပေး၏၊ အမျိုးသမီးသည် ဆရာဆိုသည့်အတိုင်း ခတ်လိုက် သော် မျက်စိတို့သည် ဆီမီးလျှံကဲ့သို့ တောက်၍ လောင် ကျွမ်းကုန်၏၊ ထိုဆေးသမားကား ယခုအခါ 'စက္ခုပါလ'' ခေါ် မဟာပါလမထေရ်ဖြစ်လာ၏။

(လှည်းဦးဝန်ကို ရွက်ဆောင်တတ်သော နွား၏ခြေရာသို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့ မိမိတို့ပြုအပ်သောကောင်းမှု မကောင်းမှုကံသည် ပြုသူနောက်သို့ အစဉ်လိုက်၏)ဟု ဟော တော်မူသည်။

အလားတူ ဓမ္မပဒလာ ဝတ္ထုဒေသနာများ အများ အပြား ရှိသော်လည်း ဤမျှလောက် သက်သေသာဓကများ

ကို တင်ပြခြင်းဖြင့် ယခုဆက်လက်ဖော်ပြရှင်းလွှင်းချက် တို့ကို အထောက်အကူပြုရာ၌ ခိုင်လုံလောက်ပြီဟု ယူဆသဖြင့် ဤမျှနှင့်ပင် ရပ်နား၍ ဗုဒ္ဓမြတ်စွာ၏ ပရိယာယ်ကြွယ်လှသော(အနုတ္တ မဟာဗျူဟာ)ကို လူပြိန်းတို့သဘောပေါက်နိုင်ရန် မှီသလောက်သော ဦးနှောက်ဖြင့် ဆက်လက်တင်ပြသွားပါတော့မည်။

မှတ်ချက်။ ။ ယခုတင်ပြခဲ့သော ဓမ္မပဒလာ ဝတ္ထုကြောင်းဒေသနာအသီးသီးတို့၏ နိဂုံး၌ ပါဠိဘာသာဖြင့် စပ်ဆိုထားအပ်သော ဂါထာဒေသနာများ ပါရှိသော်လည်း မဖော်ပြမူ၍ လိုရင်းမြန်မာဘာသာစကားပြေများကိုသာ အဓိပ္ပာယ်ပေါ်လွင်အောင် ကြိုးစားတင်ပြလိုက်ပါသည်။

* * *

# ဝတ္ထုကြောင်းများကို နှီးနှောစေ့စပ်ခြင်း

ပထမတင်ပြခဲ့သော ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ ဝတ္ထုကို လေ့လာကြပါစို့၊ ယင်းဝတ္ထုကြောင်းသည် ဒါနကို အကြောင်းပြု၍ စိတ်ကြည်လင်ပုံ၊ လူအများ၏ အကြည်ညိုခံရပုံ၊ ဗုဒ္ဓမြတ်စွာမှအစ တပည့်သား သံဃာတော်တို့နှင့် အကျွမ်းတဝင်ဖြစ်ပုံ၊ ဘဝအဆက်ဆက်ဆုတောင်းပုံ၊ မြင့်မြတ်သော ဘဝများ၌ ကျင်လည်ကျက်စားရပုံတို့ကို တွေ့ခဲ့ရပေသည်။

ဒုတိယတင်ပြခဲ့သော စူဠကာလသာဌကပုဏ္ဏားကြီး ဝတ္ထုကို ထပ်ဆင့်လေ့လာပါလျှင် ပုဏ္ဏားကြီး၏ သူမတူအောင် ဆင်းရဲနွမ်းပါးပုံ၊ ဆင်းရဲနွမ်းပါးသည့် အခြေအနေကပင် မိမိပိုင်ဆိုင်သည့် တထည်တည်းသော ခြုံစောင်ကို လှူဒါန်းရန် စိတ်ဖြစ်ပေါ်သော်လည်း သတ္တဝါတို့၏ သဘာဝ စိတ်အစဉ်
7 အလျောက် အဖန်ဖန်အထပ်ထပ် ပြောင်းလဲပုံ၊ မိမိပိုင် ပစ္စည်း

ဥစ္စာသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လွယ်လွယ်ကူကူနှင့် မစွန့်လွှတ်နိုင်ပုံ၊ စွန့်လွှတ်နိုင်ရန်အတွက် တားမြစ်ပိတ်ပင်သော ဓမ္မတို့ကို တွန်းလှန်ရပုံ၊ လောဘ၊ တဏှာ၊ သမုဒယ သဘောကို ပေါ်လွင်ထင်ရှားစေသည့် စိတ်အစဉ်ဖြစ်ပေါ်ပုံမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းပါပေသည်၊ ပထမအကြိမ် စွန့်လွှတ်လိုက်သည့်အချိန်တွင် ပုဏ္ဏားကြီး၏စိတ်သည် မည်မျှ တက်ကြွသည်ကို 'အောင်ပြီ၊ အောင်ပြီ' ဟူသော ကြွေးကြော်သံကို ကြားကာမျှဖြင့် သိနိုင်ပေသည်။ နောက်ပိုင်းစိတ်ကို မဆိုင်းမတွ လျင်မြန်စွာဆုံးဖြတ်နိုင်ပုံ ဆုံးဖြတ်သည့်အတိုင်း စွန့်လွှတ်ခြင်း၌ ရဲတင်းလာပုံ၊ အနည်းငယ်မျှသော ဥစ္စာကို စွန့်လွှတ်ခြင်းဖြင့် မမျှော်မှန်းခဲ့သော ဥစ္စာပစ္စည်းတို့ကို ရခြင်းကြောင့် စိတ်တက်ကြွလာပုံ နောက်ဆုံး၌ ရွာစားရာထူးကို ရရှိပုံတို့ကို တွေ့ရပေသည်။

တတိယမြောက် ယောဇနတ်သမီးဝတ္ထုကို ဆက်လက်လေ့လာပါလျှင် ပေါက်ပေါက်တလက်ခုပ်မျှကို လှူပြီးသည့်နောက် မြွေကိုက်ခံရပုံ၊ မြွေကိုက်ခံရ၍ သေဆုံးပြီးနောက် ကြီးကျယ်မြင့်မြတ်သော နတ်စည်းစိမ်ကို ခံစားရပုံ၊ အနည်းငယ်မျှသောဥစ္စာကို ရင်းနှီး၍ အတိုင်းမသိသော နတ်စည်းစိမ်ကို ခံစားရသဖြင့် အလှူခံပုဂ္ဂိုလ်အား ကျေးဇူးတင်ပုံတို့ကို တွေ့ရပေသည်။

စတုတ္ထမြောက် ရေဟိနီမင်းသမီးဝတ္ထုကို လေ့လာကြည့်ပါလျှင်၊ ဆွမ်းစားကျောင်းတဆောင် ဆောက်လုပ်လှူဒါန်းခြင်းဖြင့် ကိုယ်မကောင်းသောရောဂါသည် တမဟုတ်ခြင်း

ပျောက်ကပ်းပုံ၊ သေပြီးသည့်နောက် သိကြားမင်းနှင့်တကွ နတ်သားတို့ မရမနေနိုင်လောက်အောင် အဆင်းနှင့်ပြည့်စုံသော နတ်သမီးဖြစ်ရခြင်း၊ နောက်ဆုံး၌ သိကြားမင်း၏မိဖုရားဖြစ်ခြင်း တို့ကို တွေ့ရပေသည်။

ယင်းဝတ္ထုလေးပုဒ်တို့ကို လေ့လာပြီးသည့်နောက် ဒါန ကထာနှင့်စပ်သော ဗုဒ္ဓ၏နိဂုံးစကားတော်များကို ထပ်မံလေ့ လာသင့်ပေသည်။ ဝိသာခါကျောင်းအမကြီး၏ ဝတ္ထု၏နိဂုံး အဆုံး၌ – (ရဟန်းတို့ အလှလိပ်ပာသော ပန်းသည်သည် အထူးထူးအပြားပြားသော ပန်းတို့ကိုစုပုံ၍ အထူးထူးအပြား ပြား ပန်းကုံးတို့ကို သီကုံးသကဲ့သို့ ဝိသာခါ၏စိတ်သည် အထူး ထူးအပြားပြားသော ကောင်းမှုပြုခြင်း၌ ညွတ်၏) ဟု ဟောတော် မူရာ၌၊ ဝိသာခါသည် ကောင်းမှု၌မွေ့လျော်ခြင်းကြောင့်ဖြစ်လေ ရာဘဝတိုင်း၌ အထက်တန်းလွှာကသာ ကျင်လည်ခဲ့ရသည်မှာ သေချာလှပေသည်။

ထို့နောက် စူဠကာဠသာဠက ဝတ္ထုနိဂုံး၌ကား (ကုသိုလ် ကောင်းမှုကို နှောင့်နှေးစွာ ပြုတတ်သောသူ၏ စိတ်သည် မကောင်းမှု၌မွေ့လျော်သဖြင့် ပျက်စီးတတ်၏၊ ထို့ကြောင့် ကောင်းမှုကိုဆောလျင်စွာပြု၍ မကောင်းသောစိတ်ကို တားမြစ် ရာ၏)ဟု ဟောတော်မူရာ၌ ပုဏ္ဏားကြီးကောင်းမှုပြုဖို့ရန်အချိန်ယူ စဉ်းစားခြင်းကြောင့် အကျိုးပေးရာ၌ ပေးသင့်သောအကျိုးကို မပေးကြောင်း ထင်ရှားစွာဟောကြားသည်ကို တွေ့ရပေသည်။

ထို့နောက်လာဇာနတ်သမီးဝတ္ထုနိဂုံး၌(တစုံတယောက် သည် ကောင်းမှုကိုပြုသည်ရှိသော်၊ ထိုကောင်းမှုကို အဖန်

တလဲလဲပြုအပ်၏၊ ထိုကောင်းမှု၌ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေရာ၏။ အဘယ်ကြောင့်ဆိုသော် ပြုအပ်သော ကောင်းမှုပစ္စုပ္ပန်,တမလွန်ကျိုးနှစ်တန်တိုးပွားစေခြင်း၊ချမ်းသာစေခြင်းကို ဖြစ်စေ၏)ဟု ဟောတော်မူခြင်းကြောင့် ဒါနမှုကို အစဉ်မပြတ် အားထုတ်စေလိုနိုင်ကြောင်းကို တွေ့ရှိရပေသည်။

ထို့နောက် ရောဟိနီမင်းသမီးဝတ္ထုနိဂုံး၌ – (အမျက်ဒေါသ မာန်မာနကိုပယ်စွန့်၍ သံယောဇဉ်တွယ်တာမှုတို့ကို လွန်မြောက်စေ၍ ခန္ဓာကိုယ်ကိုတွယ်တာခြင်းမရှိသော၊ ရာဂစသောကိလေသာ ကြောင့်ကြခြင်းမရှိသောထိုပုဂ္ဂိုလ်အား ဆင်းရဲခြင်းတို့သည် မကျရောက်နိုင်ကုန်) ဟု ဟောတော်မူခြင်းကြောင့် တွယ်တာမှုကင်းစွာနှင့် ကောင်းမှုကုသိုလ်တို့ကို တဏှာ, မာန, ဒိဋ္ဌိတို့မကပ်ငြိပဲ ပြုရာ၏ဟူသောအချက်ကို တွေ့ရပေသည်။

ဖော်ပြပါဝတ္ထုဒေသနာလေးပုဒ်တို့၏ အကြောင်းအရာတို့နှင့်တကွ အကျိုးဆက်တို့ကို သေချာစွာဆန်းစစ်ကြည့်ပါလျှင်၊ သတ္တဝါတခု၏ စိတ်ဖြစ်စဉ်သည်အခြားတခု၏ဖြစ်စဉ်နှင့် ကွဲပြားခြားနား နေသည်ကို တွေ့ရပေမည်။ ပေါက်ပေါက် လှူသောအမျိုးသမီး၏ဖြစ်စဉ်ကို ပြန်လည် သုံးသပ်ကြည့်လျှင် မြွေကိုက်၍ သေဆုံးပြီးနောက် နတ်စည်းစိမ်ကို ခံစားရခြင်း၊ ရောဟိနီမင်းသမီး၏ဖြစ်စဉ်မှာ ဆွမ်းစားကျောင်း ဆောက်လုပ် လှူဒါန်းခြင်းကြောင့် ဒိဋ္ဌမမှာအားဖြင့် ကုစား၍မရနိုင်သောရောဂါ ပျောက်ကင်းပြီးနောက် သိကြားမင်း၏ မိဖုရားစည်းစိမ်ကို ခံစားရခြင်းတို့မှာ တဦး၏စိတ်အစဉ်နှင့် အခြားတဦးတို့၏ စိတ်အစဉ်တို့ မတူ

ခြင်းကြောင်း ဖြစ်ရသည်မှာထင်ရှားလှပေသည်၊ တဖန် စူဠေက
သာဋက ပုဏ္ဏားကြီး၏ အကျိုးပေးပုံမှာလည်း တခြားပင်၊
ဝိသာခါကျောင်းအမကြီးအဖို့မှာကား အတိတ်ကလည်းဒါနမှု၌
မွေ့လျော်သူ ဖြစ်ရကား မျက်မှောက်သောဘဝ၌ အကျိုးပေး
သန်သည့်ပြင် အရိယာသောတာပန်ပင် ဖြစ်ရပြန်သည်။

## ကထာငါးမျိုးကို ရှင်းလင်းချက်

မည်သို့ပင်ဖြစ်စေ၊ ဗုဒ္ဓမြတ်စွာ၏ ဦးတည်ချက်မှာ ကောင်းမှုကုသိုလ်ကိုသာဖြစ်စေသည်မှာ ရှင်းလှပါသည်၊ အဘယ်ကြောင့် ဗုဒ္ဓမြတ်စွာသည် 'ဒါနကထာ' ဒေသနာကို အခြားဒေသနာတို့ထက် အလေးပေးဟောကြားသည်ကို နောက်ပိုင်းဒေသနာများနှင့် နှိုးနှောသောအခါတွင် ပေါ်လွင်ပါလိမ့်မည်။

ထို့နောက် 'သီလကထာ' နှင့် ပတ်သက်သော ဝတ္ထုကြောင်းများကို ပြန်လည်သုံးသပ်ကြပါစို့ —

'ဝက်ပြိတ္တာ ဝတ္ထု' ကို လေ့လာစိစစ်ရသော်၊ ယင်းဝတ္ထု၌၊ ဓမ္မကထိကရဟန်းသည် သူတပါးအားကုန်းတိုက်ကုန်းချောခြင်းဖြင့် အချင်းချင်း တဦးနှင့်တဦး မသင့်မတင့် ဖြစ်ခဲ့ရခြင်းကို တွေ့ရပေသည်၊ သီလနှင့်ပတ်သက်၍ 'ကာယကံ, ဝစီကံ,

မနောကံ’ တို့တွင် ‘ဝစီကံ’ ၌ လိမ်လည်ပြောဆိုခြင်း တဦးနှင့် တဦး မသင့်မတင့်ခိုက်ရန်ဖြစ်ပွားအောင်ကုန်းချောခြင်း၊ အချည်းနှီးစကား လူပျက်စကားကို ပြောဆိုခြင်း၊ ကြမ်းတမ်းခက်ထန်သော လူမိုက်စကားကိုပြောဆိုခြင်းတို့ အနက်တဦးနှင့်တဦးမသင့်မတင့်အောင်ကုန်းတိုက်ကုန်းချောပြောဆိုခြင်းကံကို ကျူးလွန်ပုံ၊ ယင်းသို့ ကျူးလွန်ခြင်းစိတ်အစဉ်မှာလည်း အရင်းစစ် အမြစ်မြေကဆိုသကဲ့သို့ ‘လောဘ, ဒေါသ, မောဟ’ တို့မှ ပေါက်ပွားလာသော စိတ်အစဉ်တို့ပေတည်း၊ ဗုဒ္ဓမြတ်စွာသည်လည်း ယင်းစိတ်အစဉ်ကို ပေါ်လွင်အောင်ဟောတော်မူ၍၊ အကျိုးဆက်ကို ပြတော်မူကြောင်း တွေ့ရသည်။

ထို့နောက် ‘ကာဋ္ဌဝိဘင်္ဂလူးမ ဝတ္ထု’၌ ယင်းအမျိုးသမီးသည်သူတပါး၏အသက်တမျှချစ်ခင်ယုယအပ်သောအရာဝတ္ထုကို အလိုမတူပဲ အခမ့်ပျက်ဆီးခြင်း၊ ကိုယ်ချင်းမစာနာခြင်း ဟူသောစိတ်အစဉ်ဖြင့် သူတပါးအသက်ကိုသတ်ခြင်း၊ သူတပါးဥစ္စာပစ္စည်းသက်ရှိသက်မဲ့တို့ကို မပေးပဲနှင့်ယူခြင်း၊ သူတပါးအိမ်ရာကို မှားယွင်းခြင်းဖြစ်သော ကာယကံသုံးမျိုးတို့တွင် သူတပါးအသက်ကိုသတ်ခြင်း၊ သူတပါးမပေးသောဝတ္ထုကို အတင်းအဓမ္မယူခြင်းတို့ကို ကျူးလွန်ကြောင်းခံရသော ကာယကံရှင်၏ရန်တုံ့ပြန်ခြင်း၊ စိတ်အစဉ်အရ တန်ပြန်ခံရသည့်အကျိုးဆက် ပေါ်လွင်စေရန် ဗုဒ္ဓမြတ်စွာသည် အလေးပေး၍ ဟောကြားသည်ကို တွေ့ရပေသည်။

ထို့နောက် ‘ကပိလရဟန်း ဝတ္ထု’ကို လေ့လာပြန်လျှင် ယင်း ကပိလရဟန်းသည် မိမိ၏ ပရိယတ်ဂုဏ်ကိုမှီ၍ သူတပါး

အား အနိုင်ကျင့်ခဲ့ခြင်း၊ နှိပ်ကွပ်ခြင်း စသော စိတ်အစဉ်ကြောင့် တိရစ္ဆာန်ဘဝတွင်ဖြစ်ရခြင်း၊ ကောင်းသောအမှုအတွက် ကောင်းသော အကျိုးဆက်ကိုရခြင်း၊ မကောင်းသော အမှုအတွက် မကောင်းသောအကျိုးဆက်ကိုရခြင်းတို့ကို တွေ့ရသည်။ ယင်းစိတ်အစဉ်တို့သည် 'လောဘ၊ ဒေါသ၊ မောဟ' ဦးစီးသော 'တဏှာ၊ မာန၊ ဒိဋ္ဌိ'တို့၏ အစွမ်းကြောင့် ဖြစ်ရကြောင်းကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည်ကို တွေ့ရပေသည်။

ထို့နောက်တဖန် 'ဝက်သတ်သမား စူန္ဒဝတ္ထု'၌ သူတပါး၏ အသက်ကို အနည်းငယ်မျှ ညှာဘာထောက်ထားချင်သော 'ကရုဏာ' စိတ်အစဉ် လုံးဝမရှိသည့်အပြင် နေ့စဉ်နှင့်အမျှ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခြင်း ပယောဂကြောင့် 'ပစ္စက္ခ' မျက်မှောက်သောဘဝ၌ပင်၊ ယင်းပြင်းပြသော စိတ်အစဉ်၏ အကျိုးဆက်သည် ထင်ရှားသည်ကိုတွေ့ရပေသည်။ ဗုဒ္ဓမြတ်စွာလည်း ယင်းကဲ့သို့ သူတပါး၏အသက်ကိုသတ်သောသူ၏ အကျိုးဆက်ကို ပေါ်လွင်စွာဟောကြားထားသည်ကို တွေ့ရပေသည်။

အထက်ပါ သီလကဿနှင့် ပတ်သက်သောဝတ္ထုလေးပုဒ် အခြား အလားတူ ဝတ္ထုများလည်း 'ဓမ္မပဒ' ဒေသနာတွင် ပါရှိပါသော်လည်း ဤမျှနှင့်ပင် ဗုဒ္ဓဝါဒကို ပေါ်လွင်နိုင်မည်ဖြစ်၍ မဖော်ပြတော့ပါ။

ယခုဗုဒ္ဓမြတ်စွာ၏ သီလကထာနိဂုံးအဆုံးအမတော်များကို တင်ပြပါအံ့—

'ဝက်ပြိတ္တာဝတ္ထု'နိဂုံး၌ (ရဟန်းတို့- ရဟန်းမည်သည် ဝစီဒုစရိုက်တို့ကို လုံခြုံစွာစောင့်စည်းရာ၏။ ကိုယ်ဖြင့်မကျူးလွန်

မိအောင်လည်း ကာယဒုစရိုက်တို့ကို စောင့်ရှောက်ရာ၏၊ ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို ကောင်းသောစိတ်အစဉ်ဖြင့်ပယ်အပ်၏။ ဤသို့သတိသင်မှသာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ခရီးကို ရောက်၏)ဟု ဟောတော်မူ၏။

'ကာဠုဒါယီလူးမဝတ္ထု'နိဂုံး၌(ရန်ကိုမကုံ့မူခြင်းဖြင့် ရန်ကို ငြိမ်းစေ၏၊ မမိချမ်းသာမှုကိုပြု၍ သူတပါးအား ဆင်းရဲစေ၏၊ ဤသို့အကြောင်းကြောင့် ရန်များ၏)ဟု ဟောတော်မူ၏။

'ကပိလရဟန်းဝတ္ထု'၌ (တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ အလိုသို့ လိုက်သော ယောကျ်ား၊ မိန်းမတို့အား ဝဋ္ဋဒုက္ခကို ရှည်စေ၏၊ သစ်သီးကို အလိုရှိသော မျောက်သည် သစ်တပင်မှ တပင်သို့၊ တကိုင်းမှတကိုင်းသို့ ပြေးသွားရသကဲ့သို့၊ ထို့အတူ ဒုက္ခဆင်းရဲ၍ ပြေးသွားရ၏)ဟု ဟောတော်မူသည်။

'စုန္ဒဝက်သတ်သမားဝတ္ထု'၌ (မကောင်းသောအမှုကိုပြုသောသူသည် မျက်မှောက်သောဘဝ၌သည်းကောင်း၊ နောက်ဘဝထိုထိုတို့၌ လည်းကောင်း စိုးရိမ်ရ၏၊ မိမိပြုသောအမှုကို အောက်မေ့သတိရ၍ ပင်ပန်းရ၏)ဟု ဟောတော်မူသည်။

ယင်းအဆုံးအမတော်များကိုလေ့လာစိစစ်ကြည့်ပါလျှင် သံသရာရှည်မည့်သတ္တဝါများကို သံသရာမှလွတ်မြောက်ရန်ကိုသာ ရည်ရွယ်ရင်း ရှိသည်မှာ ထင်ရှားလှပေသည်။

ထို့နောက် 'သဂ္ဂကထာ' နှင့် ပတ်သက်သောဝတ္ထုများကို လေ့လာကြပါစို့—။ 'ပတိပူဇိကာဝတ္ထု'၌ ယင်း အမျိုးသမီးသည် နတ်၌ဖြစ်သော ကာမစည်းစိမ်ကို စွဲလမ်းခြင်း၊ နတ်တို့၏ ကာမစည်းစိမ်သည် လူတို့၏ ကာမစည်းစိမ်ထက် သာပုံ၊

အသက်ရှည်ပုံ၊ အဆင်းလှပုံတို့ကို ထင်ရှားစွာ တွေ့ရပေသည်။ နတ်စည်းစိမ်ကိုခံစားပြီးသော ပုဂ္ဂိုလ်သည် လူ့ပြည်၌ တဖန်ဖြစ်လာငြားသော်လည်း နတ်၏စည်းစိမ်ကိုသာ အမြဲအောက်မေ့နေခြင်းကြောင့် နတ်လောကကိုရောက်၍ နတ်စည်းစိမ်ကိုခံစားစေအံ့သောငှာ ကောင်းမှုကုသိုလ်ကိုမပြတ်ပြု၍ ဆုတောင်းခြင်းစသော နတ်တို့၏ကာမဂုဏ်ကိုပေါ်လွင်အောင် ဖော်ကျူးထားခြင်းကို တွေ့ရပေသည်။

ထို့နောက်တဖန် 'နန္ဒိယသတို့သားဝတ္ထု'၌ နန္ဒိယသတို့သားသည် လူတို့၏ကာမဂုဏ်ကို ခံစားနေစဉ်ပင်လျှင် ဒါန၊ သီလ စသော ကောင်းမှုကုသိုလ်တို့ကို နေ့စဉ်နှင့်အမျှ အားထုတ်ခြင်းစသော ကောင်းမှု၏ အကျိုးဆက်ကြောင့် လူ့ကာမဂုဏ်ထက် အဆပေါင်းများစွာသာသော နတ်ကာမဂုဏ်ကို ခံစားဖို့ရန် ဗိမာန်နှင့်တကွ အလုပ်အကျွေးနတ်သမီးတို့ ပေါ်ပေါက်ရသည်ကို တွေ့ရပေသည်။ ယင်းဝတ္ထု၌လည်း နတ်လောကနှင့် ပတ်သက်သော ကာမဂုဏ်တို့ကို ပေါ်လွင်စွာဖြင့် အမွန်းတင်ပုံကိုရှင်မဟာမောဂ္ဂလာန်ကိုယ်တော်တိုင် သက်သေပြု၍ ဟောကြားထားသည်ကို တွေ့ရပေသည်။

ယခုအခါ 'သဂ္ဂကထာ'လာ 'ပတိပူဇိကာဝတ္ထု'၏ နိဂုံးဂါထာများ၏ အဓိပ္ပာယ်တို့ကို တင်ပြပါအံ့။

'ပတိပူဇိကာဝတ္ထု'၌ (ရဟန်းတို့ သတ္တဝါတို့သည် မရောင့်ရဲနိုင်သော ကာမဂုဏ်တို့ကို ရှာမှီးခြင်း၊ ရွေးချယ်ခြင်း၊ သိုမှီးခြင်း၊ ခံစားခြင်း စသော ကပ်ငြိသော စိတ်အစဉ်တို့နှင့်

သာ သေရာညောင်စောင်း၌ လည်းလျောင်းကြရကုန်၏)ဟု ဟောကြားတော်မူသည်။

'နန္ဒိယသုတ်သား ဝတ္ထု'၌ကား (ဒါန,သီလ စသော ကောင်းမှုရှိသောသူသည် တခုသောဘဝမှ မြင့်မြတ်သောဘဝ တခုသို့ ရွှေ့ပြောင်းသည်ရှိသော် ရောက်လေရာဘဝ၌ မိမိ၏ ကောင်းမှုအကျိုးဆက်သည် ဆွေရင်းမျိုးချာတို့အလား စောင့် မျှော်လျက် အသင့်ရှိကုန်၏)ဟု ဟောတော်မူသည်။

ထိုမှတပါး 'မဂ္ဂကထာ'နှင့်'ကာမာဒီနဝကထာ' များကို ပြန်လည်သုံးသပ်ကြပါစို့။ 'ကိသာဂေါတမီ ဝတ္ထု'ကို ပြန် လည်သုံးသပ်ခဲ့ပါလျှင် ကိသာဂေါတမီ၏ အတိတ်ကံ အကျိုး ဆက်ကြောင့် မီးသွေးအတိဖြစ်ပြီးသော ရွှေငွေတို့သည် သူမ၏ လက်ပြင့်ထိကာမျှဖြင့် ရွှေငွေ ပကတိ အရင်အတိုင်း ဖြစ်သွား သည်ကို တွေ့ရပေသည်၊ သဋ္ဌေးကတော်အဖြစ်သို့ရောက်၍ လော ကီကာမဂုဏ်တို့ကို ပျော်ပျော်ရွှင်ရွှင် ခံစားနေစဉ်မှာပင် မိမိ ရင်၌ဖြစ်ပေါ်လာသော သားဦးရတနာအတွက် သေခြင်းဒုက္ခ နှင့်တကွ ကာမဂုဏ်တို့၏ ပူလောင်မှုကို ခံစားရသဖြင့် လမ်း မှန်ဖြစ်သော 'မဂ္ဂင်'လမ်းမကြီးပေါ်သို့ ရောက်သွားရပုံကိုလည်း တွေ့ရှိရပေသည်။

'ရူပနန္ဒာထေရီဝတ္ထု'၌ကား ယင်း မင်းသမီး၏စိတ် အစဉ်၌ အမြဲဖြစ်ပေါ်နေသော 'တဏှာ,မာန,ဒိဋ္ဌိ'တို့ကို ဖယ် ရှားရာ၌ ဗုဒ္ဓမြတ်စွာ၏ ထက်မြက်စူးရှသော သဗ္ဗညုတဉာဏ် တော်မှ ထွက်ပေါ်လာသော ဆွဲဆောင်ချက် ပရိယာယ်တို့မှာ ထိရောက်လှပေသည်။ကာမဂုဏ်၏အပြစ်များကို လက်တွေ့ဖော်

ဆုတ်ရာတွင် ပညာသားပါသော ပြယုဂ်ပင်ဖြစ်သည်ကို တွေ့ရပေသည်။

နိဂုံးအဆုံးအမတော်မှာကား (ခန္ဓာကိုယ်၏ အပြစ်တို့သည် များကုန်၏၊ အိုခြင်းသည်လည်းကောင်း၊ နာခြင်းသည်လည်းကောင်း၊ သေခြင်းသည်လည်းကောင်း၊ မာန်မာနသည်လည်းကောင်း၊ သူတပါး၏ကျေးဇူးကို ချေမှုန်းခြင်းဟူသော စိတ်အစဉ်သည်လည်းကောင်း ဤခန္ဓာကိုယ်အား အမြဲနှိပ်စက်လျက်ရှိ၏)ဟု ဟောတော်မူသည်။

'စက္ခုပါလမထေရ်ဝတ္ထု'ကို ပြန်လည် သုံးသပ်ပါလျှင်၊ စက္ခုပါလမထေရ်၏ဖြစ်စဉ်တွင် ကာမဂုဏ်၌ မပျော်ပိုက်ပဲ၊ မိမိပိုင်ပစ္စည်းဥစ္စာတို့ကို စွန့်၍ ရဟန်းအဖြစ်ကို ခံယူပြီးလျှင် အရဟတ္တဖိုလ်သို့ဆိုက်အောင် ခန္ဓာကိုယ်ကိုရင်း၍ အရယူပုံကို တွေ့ရပေသည်။ အတိတ်၌ပြုခဲ့သောကံသည် နောက်ဆုံးသောဘဝသို့ပင် လိုက်၍ အကျိုးပေးပုံကိုလည်း တွေ့ရှိရပေသည်။

နိဂုံး အဆုံးအမတော် မှာကား (ခန္ဓာငါးပါး၌ 'ဝိညာဏက္ခန္ဓာ'ဟုဆိုအပ်သော မနောစိတ်သည်ရှေ့သွားဖြစ်၏။ ယင်းစိတ်၏ဆွဲဆောင်ရာသို့ ခံမှုအပေါင်းသည် အစဉ်လိုက်၏၊ လှည်းဆွဲသောနွား၏ ခြေရာသို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့ မိမိ၏မကောင်းမှု ကောင်းမှုအကျိုးဆက်သည် အစဉ်လိုက်၏)ဟု ဟောတော်မူသည်။

အထက်ဖော်ပြပါ'ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ မဂ္ဂကထာ၊ ကာမာဒီနဝကထာ' နှင့်စပ်လျဉ်းသော ဝတ္ထုအကြောင်းအရာများ၊ ဝတ္ထုတို့၏ လိုရင်းအချက်အလက်များ

နှင့် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတို့ကို သေချာဂန လေ့လာ စိစစ်ပြီးသည့်နောက်၊ ယင်းဝတ္ထုကြောင်းရာများကို မူတည်၍ (ဗုဒ္ဓမြတ်စွာ၏ အနတ္တမဟာဗျူဟာ)သဘာဝကို စာဖတ် ပရိသတ်တို့၏ ဦးနှောက်တွင် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင် ရှားလာစေရန် နှိုးနှော၍ ပြပါတော့အံ့—

ယင်းဝတ္ထုကြောင်းများကိုသောက်သော် ဗုဒ္ဓမြတ်စွာ သည် 'ဒါနကထာ'ကို အဘယ်ကြောင့် အဓိကထား၍ ဟော ကြားတော်မူပါသနည်း 'ဒါနကထာ'ကို အလေးထား၍ ဟောကြားပြီးသည့်နောက် 'သီလကထာ'ကို ထပ်မံ ဟော ကြားရပါသနည်း၊ 'ဒါနကထာ၊ သီလကထာ'တို့ကို ဟောကြား တော်မူရာ၌ ယင်းကောင်းမှုတို့၏အကျိုးဆက်တွင် 'သဂ္ဂကထာ' ကို အဘယ်ကြောင့် ထပ်မံအမွန်းတင်၍ဟောကြားပါသနည်း၊ ယင်းသို့ 'သဂ္ဂကထာ' ကို ဟောပြီးသည့်နောက် ကာမဂုဏ် တို့၏အပြစ်ကိုပြသော 'ကာမာဒီနဝကထာ'နှင့်ပူးတွဲ၍ အနတ္တ ဆိုက်ရာ ဆိုက်ကြောင်းဖြစ်သော 'မဂ္ဂကထာ'ကို ထပ်လောင်း၍ အဆုံးသတ် ဟောကြားတော်မူပါသနည်း စသော မေးခွန်း များသည် ကျွန်ုပ်စာရေးသူ၏ ဦးနှောက်တွင် ပေါ်ပေါက် လာပါတော့သည်။

မှန်၏၊ ဗုဒ္ဓဝါဒကို တကယ်လိုက်စားလိုသူတို့အဖို့ ယင်းသို့ သော မေးခွန်းမျိုးကို ပွင့်ပွင့်လင်းလင်း ထုတ်ဆောင်ဆိုက်၍၊ သဘာဝကျကျ နှိုးနှောဖြေရှင်းနိုင်သူ ဆရာသမားများသို့ ချဉ်းကပ်အပ်၏၊ ဆရာသမားတို့ကလည်း သမိုင်းပေးတာဝန်အရ

ချဉ်းကပ်လာသူအား ရေလည်အောင် ဆွေးနွေး ဖြေကြား အပ်၏။ သို့မှသာ စစ်မှန်သော ဗုဒ္ဓဝါဒလမ်းစဉ်ကို ကြည်ညို အားထားလာကြပေမည်။

စာရေးသူအနေနှင့် ကြားဖူးခဲ့သည်မှာ အချို့အချို့ သော ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓမြတ်စွာအလိုတော်ရင်းကို မရိပ်မိ ကြပဲ တဦးနှင့်တဦး သဘောမမျှကြပဲ အယူအဆချင်း ကွဲလွဲ၍ ငြင်းကြခုန်ကြလေသည်၊ အချို့က ဗုဒ္ဓမြတ်စွာသည် မည်သည့် ဒေသနာ၌ ဒါနမှုနှင့်ပင် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဟောတော် မူသည်။ ဒါနမှတပါး အခြားပြုစရာအမှုသည် မရှိ၊ ဒါနသည်သာ အရေးပါသည် အရာရောက်သည်ဟုဆိုကြ၏။ အချို့ကမူ ဒါနထက် သီလက မြတ်သည်ဟု ဟောတော်မူသဖြင့် သီလ သာလျှင် အရေးပါသည် အရာရောက်သည်ဟုဆိုကြ၏၊ အချို့ ကမူ ဒါနသီလတို့ထက် သမထက မြတ်သည်ဟု ဟောကြား တော်မူသဖြင့် သမထကသာလျှင် ခရီးရောက်သည်ဟု ဆိုကြ ပြန်သည်။ အချို့လည်း ဒါန, သီလ, သမထ, တို့ထက် ဝိပဿနာ ကသာ အမြတ်ဆုံးဟု ဟောတော်မူသဖြင့် အခြားကိစ္စတို့ကို ပြုလုပ်ရန်မလို၊ ဝိပဿနာတရားအားထုတ်လျှင် အကုန်အစင် ပြီးသည်ဟု ဆိုကြကုန်၏။

ယင်းစကားချပ်များကို သေချာစွာဝေဖန်သုံးသပ်လိုက်ပါ လျှင် မည်သူ့ကိုမျှ မှားသည်မှန်သည်ဟု မဆုံးဖြတ်ဝံ့ပေ၊ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် မိမိတို့မှီသလောက် အသိဉာဏ်ဖြင့် ယုံကြည်သလို ပြောဆိုကြခြင်းကြောင့်ပင်၊ သို့ရာတွင် လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားနေသော လက်ာ

စာသွားကလေးတခုကိုတင်ပြချင်ပါသည်။ ယင်းလင်္ကာစာသွားကလေးမှာ (ဒါနနည်းတော့ မွဲတတ်တယ်, သီလနည်းတော့ သောကကြွယ်, ဘာဝနာနည်းတော့ သံသရာလည်) ဟူ၏။ ယင်းလင်္ကာစာသွားကလေးမှာ ရေးကတ်တတ်ရာရာစပ်ဆိုထားခြင်း မဟုတ်ပေ 'ဒါနတော ဘောဂဝါ, သီလတော သုဂ္ဂတာ, ဘာဝနာတော နိဗ္ဗုတာ' ဟူသော ပါဠိကိုလျော်အောင် ဘာသာပြန်ခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တင်ပြခဲ့သော မေးခွန်းများကို ပြေလည်အောင် ဖြေဆိုနိုင်က ကြေညက်ကြရမည်မှာ အမှန်ပင်၊ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာသည် ဒါနကထာကို အဘယ်ကြောင့် အလေးပေး ဟောကြားတော်မူပါသနည်း ဟူသောအမေးကို ကျွန်ုပ်ဦးနှောက် အလင်းပေါက်သလောက် ဖြေဆိုပါအံ့—

× × ×

အဖြေကားလွယ်ပါ၏၊ ဗုဒ္ဓမြတ်စွာသည် ဒါနကထာကို ဟောချင်၍ ဟောတော်မူရခြင်းမဟုတ်ပေ။ သတ္တဝါတို့၏ စိတ်အစဉ်တွင် အမြဲကိန်းအောင်းနေသော အနုသယကိလေသာတို့ကို ချေမှုန်းရာ၌ ပထမအသုံးပြုရမည့် အကောင်းဆုံးလက်နက်မှာ

ဒါနလက်နက်ဖြစ်သည်ဟု သိမြင်တော်မူခြင်းဖြစ်သဖြင့် လောဘ ရန်သူကို အလောဘလက်နက်ဖြင့်သာ တိုက်ခိုက်ချေမှုန်းခြင်း ဖြစ်သည်၊ လူပြိန်းတို့အဖို့ ဤမျှနှင့် ရှင်းလင်းမည်မဟုတ်ပေ၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်အောက်မှ ထွက်ပေါ်လာသော လိမ်မာပါးနပ်လှသော (အနတ္တဗျူဟာ) စစ်ဆင်ရေးကို ဆက်လက်ဖြေရှင်းတင်ပြသွားပါမည်။

လူသားတို့၌ အရင်းခံဦးစီးနေသောစိတ်မှာ လောဘ စိတ်ပင်ဖြစ်သည်၊ ယင်းလောဘစိတ်၏သဘောမှာ ရလေလိုလေ၊ လိုချင်မပြီးသည့် လောဘမီးဖြစ်သည်။ အာဏာမက်သည်၊ပစ္စည်း ဥစ္စာကိုခင်တွယ်သည်၊ သစ္စာဖောက်တတ်ကြသည်၊ ဘနပ်ုးတွင် သိုက်တူးတတ်သော သဘောရှိသည်၊ မိမိလက်တွင်းသို့ရောက် နေသော ဆေးလိပ်တို တတို၊ ခုံဖိနပ်စုတ်တရံကိုမှ စွန့်ပစ်ရန် ခဲယဉ်းလှပေသည်၊ ယင်းသို့မစွန့်လွှတ်နိုင်ခြင်းသည် အမြင်မှား နေခြင်းကြောင့်ဖြစ်သည်။ ယင်းမှားသောအမြင်ကို တိုက်ရိုက် ပြင်ရန်မလွယ်ကူဟု မြင်တော်မူသိတော်မူသော ဗုဒ္ဓမြတ်စွာသည် ဒါနပြုခြင်းကြောင့် မည်သို့မည်ပုံအကျိုးရှိသည်၊ မည်သို့မည်ပုံ ခံစားစံစားရသည်တို့ကို သက်သေသာဓကပြ၍ တိုက်တွန်းတော် မူသောအခါ လောဘဦးစီးထားသော လူသားတို့သည် မိမိတို့ လက်တွင်းသို့ရောက်ရှိနေသည့် ပစ္စည်းဝတ္ထုတို့ကို အနည်းနည်း အဖုံဖုံတို့ဖြင့် စွန့်လွှတ်၍ အကျိုးကိုမျှော်ကိုးပြီး ညောင်ရေ လောင်းကြကုန်၏။ (ဝိသာခါ၊ ကေသာဋ္ဌကပုဏ္ဏား၊ ရေဟိနီ မင်းသမီး၊ လဇာဒေနတ်သမီး) တို့ ကဲ့သို့သော ဒါနရှင်များကို အားကျ၍ မိမိတို့ပိုင်ပစ္စည်းတို့ကို စွန့်လွှတ်ကြကုန်၏၊ စွန့်လွှတ်

သည်နှင့်အမျှ ယင်းပစ္စည်းများအပေါ်၌ စွဲလမ်းတပ်မက်နေသည့် 'တဏှာ, မာန, ဒိဋ္ဌိ' တို့သည် တဖြည်းဖြည်း အားနည်းလာကြကုန်၏။

ယင်းသို့ အားနည်းလာသောအခါ၊ လူသားတို့၌ကိန်းအောင်းနေသော ကိလေသာအနုသယတို့မှာ ခေါင်းပါးလျက် နူးညံ့သောစိတ်အစဉ်တို့သည် တဖြည်းဖြည်းပေါ်၍ လာကြကုန်၏။ နူးညံ့လာသည်နှင့်အမျှ သူတပါးဥစ္စာပစ္စည်းကို မတရားယူချင်တော့ပေ၊ လှည့်ဖြားယောင်း၍ ယူချင်တော့ပေ၊ ခိုးတိုက်လုယက်၍ ယူချင်တော့ပေ၊ မိမိပိုင်ပစ္စည်းများပင်လျှင် ရန်သူအပေါင်းနှင့်ဆက်ဆံသည်ကို နားလည်လာကြကုန်၏။

ဤနေရာ၌ ဒုတိယမေးခွန်းဖြစ်သော ဗုဒ္ဓမြတ်စွာသည် သီလကထာကို အဘယ်ကြောင့် ထပ်မံဟောကြားရပါသနည်း ဟူသော မေးခွန်းကို ဖြေရန်အချိန်ကျရောက်လာပါသည်။ ယင်းသို့ လူသားတို့၏စိတ်သည် ဒါနမှု၌ မွေ့လျော်လာသောအခါ နူးညံ့လာသော စိတ်အစဉ်ကို ပိုမိုနူးညံ့လာစိမ့်သောငှာ၊ သီလ၏ အကျိုးဆက်များကို သက်သေခံဝတ္ထုကြောင်းများကိုအထောက် အကူပြု၍ ဟောတော်မူရပြန်ပါသည်။

လူသားတို့သည် အကောင်းကိုကြိုက်ကြ၏၊ ကောင်းသည် ထက် ကောင်း၏ဟုသိလျှင် လုပ်လိုကြ၏၊ အလိုရှိကြ၏၊ သီလနှင့် ပြည့်စုံခြင်းကြောင့် ရရှိသောအကျိုးဆက်တို့ကို ခံစားချင်ကြ၏။ (ဝက်ပြိတ္တာ ကာဠီဘီလူးမ ကပိလရဟန်း, စုန္ဒဝက်သတ်သမား) တို့ ခံစားရသော အကျိုးဆက်ကိုကြောက်၍၊ သီလနှင့်ပြည့်စုံ ခြင်းသည် ယင်းကဲ့သို့ ဆင်းရဲမှုမှလွတ်၏၊ မကျရောက် ဟူသော

ယုံကြည်ချက်ဖြင့် သူတပါးအပေါ် မလွန်ကျူးမိရလေအောင် ရှောင်တိမ်းတတ်လာကြသဖြင့် စိတ်အစဉ်တို့မှာ နူးညံ့သည်ထက် နူးညံ့၍လာပြန်သည်။

ဤ ဒါနမှု၊ သီလမှုတို့ကို လောဘသားကလည်းကြိုက်၏။ ဒေါသ သားကလည်း နှစ်သက်၏။ လောဘဒေါသတို့ ဦးစီးနေသော စိတ်အစဉ်သည် တပြည်းပြည်း ဒါနမှု၊ သီလမှုတို့ကြောင့် ရရှိမည့်အကျိုးဆက်ကို ယင်းလက်ခံ၍ လောဘ, ဒေါသစိတ်အစဉ်တို့ဖြင့် လိုက်စားကြ၏။ မောဟဦးစီးသားသော လောဘ ဒေါသ လူသားတို့သည် ယင်းအကျိုးဆက်တို့ကြောင့် ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့ကိုမသိကြပဲ၊ ဒါန, သီလမှုတို့ဖြင့် ပျော်ပျော်ရွှင်ရွှင်နှင့် သံသရာခရီးခဲ၌ ရန်းကန်လျက်၊ ဒါနအဟုန် သီလအဟုန်ကုန်သောအခါတို့၌ 'ဗြုန်းခနဲပြည်ဘဝင်းဝင်း ဝက်စားကျင်း တရှုပ်ရှုပ်'ဖြစ်ကြကုန်သည်ကိုလည်း မရိပ်မိကြချေ။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ယင်း မောဟပိတ်ဖုံးထားသော လောကလူသားတို့အား ပိုမိုယဉ်ကျေးသိမ်မွေ့လာစေရန် တဆင့်တက်၍ 'သဂ္ဂကထာ'ကို ဟောရပြန်ပါသည်။ ယခုအချိန်၌ တတိယ မေးခွန်းဖြစ်သော ဗုဒ္ဓမြတ်စွာသည် 'သဂ္ဂကထာ'ကို အဘယ်ကြောင့် ထပ်မံအမွန်းတင်၍ ဟောကြားရပါသနည်း ဟူသော မေးခွန်းကို ဆက်သက်ချင်းဖို့ဖြစ်သာပါသည်။ မှန်၏၊ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာသည်၊ လောကလူသားတို့အား ဒါန, သီလ ကောင်းမှုတို့ကို မမေ့မလျော့စေခြင်းငှာ 'သဂ္ဂကထာ'ကို ထပ်ဆင့်အမွန်းတင်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓ၏လမ်းစဉ်မှာ နတ်ပြည် နတ်ရွာလည်း

ရောက်ဖို့ရန်မဟုတ်၊ ဗြဟ္မာ့ပြည် ဗြဟ္မာ့ရွာရောက်ရေးလည်းမဟုတ်၊ 'အနတ္တ' ပေါက်ကုန်ရန်သာ ဖြစ်သည်။

နတ်ပြည်နတ်ရွာ၊ ဗြဟ္မာ့ပြည် ဗြဟ္မာ့ရွာတို့ကိုအကြောင်းပြု၍ ဟောကြားရာ၌၊ နတ်သက်နှင့် လူ့အသက်အပိုင်း ကွာခြားပုံ၊ ဗြဟ္မာ့အသက် အပိုင်းအခြားနှင့် နတ်အသက်အပိုင်း အခြား ကွာခြားပုံ၊ နတ်စည်းစိမ်နှင့် လူ့စည်းစိမ်ကွာခြားပုံ၊ ဗြဟ္မာ့စည်းစိမ်နှင့် နတ်စည်းစိမ်ကွာခြားပုံ၊ နတ်တို့၏ အချောအဆင်းနှင့် လူတို့၏အချောအဆင်း ကွာခြားပုံ၊ ဗြဟ္မာတို့၏ အချောအဆင်းနှင့် နတ်တို့အချောအဆင်း ကွာခြားပုံတို့ကို နှိုင်းယှဉ် ဟောကြားတော်မူသဖြင့် လောက လူသားတို့သည် တဆင့်ထက်တဆင့် မြင့်ထက်မြင့်လိုကြသည့်အလျောက်၊ မိမိတို့၏ ပင်ကိုယ်စိတ်အစဉ်ကို သတိမထားမိကြပဲ ဒါနမှု သီလမှုတို့၌ အရေးတယူလိုက်စားသာကြသည်ကို တွေ့ရပေသည်။

သို့ရာတွင် ဒါနမှုပြုရာ၌၊ ဗုဒ္ဓအလိုတော်ကျပြုတတ်သူများရှိကြသလို၊ မပြုတတ်သူများလည်း ရှိကြသည်။ အချို့မှာ ဂုဏ်တုဂုဏ်ပြိုင်စိတ်အစဉ်ဖြင့် လှူကြ၏။ အချို့မှာ လောဘ, ဒေါသ စိတ်အစဉ်ယှဉ်၍ ပြုလုပ်တတ်ကြ၏။ အချို့မှာ အကျိုးကို မျှော်ကိုး၍ မိမိလက်ဝယ်ရှိသားသော ဥစ္စာပစ္စည်းတို့ကို မစိစစ်ကြပဲ၊ ရနိုင်သော နည်းလမ်းအမျိုးမျိုးနှင့်သာ ရှာဖွေစုဆောင်းကြပြီးလျှင် ဒါနမှုကိုပြုကြ၏၊ သီသဆိုင်ရာ အင်္ဂါရပ်များ ချို့တဲ့နေကြရကား၊ မဟာကရုဏာတော်ရှင်ဖြစ်သော ဗုဒ္ဓမြတ်စွာသည် 'စင်ကြယ်သောနည်းလမ်းနှင့် ရအပ်သော ပစ္စည်းဥစ္စာကိုလှူခြင်းကြောင့် မည်သို့မည်ပုံ အကျိုးပေးပုံ၊

မစင်ကြယ်သော ဝတ္ထုပစ္စည်းကို လှူခြင်းကြောင့် အကျိုးပေး ပုံတို့ကို ခွဲခြား၍ အားပေးတယူဟောကြားတော်မူရပြန်သည်။ ယင်းကဲ့သို့လောကလူသားတို့၏ စိတ်အစဉ်နှင့် ယှဉ်ဖော်ယှဉ်ဘက် ဖြစ်သော မကောင်းသောစိတ်တို့ကို မသိမသာလှင့်စင်ပပျောက် သွားစေရန် ချမှတ်ထားသော လမ်းစဉ်ကို အတွင်းကျကျ အကဲ ခတ်မိကြပါလျှင် ဗုဒ္ဓဝါဒ၏ သိမ်မွေ့နက်နဲပုံတို့ကို တွေ့ရပေ မည်၊ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကိုလည်း ကြည်ညို၍ဆုံးနိုင် တော့မည်မဟုတ်ပေ။

ယင်းသို့ ဗုဒ္ဓမြတ်စွာသည် ဒါနကြောင်း, သီလကြောင်း များနှင့် နတ်ပြည်နတ်ရွာအကြောင်းများကို ချီးကျူးဖော်ထုတ် နေသည့်အချိန်မှာပင် အခြားတဘက်၌ အိုခြင်း, နာခြင်း, သေခြင်း, ငိုကြွေးရခြင်း၊ ပူဆွေးရခြင်း၊ ကိုယ်ပင်ပန်း၊ စိတ် ပင်ပန်းရခြင်း အကြောင်းရင်းများကိုလည်း တပါတည်း ပေါ် လွင်အောင် ထုတ်ဖော်ရပြန်လေသည်။ သို့ရာတွင် ဒါန, သီလ ဆိုင်ရာ လုပ်ငန်းစဉ်များကိုကား တိုက်တွန်းမြဲတိုက်တွန်းတော်မူ ရလေသည်။ အဘယ်ကြောင့်ဆိုသော် 'မောဟ'ဦးစီးခံနေရသော လောကလူသားတို့သည် အကယ်၍ ငြီးငွေ့စရာ၊ ကြောက်ရွံ့ စရာ အားယုတ်စရာတို့နှင့် ရင်ဆိုင်နေရသောအခါတို့၌ ခံနိုင်ရည် မရှိကြပဲ၊ မျောက်သစ်ကိုင်းလွှတ်လိုက်သည့်ပမာ ကောင်းကျိုးကို ပေးစေသည့် ဒါနမှု, သီလမှုများကိုပင် လက်လွှတ်လိုက်ကြပါက သစ်ကိုင်းကိုလွှတ်လိုက်သော မျောက်ကဲ့သို့ သစ်ပင်မှ အသီး အရွက်တို့ကို မသုံးဆောင်ရပဲ ချောက်ကမ်းပါးသို့ ကျဆင်းရဘိ သကဲ့သို့၊ ကုသိုလ်ကောင်းမှုကင်းမဲ့သော သတ္တဝါတို့၏လားရာ

ဖြစ်သော ချောက်နှင့်တူသော အပါယ်သို့ သက်ဆင်းရမည်ကို မြင်တော်မူသောကြောင့် ဖြစ်သည်။

ယင်း မြင့်မြတ်သောရည်ရွယ်ချက်ကို မသိကြကုန်သော လောကလူသား မှောင်တွင်းသားတို့သည် ကြိုးဆွဲရာသို့လိုက်ပါလျက် အထက်ကဖော်ပြခဲ့သော သဂ္ဂကထာလာ ပတိပူဇကာ၊ နန္ဒိယ စသော ပုဂ္ဂိုလ်တို့ကို အားကျကာ လုပ်သူများကိုလည်း မလုပ်ချင်သူတို့ဘာ အကျိုးပေးရှည်သဖြင့် သံသရာရှည်သော အလုပ်များဟု စွပ်စွဲ ကဲ့ရဲ့ ရှုတ်ချကြကုန်၏။

မှန်၏။ ဗုဒ္ဓဝါဒကိုအပြင်ပန်းကကြည့်လျှင် မြှောက်သည်တလှည့်၊ ချောက်သည်တခါ လောကလူသား မှောင်တွင်းသားတို့အဖို့ မျက်စိသည်စရာပင်ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ မဟာကရုဏာတော်ရှင်ဖြစ်တော်မူသောဗုဒ္ဓမြတ်စွာ၏လမ်းစဉ်မှာ အလွန်ချောမောပြေပြစ် ဖြောင့်မှန်သော လမ်းစစ်လမ်းမှန်ဖြစ်ကြောင်းကို မျက်စိလည်ပျောက်သူ လမ်းမှန်ပေါ်သို့ရောက်သူတို့ ယုံကြည်ကိုးစားနှလုံးပွားသျက်ရှိကြသည်မှာ ယုံမှားဖွယ်မရှိချေ။

ဤနေရာ၌ စတုတ္ထမေးခွန်းဖြစ်သော 'အဘယ်ကြောင့် ကာမဂုဏ်တို့၏ အပြစ်ကိုပြသော 'ကာမာဒီနဝကထာ' နှင့် ပူးတွဲ၍ 'အနတ္တ' ဆိုက်ရာဆိုက်ကြောင်းဖြစ်သော 'မဂ္ဂကထာ'ကို ထပ်လောင်း၍ အဆုံးသတ် ဟောကြားတော်မူပါသနည်း' ဟူသော မေးခွန်းကို သဘာဝကျအောင် ဖြေဖို့ဘာဝန်ကျလာပြန်ပါသည်။

လောကလူသား မှောင်တွင်းသားတို့သည် အဖြစ်မှန်ကို မသိကြ၊ မရိပ်မိကြသဖြင့် ဉာဏ်သာသူတို့၏ပါးစပ်ဖျားတွင် လမ်းဆုံးနေကြလေသည်။ ဗုဒ္ဓမြတ်စွာ၏အဆုံးအမတော်များကို အဖန်ဖန်အထပ်ထပ် ကြားနာမှတ်သားလေ့လာကြရသော်လည်း ဗုဒ္ဓမြတ်စွာ၏ ဆိုလိုရင်း မူဝါဒလမ်းစဉ်ကို မထွင်းဖောက်နိုင်ကြပေ။ မှန်၏၊ အလွန်အတိုင်းမသိ ကြီးကျယ်မြင့်မြတ်လှစွာသော သဗ္ဗညုတဉာဏ်တော်ကို အဘယ်သူသည် လိုက်၍မှီအံ့နည်း၊ သိပ္ပံပညာအရပ်ရပ်နှင့်လည်း မတူ၊ အခြားလောကီပညာများနှင့်လည်း မနှိုင်းယှဉ်သာသော ဗုဒ္ဓမြတ်စွာ၏သဗ္ဗညုတဉာဏ်တော်မျိုးသည် ဗုဒ္ဓကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များပေါ်ထွန်းမှသာ ရအပ်သော ဉာဏ်ရည်ဉာဏ်သွေး ဖြစ်ပေသည်။

ယခုကဲ့သို့ သဗ္ဗညုတဉာဏ်တော်၏ ဂုဏ်ထူးဝိသေသကို အဖန်ဖန်တလဲလဲတင်ပြနေရသည်မှာ အခြားအကြောင်းကြောင့်မဟုတ်။ သတ္တဝါတခု၏ အနုသယကိလေသာကို ချေမှုန်းရာ၌ စစ်အတတ်တွင်ကျွမ်းကျင်တတ်မြောက်၍အောင်ပွဲအသီးသီးတို့ကို ခံယူနိုင်ခဲ့သော စစ်ဗိုလ်ချုပ်ကြီးနှင့်လည်းမတူ၊ ဆေးအတတ်ကို တဘက်ကမ်းခတ်တတ်မြောက်၍ သေသူကိုရှင်အောင် ကုသနိုင်သော ဆေးသမားနှင့်လည်း မယှဉ်သာ၊ လွန်စွာမှ ကျွမ်းကျင်လိမ်မာသော အနုတ္တမဟာဗျူဟာ နည်းပရိယာယ်တို့ကိုအသုံးပြုကာ အရင်းအမြစ်နှင့်တကွ ပတ်သက်နိုင်ခြင်းကြောင့် အနန္တဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူပေသည်ဟု အရိယာသူတော်ကောင်းတို့ လက်ခံထားကြရပေသည်။ လက်ခံထားလောက်

အောင် အထောက်အထားတို့မှာ အောက်ပါ 'မဂ္ဂကထာနှင့် ကာမာဒိနဝကထာ' တို့ကို ရှင်းလင်းရာတွင် အကျုံးဝင်ပြီး ဖြစ်ပါလိမ့်မည်။

'မဂ္ဂကထာ၊ ကာမာဒိနဝကထာ' များနှင့်သက်ဆိုင်ရာ၊ 'ကိသာဂေါတမီ၊ ရူပနန္ဒာ၊ စက္ခုပါလ' ဝတ္ထုများကို ပြန်လည် နှလုံးသွင်းကြည့်ပါလျှင် 'ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ' များတွင် ဖော်ပြခဲ့သော ဝတ္ထုများနှင့် မည်သို့မျှ သဘော သဘာဝချင်းမတူတော့သည်ကို ပေါ်လွင်လာမည်ဟု မျှော်လင့် ပါသည်။

ယင်းသို့ 'အနုသယလောက' ကို ထိုးစစ်ဆင်ရာဝယ် 'ဒါန သီလ' လက်နက်လောက်နှင့် မလုံလောက်နိုင်ပေ။ သို့ရာတွင် 'အနုသယလောက' နယ်ပယ်၌ 'ဒါန၊ သီလ' လက်နက်တို့ဖြင့် ချေမှုန်းတိုက်ခိုက်၍ ထားပြီးဖြစ်သဖြင့် အနုမြူလက်နက်နှင့် တူသော 'သမထ ဘာဝနာ' လက်နက်၊ 'ညူးကလီးယား' လက်နက်နှင့်တူသော 'ဝိပဿနာ ဘာဝနာ' တို့ကို ထပ်ဆင့် ပစ်လွှတ်လိုက်ပါက၊ 'အနုသယလောက' တခုလုံးကို လောင် ကျွမ်းနိုင်မည်ဟု သိတော်မူ မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် အောက်ပါပြယုဂ်များကို အသေးစိတ် ဖော်ထုတ် ဟောကြား တော်မူရလေသည်။

ယင်းပြယုဂ်များမှာကား၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့တည်း။

ခန္ဓာနှင့်စပ်သောစကားများမှာ 'ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ' တို့ဖြစ်၏၊ ရုပ်မှတပါးသောခန္ဓာတို့သည်

စိတ်နှင့်ဆိုင်ရာ နာမ်ခန္ဓာဘို ပေသည်။ ယင်းခန္ဓာငါးပါး၏ အပြစ်ကိုပြလိုတော်မူသော ဗုဒ္ဓမြတ်စွာသည် ဘောလေးဆယ်ကို ဟောတော်မူသည်။

အဘယ်ကဲ့သို့သော အကြောင်းအခြင်းအရာဖြင့် ခန္ဓာကိုယ်ကိုစွဲသမ်းသော အနုသယကိုငြိမ်းစေသနည်းဟူမူ—

(၁) အနိစ္စတော = ဤခန္ဓာငါးပါးသည် မမြဲဟု သုံးသပ်စေ၏။

(၂) ဒုက္ခတော = ဆင်း ရဲ ခြင်း အ တိ သာ ဖြစ်သည်ဟု သုံးသပ်စေ၏။

(၃) ရောဂတော = ဖျားနာခြင်းမှာသော မူလရောဂါ သဘောရှိ၏ ဟု သုံးသပ်စေ၏။

(၄) ဂဏ္ဍတော = အိုင်း အမာ နာကြီးနှင့် တူသော သဘောရှိ၏ဟု သုံးသပ်စေ၏။

(၅) သလ္လတော = မြှားငြောင့် နှင့် တူသော သဘောရှိ၏ဟု သုံးသပ်စေအပ်၏။

(၆) အဃတော = အစီးအပွားမဲ့ကို ဆောင်တတ်သော သဘောရှိ၏ဟု သုံးသပ်စေ၏။

(၇) အာဗာဓတော = အိုခြင်း, နာခြင်း ဟူသော မူလရောဂါမှ တပါးသော ပြင်းပြ သည်း ထန် သော အနာသဘောရှိ၏ ဟု သုံး သပ်စေ၏။

(၈) ပရတော = ပြင်ပ သူစိမ်းနှင့် တူသော သဘောရှိ၏ဟု သုံးသပ် စေ၏။

(၉) ပလောကတော = အိုခြင်း, နာခြင်း, သေခြင်း တို့ဖြင့် ပေါက်ကွဲ ပျက်စီး ခြင်းသို့ ရောက်တတ်သော သဘောရှိ၏ ဟု သုံးသပ် စေ၏။

(၁၀) ဤတိတော = များသော ပျက်စီးခြင်းကို ဆောင်သည်ဖြစ်၍၊ အသစ် အသစ်ဖြစ်သော ခန္ဓာကိုယ် ဖြင့် မကောင်းမှုတို့၏အကျိုး ဆက်ဖြင့် ပျက်စီးစေတတ် သော သဘောရှိ၏ဟု သုံး သပ်စေ၏။

(၁၁) ဥပဒ္ဒဝတော = အထူးထူးအပြားပြား များ စွာသော အကျိုးမဲ့တို့ကို ဆောင်တတ်သည်၏ အဖြစ်

ကြောင့် အလုံးစုံသော၊ မင်းဘေး မင်းဒဏ် စသော ဘေးဒဏ်အပေါင်း၏ တည်ရာ သဘောဖြစ်၏ဟုသုံးသပ်စေ၏။

(၁၂) ဘယဘော = ခပ်သိမ်းသော ဘေးအပေါင်းတို့၏ တည်ရာဌာနကြီး သဘော ဖြစ်သည်ဟု သုံးသပ်စေ၏။

(၁၃) ဥပသဂ္ဂတော = အကျိုးမဲ့ သဘောတရားတို့သည် အစဉ်တစိုက် လိုက်အပ်သည် ဖြစ်၍ ရောဂါစသော အပြစ် ဒေါသတို့နှင့် ကပ်ငြိခြင်း မကင်းသော သဘောရှိသည် ဟု သုံးသပ်စေ၏။

(၁၄) စလတော = ပကိုသဘွေနေရခြင်း,အိုရခြင်း နာရခြင်း, သေရခြင်းနှင့် တကွ လာဘ်ပေါများခြင်း၊ လာဘ်နည်းပါးနည်း၊အခြံအရံ များခြင်း၊ အခြံအရံ နည်းခြင်း၊ ချီးမွမ်းခံရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ချမ်းသာ

ခြင်း၊ ဆင်းရဲခြင်း သဘော တို့ကြောင့် တုန်လှုပ်ချောက် ချားခြင်း သဘော ရှိ၏ဟု သုံးသပ်စေ၏။

(၁၅) ပဘင်္ဂုသဘော = နောက်ဆုံး၌ ပျက်စီးခြင်း သဘောသာရှိ၏ဟု သုံးသပ်စေ၏။

(၁၆) အဓုဝသဘော = မြဲမြံ ခိုင်မြဲခြင်း မရှိသော သဘောသာရှိ၏ဟု သုံးသပ်စေ၏။

(၁၇) အတာဏသဘော = ကျရောက်လာသော ဘေးရန် ကို မစောင့်ရှောက် မကာကွယ်နိုင်သော သဘောရှိ၏ ဟု သုံးသပ်စေ၏။

(၁၈) အလေဏသဘော = ပုန်းခို အားထားစရာ မဟုတ်သော သဘောရှိ၏ဟု သုံး သပ်စေ၏။

(၁၉) အသရဏသဘော = ကိုးကွယ်ဆည်းကပ်ရာမဟုတ် သော သဘောရှိ၏ဟု သုံး သပ်စေ၏။

(၂၀) ရိတ္တသဘော = မြဲသော, တည်တံ့ ခိုင်မြဲ သော, သာယာဖွယ်,ချစ်ခင်

ဖွယ်ကောင်းသော, ငါပိုင် ငါဆိုင် သတ်မှတ်ဖွယ် ကောင်းသော သဘောမှ ဆိတ်သုဉ်းခြင်း သဘောသာ ရှိ၏ဟု သုံးသပ်စေ၏။

(၂၁) တုစ္ဆတော = အချည်းနှီးသဘောသာ ရှိ၏ ဟု သုံးသပ်စေ၏။

(၂၂) သုညတော = အစိုးရခြင်း၊ အလိုသို့လိုက် ခြင်း၊ ပြုပြင်တတ်ခြင်း၊ ခံစား တတ်ခြင်း၊ ငါရှိ၏ ငါ၏ အလိုသို့ လိုက်တတ်ခြင်း သဘော လုံးဝဆိတ်သုဉ်း၏ ဟု သုံးသပ်စေ၏။

(၂၃) အနတ္တတော = အနတ္တမျှသာ "သဘော" က လွဲ၍ ဘာမျှမရှိဟု သုံးသပ် စေ၏။

(၂၄) အာဒီနဝတော = အပြစ် ဒေါသ မကင်းသော သဘောမျှသာဟု သုံးသပ် စေ၏။

(၂၅) ဝိပရိဏာမဓမ္မတော = ဖောက်ပြန်ခြင်း သဘောမျှ သာဟု သုံးသပ်စေ၏။

(၂၆) အသာရကတော = အနှစ်မဟုတ်, အကာသဘော မျှသာဟု သုံးသပ်စေ၏။

(၂၇) အသမူလတော = မကောင်းမှုတို့၏ အကြောင်းရင်းသာဟု သုံးသပ်စေ၏။

(၂၈) ဝဏ္ဏတော = ချစ်ခင်သော အဆွေခင်ပွန်း၏ မျက်နှာကဲ့သို့ ချိုသောမျက်နှာရှိသည် ဖြစ်၍ အကျွမ်းဝင်သူကို သတ်တတ်သော သူသတ်ရန်သူနှင့် တူသော သဘောသာဟု သုံးသပ်စေ၏။

(၂၉) ဝိဘဝတော = အစီးအပွား ကင်းသော သဘောရှိ၏ဟု သုံးသပ်စေ၏။

(၃၀) သာသဝတော - ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ— အာသဝေါ လေးပါးတို့၏ တည်ရာမှီရာ သဘောသာဟု သုံးသပ်စေ၏။

(၃၁) သင်္ခတတော = အကြောင်းအကျိုးဆက်စပ်၍ ပြုပြင်အပ်သော သဘောမျှသာဟု သုံးသပ်စေ၏။

(၃၂) မာရာမိသတော = သေခြင်း မမွေကိုလေသာ မမွေတို့၏ အစာအာဟာရသဖွယ်

သဘောရှိ၏ ဟု သုံးသပ်စေ၏။

| | | | |
|---|---|---|---|
| (၃၃) | ဇာတိဓမ္မတော | = | ဖြစ်ခြင်းသဘောသာ ရှိသော သဘောဟု သုံးသပ်၏။ |
| (၃၄) | ဇရာဓမ္မတော | = | ရင့်ခြင်း၊ဟောင်းခြင်း၊ဆွေးမြေ့ခြင်း သဘောသာရှိသည်ဟု သုံးသပ်စေ၏။ |
| (၃၅) | ဗျာဓိဓမ္မတော | = | နာခြင်းသဘောသာရှိသည်ဟု သုံးသပ်စေ၏။ |
| (၃၆) | မရဏဓမ္မတော | = | သေခြင်း၊ ပျက်စီးခြင်း သဘောသာရှိသည်ဟု သုံးသပ်စေခြင်း။ |
| (၃၇) | သောကဓမ္မတော | = | စိုးရိမ်ပူဆွေးခြင်း သဘောသာ ရှိသည်ဟု သုံးသပ်စေ၏။ |
| (၃၈) | ပရိဒေဝဓမ္မတော | = | ငိုကြွေးခြင်း သဘောသာရှိ၏ဟု သုံးသပ်စေ၏။ |
| (၃၉) | ဥပါယာသဓမ္မတော | = | လွန်စွာပင်ပန်းခြင်းသဘောသာရှိ၏ဟု သုံးသပ်စေ၏။ |
| (၄၀) | သံကိလေသိကဓမ္မတော | = | တဏှာ၊မာန၊ဒိဋ္ဌိတို့၏အာရုံသဘော ကိန်းအောင်းရာဖြစ်၏ဟု သုံးသပ်စေ၏။ |

“အာယတန”နှင့်စပ်သော ဗုဒ္ဓမြတ်စွာ၏စကားတော်များကို ဆက်လက်တင်ပြပါဦးမည်။ ခန္ဓာကိုယ်၌ တပ်ဆင်ထားသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူ၍ အတွင်းအကြည်ပေါက်ခြောက်ခုရှိ၏။ ယင်းခြောက်ခုကိုအတွင်း အာယတနဟု ခေါ်သည်။ ယင်းအကြည် ခြောက်ပေါက်သို့ အမြဲတစေဝင်ထွက်သွားလာနေသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့။ အတွေးအခေါ်တို့ကို ညှို့သည်သဖွယ် အပြင်မှတလှည့်ဝိ လာကြသဖြင့် အပြင် အာယတနဟု ခေါ်သည်။

ယင်းဖော်ပြပါ အာယတန တဆယ့်နှစ်ပါးဟုဆိုအပ်သော မျက်စိနှင့် အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အထိအတွေ့၊ စိတ်နှင့်အတွေးအခေါ်တို့ကိုလည်း “ဘောသေးဆယ်”တို့ဖြင့် သဘောပေါက်အောင် သုံးသပ်စေသည်။

ထို့နောက် “ဓာတ်”နှင့်စပ်သော ဗုဒ္ဓမြတ်စွာ၏ စကားတော်များမှာ ခန္ဓာကိုယ်တခုလုံးသည် ဓာတ်ပေါင်းစုကြီးပင်ဖြစ်၏။ အချင်းဓာတ်ခြောက်ခုရှိ၏။ ယင်းတို့မှာ ပထဝီ–မြေဓာတ် သို့မဟုတ်၊ မာမှုပျော့မှုသဘော၊ “အာပေါ”ရေဓာတ် သို့မဟုတ်၊ ဖွဲ့စည်းမှုသဘော၊ ယိုစီးမှုသဘော “တေဇော”မီးဓာတ် သို့မဟုတ် ပူမှုအေးမှုသဘော၊ “ဝါယော” လေဓာတ်၊ သို့မဟုတ် တွန်းကန်မှုဖောင်းကြွမှု စုဘ်ဘတ်သော သဘော၊ ထို့မှတပါး “အာကာသဓာတ်” ကောင်းကင်သို့ဟာကွက် ဟင်းလင်းကွက် သဘော၊ “ဝိညာဏဓာတ်” သိတတ်သောသဘော စသည်

ဖြင့် ဟောကြားတော်မူပြီးနောက် ယင်းဓာတ်များကိုလည်း "တောလေးဆယ်"တို့ဖြင့် သုံးသပ်စေသည်။

ထို့နောက် "သစ္စာ"ကို ဟောတော်မူရာ၌ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာတို့ကို ပေါ်လွင်ထင်ရှားအောင် ဟောတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏ လက်ဦးပထမဟောတော်မူအပ်သော ဓမ္မစကြာဒေသနာတော်သည် သစ္စာလေးပါး ဒေသနာတော်ပင်ဖြစ်သည်။ ယင်းသစ္စာလေးပါးကို သဘောပေါက်ပါလျှင် ကိစ္စပြီးသည်။ သို့မဟုတ် သံသရာမှ လွတ်မြောက်သည်။ တနည်းအရ အရဟတ္တဖိုလ်သို့ ဆိုက်သည်။ အချုပ်ဆိုရသော် အနုတ္တပေါက်သည်။

ဒုက္ခသစ္စာ"ကို ဗုဒ္ဓမြတ်စွာသည် အဘယ်ကဲ့သို့ရှင်းလင်းဟောကြားပါသနည်းဆိုသော် "ဒုက္ခ"၏ အဓိပ္ပာယ်မှာ ဆင်းရဲခြင်း၊ "သစ္စာ၏အဓိပ္ပာယ်မှာ မှန်၏။ ပူးတွဲ၍ ပြည့်ပြည့်စုံစုံဘာသာပြန်ရပါလျှင်လက်ရှိ ခန္ဓာကိုယ်နှင့်ပတ်သက်သော အရာဝတ္ထုဟူသမျှသည် ဆင်းရဲအစစ်အမှန် ဓမ္မတခုပါတကားဟုသိသယ ကင်းစွာနှင့် လက်ခံနိုင်အောင် သင်တို့၏ခန္ဓာကိုယ်ကိုအဖန်ဖန်အထပ်ထပ်ရှုဟု ဟောတော်မူသည်။

"သမုဒယသစ္စာ"ကို ဗုဒ္ဓမြတ်စွာသည် အဘယ်ကဲ့သို့ရှင်းလင်း ဟောကြားပါသနည်းဆိုသော် "သမုဒယ" ၏ အဓိပ္ပာယ်မှာ တဏှာတကင်ငြိခြင်း၊ "သစ္စာ" ၏ အဓိပ္ပာယ်မှာ မှန်၏။ ပူးတွဲ၍ ပြည့်ပြည့်စုံစုံ ဘာသာပြန်ရပါလျှင် လက်ရှိခန္ဓာကိုယ်နှင့် ပတ်သက်သော အရာဝတ္ထု ဟူသမျှအပေါ်၌ တဏှာတကင်ငြိခြင်းသည် အမှန်ပါတကားဟု သိသယကင်းစွာ

နှင့်လက်ခံနိုင်အောင် သင်တို့၌ကိန်းအောင်းနေသော "သမုဒယ" သဘောကို အဖန်ဖန်ရှုကြလော့ဟု တိုက်တွန်းတော်မူသည်။

"မဂ္ဂသစ္စာ"ကို မည်ကဲ့သို့ ဟောတော်မူပါသနည်း ဆိုသော် "မဂ္ဂ"၏ အဓိပ္ပာယ်မှာ လမ်းစဉ်။ "သစ္စာ"၏ အဓိပ္ပာယ်မှာ မှန်၏။ ပူးတွဲ၍ ပြည့်စုံစွာ အဓိပ္ပာယ်ပြန်ရပါလျှင် "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ"ဟူသော ကျင့်စဉ်သည် မှန်၏ဟု သံသယကင်းစွာနှင့် အဖန်ဖန်သိလော့၊ ပွားလော့ ဆောင်ရွက်လော့ဟု တိုက်တွန်း ဟောကြားတော်မူသည်။

"နိရောဓသစ္စာ"ကို မည်သို့ဟောတော်မူပါသနည်းဆိုသော် "နိရောဓ" အဓိပ္ပာယ်မှာ ကုန်ဆုံးခြင်း၊ ပျောက်ကွယ်ခြင်း၊ ချုပ်ငြိမ်းခြင်း၊ "သစ္စာ၏အဓိပ္ပာယ်မှာ မှန်၏။ ပူးတွဲ၍ အပြည့်အစုံ အဓိပ္ပာယ်ပြန်ရလျှင် ကုန်ဆုံးခြင်း၊ ပျောက်ကွယ်ခြင်း၊ ချုပ်ငြိမ်းခြင်းသည်မှန်၏ဟု သံသယကင်းစွာနှင့်အဖန်ဖန် အထပ်ထပ် အာရုံပြုလော့ဟု တိုက်တွန်း ဟောကြားတော်မူသည်။

"ပဋိစ္စသမုပ္ပာဒ်"ကို မည်ကဲ့သို့ဟောတော်မူပါသနည်း၊ "ပဋိစ္စ"အဓိပ္ပာယ်မှာ အကြောင်းကိုစွဲ၍ "ဥပ္ပာဒ"အဓိပ္ပာယ်မှာအကျိုးဓမ္မသဘောတို့သည် ဖြစ်ကြကုန်၏။ ပူးတွဲ၍အဓိပ္ပာယ် ပြန်ရလျှင် အကြောင်းဓမ္မများကိုအစွဲပြု၍ အကျိုးဓမ္မတို့သည် ပေါ်ပေါက်ရခြင်းကိုပြသော ဒေသနာဖြစ်၏။

ဟောတော်မူပုံကား 'အဝိဇ္ဇာ' သဘာဝဓမ္မကို ဓမ္မဟု မသိခြင်းကြောင့်, တနည်း အမှန်ကိုအမှန်, အမှားကို အမှား, တနည်း အရှိကိုအရှိအတိုင်း မသိမှုကြောင့် လောကလူသားများ မှောင်တွင်းသားတို့သည် 'သင်္ခါရ' ကောင်းမှု မကောင်းမှုတို့ကို ပြုခြင်းငှာ 'ပစ္စယာ' အထောက်အပံ့သည် ဖြစ်၏။

'သင်္ခါရ'ကောင်းမှု မကောင်းမှု ပြုလုပ်ခြင်းအကြောင်းကြောင့် 'ဝိညာဏံ' ဝိညာဏ်ဟူသော ပဋိသန္ဓေ အသက်အကျိုးဓမ္မသည်ဖြစ်၏။ ယင်း'ဝိညာဏ်'အကြောင်း ဓမ္မကြောင့်'နာမရူပံ' နာမ်သဘော ရုပ်သဘောသည် ဖြစ်၏။ 'နာမ်ရုပ်' အကြောင်းဓမ္မကြောင့်'သဠာယတန'ခေါ် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် ဖြစ်ကြကုန်၏။ 'သဠာယတန' ဟူသော အကြောင်းကြောင့် 'ဖဿ' ထိတွေ့ ခံစား ရခြင်း သဘော အကျိုးဓမ္မသည် ဖြစ်၏။ ယင်း 'ဖဿ' ဟူသော ထိတွေ့မှုအကြောင်းကြောင့် 'ဝေဒနာ' ခံစားခြင်း အကျိုး ဓမ္မသည် ဖြစ်၏၊ 'ဝေဒနာ' ဟူသော အကြောင်း အထောက်အပံ့ကြောင့် 'တဏှာ'ဟူသော တပ်မက်ခြင်းအကျိုးဓမ္မသည်ဖြစ်၏။ 'တဏှာ' ဟူသော အကြောင်းအထောက်အပံ့ကြောင့် 'ဥပါဒါန်'ဟူသော စွဲလမ်းခြင်းအကျိုးဓမ္မသည်ဖြစ်၏။'ဥပါဒါန်'ဟူသောအကြောင်း အထောက်အပံ့ကြောင့် 'ဘဝ' ဟူသော ကံအားလျော်စွာ၊ အကျိုးဘဝမျိုးစုံ ကိုရ၏။ 'ဘဝ'ဟူသောအကြောင်း အထောက်အပံ့ကြောင့် 'ဇာတိ'ဟူသော မွေးဖွားပေါက်ဖွားမှု အကျိုးဓမ္မကိုရ၏။ 'ဇာတိ'ဟူသော အကြောင်း အထောက်အပံ့ကြောင့် 'ဇရာ'ဟူသော ရင့်ကျက်ခြင်း ဆွေးမြေ့ခြင်း အကျိုးဓမ္မသည်

ဖြစ်၏။'မရဏ'သေခြင်းအကျိုးဓမ္မကိုရ၏။'သောက'ပူဆွေးခြင်း၊ 'ပရိဒေဝ'ငိုကြွေးရခြင်း၊ 'ဒုက္ခ' ကိုယ်ဆင်းရဲခြင်း၊ 'ဒေါမနဿ' စိတ်ဆင်းရဲခြင်း၊ 'ဥပယာသ'ပင်ပန်းနွမ်းနယ်ခြင်းဟူသော အကျိုး ဓမ္မတို့သည် တစုတဝေးတည်း ဖြစ်ကြကုန်၏။ဟု ဟောတော်မူ၍ ယင်း အကြောင်းအကျိုးဆက် သဘာဝသဘောဓမ္မတို့ကို မြင် အောင် ကြည့်ကြလော့ဟု တိုက်တွန်းတော်မူ၏။

ထိုမှတပါး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အပြန်အား ဖြင့် ဟောတော်မူရာဝယ်'အဝိဇ္ဇာ'သည် 'ဝိဇ္ဇာ'ဖြစ်၍ အမြင်မှန် ရသောကြောင့် 'သင်္ခါရ' တို့သည် ချုပ်၏၊ 'သင်္ခါရ' ချုပ်ခြင်း အကြောင်းကြောင့် 'ဝိညာဏ်' သည်လည်း ချုပ်၏၊ 'ဝိညာဏ်' ချုပ်ခြင်းအကြောင်းကြောင့် 'နာမ်ရုပ်' ချုပ်၏၊ 'နာမ်ရုပ်' ချုပ်ခြင်းအကြောင်းကြောင့်'သဠာယတန'ချုပ်၏၊'သဠာယတန' ချုပ်ခြင်းအကြောင်းကြောင့် 'ဖဿ'ချုပ်၏၊ 'ဖဿ' ချုပ်ခြင်း အကြောင်းကြောင့် 'ဝေဒနာ' ချုပ်၏၊ 'ဝေဒနာ' ချုပ်ခြင်း အကြောင်းကြောင့် 'တဏှာ' ချုပ်၏၊ 'တဏှာ' ချုပ်ရခြင်း အကြောင်းကြောင့် 'ဥပါဒါန်'ချုပ်၏၊ 'ဥပါဒါန်' ချုပ်ရခြင်း အကြောင်းကြောင့်'ဘဝ'ချုပ်၏၊ 'ဘဝ'ချုပ်ရခြင်းအကြောင်း ကြောင့် 'ဇာတိ'ချုပ်၏၊ 'ဇာတိ'ချုပ်ရခြင်းအကြောင်းကြောင့် 'ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ, တို့သည် တစုတပေါင်းတည်း ချုပ်ကုန်၏။

ယင်းကဲ့သို့ 'ခန္ဓာ'နှင့် စပ်သော စကား 'အာယတန'နှင့် စပ်သောစကား, 'ဓာတ်'နှင့်စပ်သော စကား'သစ္စာ'နှင့်စပ်သော စကား, 'ပဋိစ္စသမုပ္ပါဒ်' နှင့် စပ်သော စကားများကို ခွဲခြား၍

ဟောကြားထားသော်လည်း၊ အချုပ်အားဖြင့် 'ခန္ဓာ' သည်သာ လျှင် မူလအရင်းအမြစ် ဖြစ်သည်ကို သိစေတော်မူခြင်း ဖြစ်၏။ 'အာယတန' ဆိုသည်မှာလည်း ဤခန္ဓာကိုယ်ကိုပင် ဆိုသည်။ 'ဓာတ်'ဆိုသည်မှာလည်း ဤခန္ဓာကိုယ်ပင်၊ 'သစ္စာ' ဆိုသည်မှာ လည်း ဤခန္ဓာကိုယ်တွင်သာ သစ္စာထိုက်သော မမှသဘောများ ကိန်းသည်၊ 'ပဋိစ္စသမုပ္ပာဒ်'ဆိုရာ၌လည်း ဤခန္ဓာအစဉ်လည်ပတ် ပုံကို ဆိုလိုတော်မူရင်းဖြစ်သည်။

အထက်ပါ 'မဂ္ဂကထာနှင့် ကာမာဒိနဝကထာ' တို့ကို ပေါင်းစပ်၍ ဟောတော်မူရာ၌ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ် သတ္တဝါတို့အား ဟောတော်မူပါသနည်း ဆိုသော်၊ ဖော်ပြပါ ကိုသာဂေါတမီထေရီနှင့် ရူပနန္ဒာထေရီ၊ စက္ခုပါလမထေရ် တို့လို ပုဂ္ဂိုလ်မျိုးတို့ကို ဟောတော်မူခြင်းဖြစ်သည်။ ယင်း ပုဂ္ဂိုလ်မျိုး တို့သည်ကား ဒါန၊ သီလမှု၌ ပြည့်စုံပြီးဖြစ်ခဲ့သည်၊ ပညာဉာဏ် အလင်းကို ရလုရခင် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သို့ဖြစ်၍ ဓမ္မ အပေါင်းကို အကုန်အစင်သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ပုဂ္ဂိုလ်ကို လိုက်၍ ခွဲစိတ်ဝေဖန် ဟောကြားတော်မူသည်မှာ ထင်ရှားလှပေသည်။။

ယင်းဒေသနာများကို ဝေဖန်သုံးသပ်လိုက်ပါမူ၊ ယင်း ဒေသနာများ၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်နှင့် စပ်သော ဒေသနာတို့သည် လုံးဝမပါတော့သည့်ပြင် ဒါန၊ သီလ စသော ဒေသနာများလည်း မပေါ်လွင်တော့ပေ။ ယခုအခါ၌ ဗုဒ္ဓမြတ်စွာသည် ဒါန၊ သီလ နှင့် ဆိုင်သော စကားတော်များကို

အဘယ်ကြောင့် ဖျောက်ဖျက်၍ ထားဘိသနည်း၊ စဉ်းစားစရာပင်—

အမြင်မှန်မရသူများအတွက် သို့လော သို့လော တွေးတောစရာပင်, ပထမ ကာမာဝစရစင်ပွဲ၌၊ ဒါနလက်နက်၊ သီလလက်နက် အသေးစားများဖြင့် အရှုံးကို ဘုံ မြှောက်ခြင်းဖြစ်၏။ အမှန်တကယ် ယင်းအကျိုးဆက်တို့ကို အစဉ်ဘစိုက် ခံစားစံစားဖို့ မဟုတ်ပေ။ ဗုဒ္ဓမြတ်စွာ အဆက်ဆက်တို့သည်၊ ယင်း 'အနတ္တမဟာဗျူဟာ'ကို အသုံးပြုကာ အဆင့်ဆင့်သော စစ်ပွဲဘိုကိုဆင်နွှဲရာ၌ ဒိဋ္ဌိဓမ္မအားဖြင့် အနတ္တပေါက်သူများရှိသလို၊ မပေါက်ပဲ ကျန်ခဲ့သော ပုဂ္ဂိုလ် သတ္တဝါများလည်းရှိ၏။ သို့ရာတွင် ယင်း ဒါနလက်နက်၊ သီလလက်နက်ဖြင့် သိမ်းသွင်းပြီး ပုဂ္ဂိုလ် သတ္တဝါတို့သည် နောက်နောင် ပေါ်ပေါက်မည်ဖြစ်သော ဗုဒ္ဓမြတ်စွာတို့ မျက်မှောက်၌ 'မဂ္ဂကထာ, ကာမာဒိနဝကထာ'တို့ကို ပင်ဖောက်ခြင်းခံရသည် နှင့် တပြိုင်နက်၊ ရူပနန္ဒာ, ကိသာဂေါတမီ, စက္ခုပါလ မထေရ်များကဲ့သို့ အနတ္တပေါက်ကုန်ကြ၏။

ထင်ရှားအောင်ပြဦးအံ့။ ဝိသာခါ၊ အနာထပိဏ် စသော ပုဂ္ဂိုလ်မျိုးတို့သည် ဂေါတမဗုဒ္ဓ မျက်မှောက်ဘော်ဘွင် ပထမအဆင့် အရိယာ သောတာပန်များ ဖြစ်ကြသော်သည်း ယခုတိုင် နိဗ္ဗာန်မဝင်စံသေးဟုဆိုသည်။ ဒါန၊ သီလနှင့်သာ ပျော်ပိုက်လျက် လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို တလှည့်စီခံစား စံစားနေကြသည်ဟုဆိုသည်။ ကောသလမင်းကြီး ကဲ့သို့သော ပုဂ္ဂိုလ်သည် ဂေါတမဗုဒ္ဓနှင့် အကျွမ်းတဝင်ဖြစ်၍ နေ့စဉ်ဒါနမှု သီလမှုတို့ကို ဆောင်ရွက်ဆောက်တည်လျက် ဗုဒ္ဓမြတ်စွာ၏

''မဂ္ဂဋ္ဌာ၊ ကာမာဒိနဝဋ္ဌာ''များကို နာကြားရသော်လည်း သာသနာ၏အကျိုးကို မခံစားရပေ။ ထိုမှတပါး မဟာဓနသဌေးသားသည် ကုဋေလေးဆယ် ကြွယ်ဝချမ်းသာ၍နေစဉ်နှင့်အမျှ ကျောင်းတော်အနီးမှတိုက်၍ နန်းတော်သို့သွားလေ့ရှိသော်လည်း ဒါနမှုလည်းမပြု၊ သီလမှုကိုလည်း မဆောက်တည်၊ ဗုဒ္ဓ၏အဆုံးအမဘော်ကိုလည်း အရေးမယူပဲ သာသနာ၏အကျိုးကို လုံးဝမခံစားရပေ။

ဤသည်တို့ကိုထောက်၍ ဗုဒ္ဓမြတ်စွာ၏ မဟာကရုဏာတော်သည်မည်မျှပင်ကြီးကျယ်မြင့်မြတ်ပါငြားသော်လည်းယင်းပုဂ္ဂိုလ်တို့၏သန္တာန်၌ လက်ခံနိုင်သောအရည်အချင်းနှင့် မပြည့်စုံသမျှကာလပတ်လုံး ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်ပင်လျှင် လက်လျှော့ရမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် ကာမာဝစရတိုက်ပွဲ၊ ရူပါဝစရတိုက်ပွဲ၊ အရူပါဝစရတိုက်ပွဲ၊ လောကုတ္တရာ တိုက်ပွဲတို့ကို ဆင်နွှဲရာ၌ တကြိမ်တည်းတခါတည်းနှင့် တဆက်တည်း တိုက်ခိုက်တော်မူနိုင်ခြင်းမဟုတ်ပေ။ ကိုယ်တော်တိုင်ပင်လျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ ကြာညောင်းခဲ့ရသည်ဟုဆိုသည်။ သို့ရာတွင် လောကီလူသား မှောင်တွင်းသားတို့၏ အယူအဆမှာ ဖော်ပြပါ ဝတ္ထုသာဓကများကိုကြည့်၍ ဒါန၊ သီလမှုနှင့်ပင် အနတ္တပေါက်နိုင်သည်။ သမထလောက်နှင့်ပင် အနတ္တပေါက်နိုင်သည်။ ဝိပဿနာသက်သက်နှင့်အနတ္တပေါက်နိုင်သည် ဟုယူဆခြင်းသည် မှားလေစွ။ တိကျစွာဆိုရသော် ဒါန၊ သီလ၊ သမထ တို့သည် အနတ္တ ပေါက်ရာပေါက်ကြောင်း မဟုတ်၊

ဝိပဿနာအလုပ်မှသာလျှင် အနတ္တ ပေါက်ရာပေါက်ကြောင်း အလုပ်ဖြစ်သည်ဟုယုံကြည်အပ်၏။ သို့ရာတွင် ဒါန၊ သီလ၊ သမထ အခြေခံကောင်းမှုတို့ကြောင့် လူကောင်း နတ်ကောင်း ဗြဟ္မာ ကောင်းဖြစ်ရသည်။ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်သဖြင့် ယခုကဲ့သို့ အနတ္တသာသနာတော်နှင့် ကြုံတွေ့ရသည် မဟုတ်ပါလား။ စေ့စေ့တွေးက ရေးရေးလောက်တော့ပေါ် လွင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဗုဒ္ဓဝါဒသည် မကောင်းမှုဟူသမျှကို ပယ်၍ ကောင်းမှုဟူသမျှကို သိမ်းကြုံးလုပ်ကိုင် ဆောင်ရွက်စေ သော ဝါဒဖြစ်သည်။ အကြောင်းနှင့် အကျိုးကိုပေါ်လွင်အောင် စုံစမ်း ထောက်လှမ်းပါလေ၊ အကယ်၍ တစုံတယောက်သော ပုဂ္ဂိုလ်သည် ယခုဘဝ၌ပင် အနတ္တပေါက်နိုင်သော အားရှိခဲ့၍ အားရှိသည့်အတိုင်း ဗုဒ္ဓမြတ်စွာ၏ ချမှတ်ထားသော နည်းလမ်း ကို တသွေမတိမ်းကျင့်ကြံအားထုတ်မှုကိုပြုမည်ဆိုပါက ဝိပဿနာ အလုပ်ကိုသာ ပွားများကျင့်ကြံခြင်းဖြင့် အနတ္တပေါက်နိုင်သည်ဟု ယုံကြည်အပ်၏။

ယင်းတင်ပြချက်ကိုခိုင်လုံရန် တင်ပြရပါလျှင်—

*      *      *

## အတ္တဒတ္ထမထေရ် ဝတ္ထု

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်စံယူတော်မူအံ့သောအခါ၊ ဗုဒ္ဓမြတ်စွာက ရဟန်းတို့အား ခေါ်တော်မူ၍— 'ရဟန်းတို့ ငါသည် ဤလမှ နောက်လေးလလွန်သောအခါ ပရိနိဗ္ဗာန်စံယူတော်မူအံ့' ဟု မိန့်တော်မူလတ်သည်ရှိသော်၊ ထိတ်လန့်ခြင်းဖြစ်ကြကုန်သော ခုနစ်ရာသော ပုထုဇဉ်ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ၏ အနီးအပါး၌ စည်းဝေး၍ မည်သို့မည်ပု ဆောင်ရွက်ကြရမည်၊ ဗုဒ္ဓမြတ်စွာ မရှိသည့်နောက် ငါတို့၌ အားကိုးမဲ့ဖြစ်တော့မည်၊ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ပင်လျှင် ဆရာဗုဒ္ဓအား ကြည်ညို အားထား၍ ခြေဆုပ်သက်နယ်ပြု၍ အနီးမှမခွာကြပဲ အမြဲမပြတ် စောင့်ရှောက်ကာ နေကြကုန်၏။

ထိုအချိန်အခါတွင် အတ္တဒတ္ထမထေရ်သည်ကား ဤသို့ ကြံစည်မိလေ၏၊ 'ငါတို့ဆရာဗုဒ္ဓမြတ်စွာသည် လေးလလွန်လျှင် ပရိနိဗ္ဗာန်စံယူတော့အံ့ (နောက်ဆုံးသေခြင်းဖြင့် သေတော့အံ့)၊ ငါ၌ ရာဂမကင်းသေး၊ ရာဂမကင်းသဖြင့်ကာသာဘ်သုံး ငါသည်

ဆင်းရဲ ဝဋ်ဒုက္ခ ဘေးအပေါင်းမှ လွတ်ကင်းတော့မည် မဟုတ်၊ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိတော်မူစဉ်တွင်ပင် ငါသည် ဗုဒ္ဓချမှတ်တော်မူသည့် လမ်းစဉ်အတိုင်း အနတ္တပေါက်၍ အရဟတ္တဖိုလ်ကို အရယူတော့အံ့’ဟု စိတ်ကိုဆုံးဖြတ်ပြီးလျှင် ဗုဒ္ဓမြတ်စွာအနီး၌ စည်းဝေးနေကြကုန်သော ရဟန်းတို့အနီးသို့မသွားပဲသာလျှင် တပါးတည်းကိန်းအောင်းလျက်ဝိပဿနာကိုသာပွားများအားထုတ်လျက်ရှိလေ၏။

ထိုအခါ ရဟန်းတို့သည် အတ္တဒတ္တမထေရ်အား ကဲ့ရဲ့ပြစ်တင်စကား ပြောကြပြီးလျှင်၊ အတ္တဒတ္တမထေရ်အား ဗုဒ္ဓမြတ်စွာ မျက်မှောက်တော်သို့ ခေါ်ဆောင်သွားကြပြီးလျှင် ‘အရှင်ဘုရား၊ ဤအတ္တဒတ္တမထေရ်သည် ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်းကို သိပါလျက်၊ မည်သို့သော တိုင်ပင်နှီးနှောမှုကိုမျှမပြုပဲ၊ တပါးတည်း သီးခြားနေလျက်ရှိပါသည်ဘုရား’ဟု လျှောက်ကြားလေလျှင် ဗုဒ္ဓမြတ်စွာသည် အတ္တဒတ္တမထေရ်အား ‘သင်ရဟန်းသည် အဘယ်ကြောင့်ယခုကဲ့သို့ အလေးမမူ ဂရုမထားပဲ နေဘိသနည်း၊ ငါသည် ဤမှ နောက်လေးလလွန်မြောက်လျှင် ပရိနိဗ္ဗာန်ပြုမည်ကိုမသိသလော၊ မေးတော်မူလျှင် ‘မှန်လှပါဘုရား၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော့မည်ကို သိသဖြင့် ဘုရားတပည့်တော်သည် ဆရာဗုဒ္ဓသက်တော်ထင်ရှားရှိနေစဉ်တွင်ပင်၊ အရဟတ္တဖိုလ်သို့ရောက်စိမ့်သောငှာ အပူဘပြင်းလုံ့လပြုလျက်နေရပါသည် ဘုရား’ဟု လျှောက်လေ၏။

## ပူဇော်စစ် ပူဇော်မှန်

ဗုဒ္ဓမြတ်စွာသည် အတ္တဒတ္တမထေရ်အား ကောင်းချီးပေးတော်မူပြီးလျှင် 'ရဟန်းတို့-အကြင်ရဟန်းသည် ငါ့အား ချစ်မြတ်နိုးသည်၊ ကြည်ညိုသည်၊ အားထားသည်၊ ပူဇော်သည် ဖြစ်အံ့။ ထိုရဟန်းသည် အတ္တဒတ္တမထေရ်ကဲ့သို့ အကြံဖြစ်ရမည်၊ ကျင့်ကြံအားထုတ်၍ အရဟတ္တဖိုလ်ကို အရောက်လုံ့လပြုအပ်၏။ ပန်းနံ့သာတို့ဖြင့် ငါ့အားပူဇော်ကြကုန်သော သူတို့သည် ငါ့အား မှန်သောပူဇော်ခြင်းကို ပြုသည်မဟုတ်ကြကုန်၊ အတ္တဒတ္တမထေရ်ကဲ့သို့ လောကုတ္တရာတရားကိုးပါး လျှော်သောကျင့်ဝတ် ပဋိပတ်လမ်းစဉ်ကို ကျင့်ကြံအားထုတ်သော သူသည်သာလျှင် ငါ့အား ပူဇော်သည်မည်၏၊ ငါ့အား ကြည်ညိုသည်မည်၏၊ ငါ့အား ယုံကြည်အားထားသည် မည်၏' ဟူ၍ ဟောကြားတော်မူလေသည်။

နိဂုံးဒေသနာတွင် 'ရဟန်းတို့၊ သူတပါး၏ များစွာသော အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွားကို တရွေးတခြမ်းမျှ မယုတ်လျော့စေရာ၊ သူတပါး၏အကျိုးစီးပွားသည် မိမိအတွက် မဟုတ်၊ ကိုယ့်အကျိုးစီးပွားသာလျှင် မိမိအတွက်ဖြစ်သဖြင့် အဆုံးစကားဆိုရသော် အကြင်ရဟန်းသည်၊ အကယ်၍ မိမိ အကျိုးအတွက် မြတ်သောနိဗ္ဗာန်ကို အာရုံပြုရန် ကြိုးစား အားထုတ်နေပါက၊ ငါ့အား ပြုအပ်သော ဝတ်ကိုပင် မပြုသင့်ပေ'ဟု ဟောတော်မူ၏။

ယင်း ဝတ္ထုဒေသနာသည် ဗုဒ္ဓဝါဒအစစ်အမှန်ကို ထုတ်ဆောင်သော ဒေသနာဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ယင်း အတ္တဒဏ္ဍမထေရ်၏ဖြစ်ရပ်ကို လေ့လာပါလျှင် ဗုဒ္ဓဝါဒ၏ အမိကဦးတည်ချက်သည် ပေါ်လွင်လျက်ရှိပေသည်။ ဒါနထက် သီလမြတ်သည်၊ သီလထက် သမထဘာဝနာမြတ်သည်၊ သမထဘာဝနာထက် ဝိပဿနာဘာဝနာက မြတ်သည်။ အမြတ်ဆုံးဟူသော စကားချပ်ကိုလည်း လေးလေးနက်နက် ထောက်ခံနေပေသည်။ ဗုဒ္ဓ၏အလိုတော်သည်လည်း ပိုမိုသင်ရှားလာပေသည်။ ဗုဒ္ဓမြတ်စွာသည် ဒါနကထာ, သီလကထာ, သဂ္ဂကထာတို့ကို ဟောလိုသော စိတ်ရည်မှန်းချက်ပြင်းထန်စွာနှင့် ဟောကြားတော်မူခြင်းမဟုတ်ကြောင်းကိုလည်းရှင်းလင်းစေသည်၊ သတ္တဝါတို့၏ စိတ်အစဉ်ကို သိတော်မူမြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ရာ၌ တောဆင်ရိုင်းတို့ကိုကျူးသွင်း၍ ယဉ်ပါးအောင်အကျင့်ပေးဘိသကဲ့သို့၊ မယဉ်ကျေးသော လူယောကျ်ား, လူမိန်းမ, နတ်ယောကျ်ား, နတ်မိန်းမတို့အား တဖြည်းဖြည်း ယဉ်ကျေးလာစေခြင်းအလို့ငှာ သာ ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာဒီနဝကထာ တို့ကို ဟောကြားတော်မူရပေသည်။

## အနတ္တသာသနာ

ဗုဒ္ဓသာသနာတော်သည် အနတ္တ သာသနာတော်ကြီး ဖြစ်သည့်အလျောက် 'အနတ္တ' ပေါက်ဖို့သာလျှင် အရေးကြီးလှပေသည်။ 'အနတ္တ' ပေါက်သည်ဆိုရာ၌လည်း သဘာဝကျကျ နားလည် သဘောပေါက်ရန် အလွန် အရေးကြီးလှပေသည်။ အကယ်၍ နားလည်မှုလွဲချော်ပါက 'အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ' တို့ ဝင်ရောက်၍ အနတ္တသာသနာတော်နှင့် တွေ့ကြုံနိုင်တော့မည် မဟုတ်ပေ။

ဗဟုသုတအလို့ငှာ၊ ဒိဋ္ဌိသုံးမျိုး၏ အဓိပ္ပာယ်တို့ကို ချင်းလင်းတင်ပြပါဦးမည်—

(၁) အဟေတုကဒိဋ္ဌိ — ဆိုသည်မှာ အကြောင်း အကျိုးဟူသောအယူကို ပယ်သည်၊ မည်သည့်အကြောင်း ကြောင့်ကိုပင်ပြုပြု အကျိုးဆက်သည် မရှိဟု ယုံကြည်ခြင်း။

(၂) အကြိယဒိဋ္ဌိ — ဆိုသည်မှာ ကောင်းမှုဟုဆိုအပ်သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုစရာမလို၊ ပြုလျှင်လည်း အကျိုးအပြစ်မရှိ ယုံကြည်ခြင်း။

(၃) နတ္ထိကဒိဋ္ဌိ — ဆိုသည်မှာ ယခုဘဝမှ သေလျှင် နောင်သောအခါ ဘယ်ဘဝမျှမရောက်၊ ဘာမျှမဖြစ်၊ ဘဝါဖြစ်တခါသေပြီး ပြတ်၏ဟုယုံကြည်ခြင်း။

လူပြိန်းတို့အဖို့ ယင်းဒိဋ္ဌိသုံးမျိုးတို့သည် ဗုဒ္ဓမြတ်စွာ၏ အနတ္တဝါဒ နှင့် ဆင်ကောင်း ဆင်ပေါလိမ့်မည်၊ သို့ရာတွင် သဘောချင်းမှာ လွန်စွာမှကွာခြားလှပေသည်။ ပိုမိုထင်ရှား စေရန် ကျေးဇူးရှင် ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး ရေးသားစီရင်အပ်သော ဝိပဿနာဒီပနီစာတမ်းမှ ဂါထာတပုဒ်နှင့် အနက်အဓိပ္ပာယ်လင်္ကာစာပိုဒ်ကို တင်ပြပါဦးမည်။

## ကြောင်ပန်းဆရာတော်ကြီး၏ အနတ္တဂါထာနှင့် လက်ာစာသား

ကမ္မဿကာရကောနတ္ထိ၊ ဝိပါကဿစဝေဒကော။
သုဒ္ဓဓမ္မာ – ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။

အနက်အဓိပ္ပာယ်ကား — ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုလုပ်တတ်သော သတ္တဝါသည် မရှိ၊ ကုသိုလ်အကုသိုလ်ကံ၏အကျိုးကို ခံစားစံစားတတ်သော သတ္တဝါသည်လည်း မရှိ၊

— ပုဂ္ဂိုလ်သတ္တဝါနှင့်မရောမယှက် ဖြစ်ပျက်မှုန်လှ ရုပ်နာမ် သင်္ခါရတို့သည်သာလျှင် ဖြစ်ကုန်၏။

— ဤသို့ဆိုအပ်ပြီးသည့်အတိုင်း မြင်ခြင်းသည် သာလျှင် မဖောက်မပြန် ဝိပဿနာ ဉာဏ်ဖြင့် ဟုတ်မှန်စွာမြင် ခြင်းမည်၏။

## အကျဉ်းချုပ်လက်ာမှတ်စရာကား

ဝိဉာဏ်ပညာ၊ သိရာအမှု မြင်နှစ်ခုတွင်၊
ဝိဉာဏ်မြင်ပုံ၊ နွားမမြုံ့သား၊နွားဝက်အားပြင်၊
နိမ့်မြင့်ဆူကြုံ၊ ငြင်းခုံအလား၊ပုံမခြားတည့်၊
အများသူငါ၊မိစ္ဆာယူလွဲ၊ငရဲကြီးလှ၊ကုသိုလ်ရဟု
ပြုကြရှောင်ကြဉ်၊ ဝိဉာဏ်မြင်တည်း၊
မွှားပင်မွှားဘိ၊ မွှားခေါင်ထိ၏၊
ဉာဏ်သိသဘော၊ ပညာဇောမှာ၊ သတ္တော ကာယ သင်္ခါရမှ၊
လောကဝေါဟာ၊ ပညတ်သာလျက်၊ ဖြစ်နှင့် ပျက်မျှ၊ သဘာဝသာ၊

အဗျာပါရ၊ ကေတ္တာနှင့် နာနတ္တနည်း၊ ဝေ့နည်း
သာ၊ ဓမ္မတာတု၊
ဖြူခါစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည့်၊
မြင်ကြအများ၊ မှန်အမှား....
ခြောက်ပါးဝိဉာဏ်၊ သိထင်မြင်နှင့်၊ သုံးအင်ကမ္မ၊
ပုံသမျှမှာ၊ သမုဒယ, ဒုက္ခသစ္စာ ဖြစ်လေရာ၏၊
ပညာသိမှ ဒွါရသုံးခု၊ ပုံပုံသမျှ၊ မဂ္ဂသစ္စာ
နိရောဓာကျ၊
ဖြစ်လေရသည်၊ သစ္စာအပြား၊ မှန်လေးပါး။

* * *

# နိဂုံး

ဤတွင် အနတ္တသာသနာကို တည်ထောင်ရာဝယ် ဗုဒ္ဓ မြတ်စွာ၏ ပရိယာယ်ကြွယ်လှသော "ဗုဒ္ဓမြတ်စွာ၏ အနတ္တ မဟာဗျူဟာစာတမ်း"ကို နိဂုံးအဆုံးသတ်လိုက်ရပါသတည်း။
(ဓမ္မကို ဓမ္မအတိုင်း မြင်နိုင်ကြစေသော်)

အသျှင်သုဝဏ္ဏသိရိ။

# ဗုဒ္ဓ၏ အနတ္တ မဟာဗျူဟာ

* ဤစာတန်းကို ဘာသာရေး လေ့လာသူတိုင်း ဖတ်သင့်သည်။
* ဗုဒ္ဓ၏ ပရိယာယ်ကြွယ်လှသော စကားတော်များ ပါဝင်သည်။
* ကထာ ငါးမျိုးကို အသုံးပြုကာ "အနတ္တ" ပေါက်သို့ အရောက်ပို့ပေးသော စာတန်းဖြစ်သည်။
* ဗုဒ္ဓဘာသာဝင်တို့ ဘဝင်မကျသော စာပေများကို ဘဝင်ကျအောင် ကြိုးစားတင်ပြထားသည်။
* ဗုဒ္ဓမြတ်စွာသည် စစ်ဆင်ရေးနည်းပရိယာယ်နှင့် ချေချွတ်တော်မူပုံတို့ကို ဝတ္ထုသက်သက်များနှင့် တကွ ရှင်းလင်းတင်ပြထားသည်။
* ဗုဒ္ဓဝါဒီတို့၏ အလွဲသိမ်းပိုက်ချက်တို့ကို မှန်ကန်သော လမ်းစဉ်ပေါ်သို့ အရောက်ပို့ပေးထားသော စာဘန်း ဖြစ်သည်။
* "အနတ္တ" သာသနာသည် "အနတ္တ" ပေါက်သူများ အတွက်သာ ဖြစ်သည်။